ဝိရာဂါနုပဿနာယ၊ ဖြင့်။ ဝ၊ သင်္ခါရတို့၌တပ်ခြင်းကင်းခြင်း အခြင်းအရာအားဖြင့် အဖန်ဖန်ရှုတတ်သောဉာဏ်ဖြင့်။ ရာဂံ၊ ရာဂကို။ ပဟာယ၊ ၍။ ဝ၊ သော။ ဝ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ သို့။ ဂတော၊ ဉာဏဂတိဖြင့် ရောက်တော်မူပြီ။

နိရောဓာနုပဿနာယ၊ ဖြင့်။ ဝ၊ သင်္ခါရတို့၏ချုပ်ခြင်းကိုအဖန်ဖန်ရှုတတ်သောဉာဏ်ဖြင့်။ ဝ၊ သင်္ခါရကို့သည်ချုပ်ကုန်၏ဟူ၍ အဖန်ဖန် ရှုတတ်သောဉာဏ်ဖြင့်။ သမုဒယံ၊ ဖြစ်ကြောင်းဖြစ်သောသမုဒယသစ္စာကို။ ပဟာယ၊ ၍။ ဝ၊ သော်။ ဝ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ သို့။ ဝ၊ ကို။ ဂတော၊ ပြီ။ ဝ၊ ပြီ။

ပဋိနိဿဂ္ဂါနုပဿနာယ၊ ပဋိနိဿဂ္ဂါနုပဿနာဖြင့်။ ဝ၊ တစ်ဖန်စွန့်ခြင်းအခြင်းအရာအားဖြင့် အဖန်ဖန်ရှုတတ်သောဉာဏ်ဖြင့်။ အာဒါနံ၊ နိစ္စ, သုခ, အတ္တဟူ၍ စွဲလန်းခြင်းကို။ ပဟာယ၊ ၍။ ဝ၊ သော်။ ဝ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ သို့။ ဝ၊ ကို။ ဂတော၊ ပြီ။ ဝ၊ ပြီ။

ခယာနုပဿနာယ၊ ဖြင့်။ ဝ၊ သင်္ခါရတို့၏ကုန်ခြင်းကို အဖန်ဖန်ရှုတတ်သောဉာဏ်**ဖြင့်**။ ဃနသညံ၊ ကို။ ဝ၊ သန္တတိ, သမူဟ, ကိစ္စ, အာရုံတို့၏ အစွမ်းအားဖြင့် တစ်လုံးတစ်ခဲတည်းဟူ၍ ဖြစ်သောမိစ္ဆာသညာကို၊ ပဟာယ၊ ၍။ ဝ၊ **သော်**။ ဝ၊ ကြောင့်။ ဥတ္တရိဝိ**သေသံ**၊ ကို။ **ဂတော**၊ သိတော်မူပြီ။

ဝယာနုပဿနာယ၊ သင်္ခါရတို့၏ပျက်**ခြင်း**ကို အဖန်ဖန်ရှု**တ**တ်သော ဉာဏ်ဖြင့်။ အာယူဟနံ၊ အားထုတ်ခြင်းကို။ ဝ၊ အားထုတ်ကြောင်း ဖြစ်သောစေတနာကို၊ ပဟာယ၊ ၍။ ဝ၊ သော်။ ဝ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ သို့။ ဂတော၊ဉာ ဏဂတိဖြင့် ရောက်တော်မူပြီ။

ဝိပရိဏာမာနုပဿနာယ၊ **သင်္ခါရတို့**၏ဖောက်ပြန်ခြင်းကို အဖန်ဖန်ရှုတတ်သော **ဉာဏ်ဖြင့်**။ **ဇ၀သညံ၊ မြဲမြံတည်တံ့** အရှည်ခံ၏ ဟူ၍ဖြစ်သောသညာ

http://www.dhammadownload.com

ကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ သိတော်မူပြီ။

အနိမိတ္တာနုပဿနာယ၊ ဖြင့်။ ဝါ၊ နိစ္စနိမိတ်မှကင်းသော အနိစ္စာနုပဿနာဖြင့်။ နိမိတ္တံ၊ လုံးလုံးလျားလျား ကိုယ်ကောင်နိမိတ် ထင်ရှားရှိ၏ဟူသော အယူကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ သို့။ ဂတော၊ ပြီ။

အပ္ပဏိဟိတာနုပဿနာယ၊ ဖြင့်။ ဝါ၊ တောင့်တခြင်းမရှိသော ဒုက္ခာနုပဿနာဖြင့်။ ပဏိဓိံ၊ ရာဂ, ဒေါသ, မောဟ တည်းဟူသော တောင့်တခြင်းကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ သိတော်မူပြီ။

သုညတာနုပဿနာယ၊ ဖြင့်။ ဝါ၊ သင်္ခါရတို့၏ အတ္တဇီဝမှ ကင်းဆိတ်သည်၏ အဖြစ်ကို အဖန်ဖန် ရှုတတ်သော အနတ္တာနုပဿနာဉာဏ်ဖြင့်။ အဘိနိဝေသံ၊ အတ္တဟူ၍ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ သို့။ ဂတော၊ ပြီ။

အဓိပညာဓမ္မဝိပဿနာယ၊ မြတ်သောပညာဟုဆိုအပ်သော အလုံးစုံသော တရားအပေါင်းကို အနိစ္စ, ဒုက္ခ, အနတ္တဟူ၍ အထူးထူးအပြားပြား ရှုတတ်သော ဉာဏ်ဖြင့်။ သာရာဒါနာဘိနိဝေသံ၊ အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟူ၍ စွဲလမ်းသောအားဖြင့် မှားမှားယွင်းယွင်းနှလုံးသွင်းခြင်းကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ သိတော်မူပြီ။

ယထာဘူတဉာဏဒဿနေန၊ အကြင်အကြင် ဟုတ်မှန်သည့်အတိုင်း နာမ်ရုပ်ကို သိတတ်သော တရုဏဝိပဿနာဉာဏ်ဖြင့်။ သမ္မောဟာဘိနိဝေသံ၊ ပြင်းစွာတွေဝေသောအားဖြင့် အစိုးရသော ပြဟ္မာဗိဿကိုးနတ်၏ ဖန်ဆင်းခြင်းကြောင့် လောကသည်ဖြစ်၏ဟူ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ မူပြီ။

အာဒီနဝါနုပဿနာယ၊ ဖြင့်။ ဝါ၊ သင်္ခါရတို့၏အပြစ်ကို အဖန်ဖန်ရှုတတ်သော ဉာဏ်ဖြင့်။ အာလယာဘိနိဝေသံ၊ သင်္ခါရတို့၏ မှီရာတည်ရာ ခိုကိုးရာရှိ၏ ဟူ၍ မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ သိတော်မူပြီ။

ပဋိသင်္ခါနုပဿနာယ၊ ဖြင့်။ ဝါ၊ တဖန် စူးစမ်းဆင်ခြင်လျက် အဖန်ဖန်ရှုတတ်သောဉာဏ်ဖြင့်။ အပ္ပဋိကာံ၊ စူးစမ်းဆင်ခြင်တတ်သော ဉာဏ်၏ ဆန့်

http://www.dhammadownload.com

ကျင်ဘက် ဖြစ်သော မောဟကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ သိတော်မူပြီ။

ဝိဝဋ္ဋာနုပဿနာဃ၊ ဖြင့်။ ဝါ၊ ဝဋ်၏ကင်းရာဖြစ်သော နိဗ္ဗာန်ကို အာရုံပြု၍ အဖန်ဖန်ရှုတတ်သော ဂေါတြဘူဉာဏ်ဖြင့်။ သံယောဂါဘိနိဝေသံ၊ သခ်ၤါရတို့၏ ယှဉ်သောအားဖြင့် မှားမှားယွင်းယွင်း နှလုံးသွင်းခြင်းကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ ပြီ။

သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ ဒိဋ္ဌေကဋ္ဌေ၊ တကွဖြစ်သည်၏ အဖြစ်, ပယ်အပ်သည်၏အဖြစ်, ဒိဋ္ဌိနှင့်တကွ တစ်ခုတည်းသော စိတ္တုပ္ပါဒ်, တစ်ယောက်တည်းသော ပုဂ္ဂိုလ်၌တည်ကုန်သော။ ကိလေသေ၊ ကိလေသာတို့ကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို ဂတော၊ မူပြီ။

သကဒါဂါမိမဂ္ဂေန၊ ဖြင့်။ သြဠာရိကေ၊ ရုန့်ရင်းကြမ်းတမ်းကုန်သော။ ကိလေသေ၊ တို့ကို။ ပဟာယ၊ ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ ပြီ။

အနာဂါမိမဂ္ဂေန၊ ဖြင့်။ အဏုသဟဂတေ၊ သိမ်မွေ့သည်ဖြစ်၍ ဖြစ်ကုန်သော။ ဝါ၊ သိမ်မွေ့သည်၏အဖြစ်နှင့်တကွဖြစ်ကုန်သော။ ကိလေသေ၊ တို့ကို။ သမုဂ္ဃါဋေ့တာ၊ အကြွင်းမဲ့ခွာ၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ ကို။ ဂတော၊ ပြီ။

အရဟတ္တမဂ္ဂေန၊ ဖြင့်။ သဗ္ဗကိလေသေ၊ အလုံးစုံသော ကိလေသာတို့ကို။ သမုစ္ဆိန္နဋ္ဌာ၊ အကြွင်းမဲ့ပယ်ဖြတ်၍။ ဝါ၊ သော်။ ဝါ၊ ကြောင့်။ ဥတ္တရိဝိသေသံ၊ အထက်ဖြစ်သောတရားထူးသို့။ ဝါ၊ အထက်ဖြစ်သောတရားထူးကို။ ဂတော၊ ဉာဏဂတိဖြင့် ရောက်တော်မူပြီ။ ဝါ၊ သိတော်မူပြီ။

ဝေဝိ၊ ဤသို့လည်း။ တထာ၊ တူ။ ဂတော၊ ရောက်တော်မူပြီ။ ဝါ၊ သိတော်မူပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ မည်တော်မူ၏။

ကဆံ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ ဘတလက္ခဏံ၊ မဖောက်မပြန် ဟုတ်မှန်သော လက္ခဏာသို့။ အာဂတော၊ ဉာဏဂတိဖြင့် ရောက်တော်မူပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ တထာဂတမည်တော်မူသနည်း။

ပထဝီဓာတုယာ၊ ပထဝီဓာတ်၏။ ကက္ခဠလက္ခဏံ၊ ကြမ်းတမ်းသည်၏ အဖြစ်ဟူသော လက္ခဏာသည်။ ဝါ၊ ကြမ်းတမ်းသည်၏အဖြစ်ဟူသော မှတ်ကြောင်း ဖြစ်သော သဘောသည်။ ဝါ၊ ကြမ်းတမ်းသည်၏ အဖြစ်ဟူ၍

http://www.dhammadownload.com

မှတ်အပ်သော သဘောသည်။ တထံ၊မဖောက်ပြန် ဟုတ်မှန်ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

အာပေါဓာတုယာ၊ အာပေါဓာတ်၏။ ပဋ္ဌဝီဇာလက္ခဏံ၊ ယိုစီးခြင်း ဟူသော လက္ခဏာသည်။ ဝါ၊ယိုစီးခြင်းဟူသောမှတ်ကြောင်းဖြစ်သောသဘောသည်။ ဝါ၊ ယိုစီးခြင်းဟူ၍ မှတ်အပ်သော သဘောသည်။ တထံ၊ မဖောက်မပြန် ဟုတ်မှန်ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

တေဇောဓာတုယာ၊ ၏။ ဥဏှတ္တလက္ခဏံ၊ ပူသည်၏ အပြစ် ဟူသော လက္ခဏာသည်။ (အောက်ကနည်း မှီး၍ပေး) တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝါယောဓာတုယာ၊ ၏။ ဝိတ္ထမ္ဘနလက္ခဏံ၊ ဖူးဖူးရောင်သည်၏ အဖြစ် ဟူသော လက္ခဏာသည်။ ဝါ၊ ထောက်ကန့်တတ်သည်၏ အဖြစ် ဟူသော လက္ခဏာသည်။ တထံ၊ ၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

အာကာသဓာတုယာ၊ ၏။ အသမ္ဖုဋ္ဌလက္ခဏံ၊ လေးပါးသော မဟာဘုတ်တို့သည် မတွေ့ထိအပ်သည်၏ အဖြစ်ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝိညာဏဓာတုယာ၊ ၏။ ဝိဇာနနလက္ခဏံ၊ သညာ, ပညာတို့မှ ထူးသော အားဖြင့် သိခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

ရူပဿ၊ ရူပက္ခန္ဓာ၏။ ရုပ္ပနလက္ခဏံ၊ ဝိရောဓိပစ္စည်းတို့၏ ပေါင်းဆုံ စည်းဝေးခြင်းကြောင့် ဖောက်ပြန်ခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝေဒနာယ၊ ဝေဒနက္ခန္ဓာ၏။ ဝေဒယိတလက္ခဏံ၊ အာရုံကို ခံစားခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သညာယ၊ သညက္ခန္ဓာ၏။ သဉ္ဉာနနလက္ခဏံ၊ အာရုံကို အမှတ်အသားပြု၍ သိခြင်းဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သင်္ခါရာနံ၊ သင်္ခါရက္ခန္ဓာတို့၏။ အဘိသင်္ခရဏလက္ခဏံ၊ ပြုပြင်စီရင်ခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝိညာဏဿ၊ ဝိညာဏက္ခန္ဓာ၏။ ဝိဇာနနလက္ခဏံ၊ သညာ, ပညာတို့မှ ထူးသောအားဖြင့် သိခြင်းဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

ဝိတက်ကဿ၊ ဝိတက်၏။ အဘိနိရောပနလက္ခဏံ၊ သမ္ပယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

http://www.dhammadownload.com

ဝိစာရသဿ၊ ၏။ အနုမဇ္ဇနလက္ခဏ၊ အာရုံကို သုံးသပ်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ပီတိယာ၊ ၏။ ဖရဏလက္ခဏ၊ ဖြန့်ခြင်းဟူသောလက္ခဏာသည်။ ဝါ၊ ပျံနှံ့စေခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

သုခဿ၊ ၏။ သာတလက္ခဏ၊ သမ္ပယုတ်တရား တဲ့သမျှ ပုဂ္ဂိုလ်ကို သာယာစေတတ်သည်၏အဖြစ်ဟူသော လက္ခဏာသည်၊ တထံ၊ ခဲ့၏။ အဝိတထံ၊ခဲ့၊

စိတ္တေကဂ္ဂတာယ၊ ၏။ အဝိက္ခေပလက္ခဏ၊ မပျံ့လွင့်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဖဿဿ၊ ၏။ ဖုသနလက္ခဏ၊ အာရုံကိုတွေ့ထိခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သဒ္ဓိန္ဒြိယဿ၊ သဒ္ဓိန္ဒြေ၏။ အဓိမောက္ခလက္ခဏ၊ သက်ဝင်ဆုံးဖြတ် ယုံကြည်ခြင်းဟူသော လက္ခဏာသည်၊ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝီရိယိန္ဒြိယဿ၊ ၏။ ပဂ္ဂဟလက္ခဏ၊ သမ္မယုတ်တရားတို့ကို ချီးမြှောက်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သတ်ိန္ဒြိယဿ၊ ၏။ ဥပဋ္ဌာနလက္ခဏ၊ အာရုံသို့ကပ်၍တည်ခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမာဓိန္ဒြိယဿ၊ ၏။ အဝိက္ခေပလက္ခဏ၊ မပျံ့လွင့်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ပညိန္ဒြိယဿ၊ ၏။ ပဇာနနလက္ခဏ၊ အပြားအားဖြင့် သိခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သဒ္ဓါဗလဿ၊ သဒ္ဓါဇိုလ်၏။ အဿဒ္ဓိယေ၊ မယုံကြည်သည်၏အဖြစ်ဟူသော အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့်။ အကမ္မိယလက္ခဏ၊ မတုန်လှုပ်သည်၏အဖြစ်ဟူသော လက္ခဏာသည်၊ တထံ၊ မဖောက်မပြန် ဟုတ်မှန်ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

ဝီရိယဗလဿ၊ ၏။ ကောသဇ္ဇေ၊ စက်ဆုပ်အပ်စွာ ဆုတ်နစ်သောပုဂ္ဂိုလ်၏အဖြစ်ဟူသော အကုသိုလ် စိတ္တုပ္ပါဒ်ကြောင့်။ ဝါ၊ ပျင်းရိသည်၏အဖြစ်ဟူသော အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့်၊ အကမ္မိယလက္ခဏ၊ သည်။ တထံ၊ ခဲ့၏။

သတိဗလဿ၊ ၏။ မုဋ္ဌဿစ္စေ၊ ပျောက်ပျက်သော သတိရှိသော ပုဂ္ဂိုလ်၏အဖြစ်ဟူသော အကုသိုလ်စိတ္တုပ္ပါဒ်ကြောင့်။ အကမ္မိယလက္ခဏ၊သည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

http://www.dhammadownload.com

သမာဓိဗလသာ၊ ၏။ ဥဒ္ဓစ္စေ၊ ပျံ့လွင့်သည်၏အဖြစ်ကြောင့်။ အာကမ္ပိယလက္ခဏ၊ သည်း တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့၊

ပညာဗလသာ၊ ၏။ အဝိဇ္ဇာယ၊ ကြောင့်။ ဝါ၊ ဝိဇ္ဇာ၏ ဆန့်ကျင်ဘက်ဖြစ်သော မောဟကြောင့်၊ အာကမ္ပိယလက္ခဏ၊ သည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ခဲ့။

သတိသမ္မောဇ္ဈင်္ဂသာ၊ သတိသမ္မောဇ္ဈင်၏။ ဥပဋ္ဌာနလက္ခဏ၊အာရုံသို့ကပ်၍ တည်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဓမ္မဝိစယသမ္မောဇ္ဈင်္ဂသာ၊ ၏။ ပဝိစယလက္ခဏ၊ လေးပါးသောသစ္စာတို့ကို စူးစမ်းခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝီရိယသမ္မောဇ္ဈင်္ဂသာ၊ ၏။ ပဂ္ဂဟလက္ခဏ၊ သမ္မယုတ်တရားတို့ကိုချီးမြှောက်ခြင်းဟူသော လက္ခဏာသည်၊ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ပီတိသမ္မောဇ္ဈင်္ဂသာ၊ ၏။ ဖရဏလက္ခဏ၊ ဖြန့်ခြင်းဟူသော လက္ခဏာသည်။ ဝါ၊ ပျံ့နှံ့စေခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ပဿဒ္ဓိသမ္မောဇ္ဈင်္ဂသာ၊ ၏။ ဥပသမလက္ခဏ၊ ကိလေသာ တည်းဟူသော အပူတို့မှ ငြိမ်းအေးခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

သမာဓိသမ္မောဇ္ဈင်္ဂသာ၊ ၏။ အဝိက္ခေပလက္ခဏ၊ မပျံ့လွင့်ခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဥပေက္ခာသမ္မောဇ္ဈင်္ဂသာ၊ ၏။ ပဋိသင်္ခါနုပလက္ခဏ၊ အဓိစိတ္တသုတ်၊ လိနဒ္ဓစ္ဆမ္ဘကင်းရာအခါ၌ ပဂ္ဂဟ နိဂ္ဂဟ သမ္မပဟံသနတို့၌ အားမစိုက်ဘဲ လျစ်လျူရှုခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမ္မာဒိဋ္ဌိယာ၊ သမ္မာဒိဋ္ဌိ၏။ ဒဿနုပလက္ခဏ၊ လေးပါးသော သစ္စာတို့ကို မြင်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

သမ္မာသင်္ကပ္ပသာ၊ ၏။ အဘိနိရောပနလက္ခဏ၊ သမ္မယုတ်တရားတို့ကို အာရုံသို့ ရှေးရှုတင်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမ္မာဝါစာယ၊ ၏။ ပရိဂ္ဂဟလက္ခဏ၊ သမ္မယုတ်တရား သုဏန္တပုဂ္ဂိုလ်ကို သိမ်းပိုက်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမ္မာကမ္မန္တသာ၊ ၏။ သမုဋ္ဌာပနလက္ခဏ၊ ပြုသင့်သောအမှုကို ဖြစ်စေခြင်း မိမိကိုယ်တိုင် ထကြွခြင်းဟူသော လက္ခဏာသည်။ ဝါ၊ သမ္မယုတ်တရားတို့ကို ကောင်းစွာ ထကြွစေခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ခဲ့။

http://www.dhammadownload.com

သမ္မာအာဇီဝဿ၊ ၏။ ဝေါဒါနလက္ခဏံ၊ အသက်ရှင်ဆဲဖြစ်သော သတ္တဝါ, သမ္မယုတ်တရား, အသက်မွေးခြင်း၏ ဖြူစင်ခြင်းဟူသော လက္ခဏာသည်၊ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့၊

သမ္မာဝါယာမဿ၊ ၏။ ပဂ္ဂဟလက္ခဏံ၊ သည်၊ တဲ့၊ ခဲ့၊ အဝိတထံ၊ ခဲ့။

သမ္မာသတိယာ၊ ၏။ ဥပဋ္ဌာနလက္ခဏံ၊ သည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမ္မာသမာဓိဿ၊ ၏။ အဝိက္ခေပလက္ခဏံ၊ သည်။ တဲ့၊ မဖောက်မပြန် ဟုတ်မှန်ခဲ့၏။ အဝိတထံ၊ ခဲ့၊

အဝိဇ္ဇာယ၊ အဝိဇ္ဇာ၏။ အညာဏလက္ခဏံ၊ မသိခြင်းဟူသော လက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့၊

သင်္ခါရာနံ၊ တို့၏။ စေတနာလက္ခဏံ၊ စေ့ဆော်ခြင်းဟူသော လက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝိညာဏဿ၊ ၏။ ဝိဇာနနလက္ခဏံ၊ သည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

နာမဿ၊ ၏။ နမနလက္ခဏံ၊ အာရုံသို့ ညွတ်ခြင်းဟူသောလက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့၊

ရူပဿ၊ ၏။ ရုပ္ပနလက္ခဏံ၊ သည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သဠာယတနဿ၊ ၏။ အာယတနလက္ခဏံ၊ စိတ်, စေတသိက်တို့၏ ဖြစ်ခြင်းဟူသော လက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဖဿဿ၊ ၏။ ဖုသနလက္ခဏံ၊ အာရုံကိုတွေ့ထိခြင်းဟူသောလက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝေဒနာယ၊၏။ ဝေဒယိတလက္ခဏံ၊ အာရုံကိုခံစားခြင်းဟူသောလက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

တဏှာယ၊ ၏။ ဟေတုလက္ခဏံ၊ သမ္မယုတ်တရားတို့၏ ဇနက အကြောင်းဟူသော လက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဥပါဒါနဿ ဥပါဒါန်၏၊ ဂဟဏလက္ခဏံ၊ ယူခြင်း ဟူသော လက္ခဏာသည်။ ဝါ၊ စွဲလမ်းခြင်းဟူသောလက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဘဝဿ၊ ၏။ အာယူဟနလက္ခဏံ၊ အားထုတ်ခြင်းဟူသောလက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဇာတိယာ၊ ၏။ နိဗ္ဗတ္တိလက္ခဏံ၊ ဖြစ်ခြင်းဟူသောလက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဇရာယ၊၏။ ဇရဏလက္ခဏံ၊ ဆွေးမြေ့ယိုယွင်းခြင်းဟူသော လက္ခဏာသည်။ တဲ့၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

http://www.dhammadownload.com

မရဏာသ၊ ၏။ စုတိလက္ခဏံ၊ ဘဝဟောင်းမှ ရွေ့လျောခြင်း ဟူသော လက္ခဏာသည်း တထိ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဓာတုနံ၊ ဓာတ်တို့၏။ သုညတာလက္ခဏံ၊ သတ္တဧဝမှ ကင်းဆိတ်သည်၏ အဖြစ်ဟူသော လက္ခဏာသည်။ တထိ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

အာယတနာနံ၊ အာယတနတို့၏။ အာယတနလက္ခဏံ၊ သည်။ တသံ၊ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

ဣတိပဋ္ဌာနာနံ၊ သတိပဋ္ဌာန်တို့၏။ ဥပဋ္ဌာနလက္ခဏံ၊ သည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမ္မပ္ပဓာနာနံ၊ သမ္မပ္ပဓာန်တို့၏။ပဒဟနလက္ခဏံ၊ အားထုတ်ခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဣဒ္ဓိပါဒါနံ၊ ဣဒ္ဓိပါဒ်တို့၏။ ဣဒ္ဓနလက္ခဏံ၊ ပြည့်စုံခြင်းဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဣန္ဒြိယာနံ၊ တို့၏။ အဓိပတိလက္ခဏံ၊ မိမိနှင့်စပ်သောတရားတို့၏ အကြီးအကဲ၏ အဖြစ်ဟူသော လက္ခဏာသည်။ ဝါ၊ အစိုးရခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဗလာနံ၊ ဗိုလ်တို့၏။ အကမ္ပိယလက္ခဏံ၊ မတုန်လှုပ်သည်၏အဖြစ် ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဗောဇ္ဈင်္ဂါနံ၊တို့၏။ နိယျာနလက္ခဏံ၊သံသရာဝဋ်ဆင်းရဲမှထွက်မြောက်ခြင်း ဟူသော လက္ခဏာသည်း တထံ၊ ခဲ့၏။ အဝိဘထံ၊ ခဲ့။

မဂ္ဂဿ၊ ၏။ ဟေတုလက္ခဏံ၊ နိဗ္ဗာန်၏ သမ္ပာပက အကြောင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သစ္စာနံ၊ တို့၏။ တထလက္ခဏံ၊ မဖောက်မပြန် ဟုတ်မှန်သည်၏ အဖြစ် ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိဘထံ၊ ခဲ့။

သမထဿ၊၏။ အဝိက္ခေပလက္ခဏံ၊ မပျံ့လွင့်ခြင်းဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိဘထံ၊ ခဲ့။

ဝိပဿနာယ၊ ၏။ အနုပဿနာလက္ခဏံ၊ အဖန်ဖန်ရှုခြင်းဟူသောလက္ခဏာသည်း တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမထဝိပဿနာနံ၊ သမထ,ဝိပဿနာတို့၏။ ဧကရသလက္ခဏံ၊ တစ်ခုတည်းသော ကိစ္စရှိသည်၏အဖြစ်ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

http://www.dhammadownload.com

ယုဂနန္ဒာနံ၊ အစုံဖွဲ့အပ်ကုန်သော သမထ,ဝိပဿနာတို့၏။ ဝါ၊အစုံဖွဲ့အပ်ကုန်သော သဒ္ဓါ,ပညာတို့၏။ ဝါ၊ အစုံဖွဲ့အပ်ကုန်သော ဝိရိယ,သမာဓိတို့၏။ အနုတိဝတ္တန လက္ခဏာ၊ အချင်းချင်းကိုမလွန်ခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သီလဝိသုဒ္ဓိယာ၊ ၏။ သံဝရလက္ခဏာ၊ စောင့်ရှောက်ခြင်းဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

စိတ္တဝိသုဒ္ဓိယာ၊ ၏။ အဝိက္ခေပလက္ခဏာ၊ သည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ မချုတ်ယွင်းခဲ့။

ဒိဋ္ဌိဝိသုဒ္ဓိယာ၊ ၏။ ဒဿနလက္ခဏာ၊ နာမ်ရုပ်ကိုမြင်ခြင်းဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ခယေ၊ အာသဝေါတို့ကို ကုန်စေတတ်သောမဂ်၌။ ပဝတ္တာဿ၊ သော။ ဉာဏဿ၊ မဂ်ဉာဏ်၏။ သမုစ္ဆေဒလက္ခဏာ၊ ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

အနုပ္ပါဒေ၊ကိလေသာကိုမဖြစ်စေတတ်သောဖိုလ်၌။ ပဝတ္တာဿ၊ဖြစ်သော။ ဉာဏဿ၊ ဖိုလ်ဉာဏ်၏။ ပဿဒ္ဓိလက္ခဏာ၊ ကိလေသာတည်းဟူသော အပူတို့ကို ငြိမ်းအေးစေခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဆန္ဒဿ၊ ကတ္တုကမျတာ ကုသလစ္ဆန္ဒ၏။ မူလလက္ခဏာ၊ တည်ရာဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

မနသိကာရဿ၊ ၏။ သမုဋ္ဌာပဿလက္ခဏာ၊ သမ္မယုတ်တရားတို့ကို ဖြစ်စေခြင်း ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဖဿဿ၊ ၏။ သမောဓာနလက္ခဏာ၊ ဝိသယ,ဝိသယီတို့၏ ပေါင်းဆုံခြင်းဟူသော လက္ခဏာသည်။ ဝါ၊ သမ္မယုတ်ဘရားတို့ကို ကောင်းစွာ ထားကြောင်းဖြစ်သော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဝေဒနာယ၊ ၏။ သမောသရဏလက္ခဏာ၊ သမ္မယုတ်ဘရားတို့၏ ပေါင်းဆုံစည်းဝေးရာဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သမာဓိဿ၊ ၏။ ပမုခလက္ခဏာ၊ အကြိုးအမှူး၏ အဖြစ်ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

သတိယာ၊ ၏။ **အာဓိပတေယျ**လက္ခဏာ၊ မိမိနှင့်စပ်သောတရားတို့၏အကြိုးအကဲ၏အဖြစ်ဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ပညာယ၊ ၏။ **တတုတ္တရိ**ယလက္ခဏာ၊ ထိုသမ္မယုတ်တရားတို့ထက် လွန်ကဲသည်၏အဖြစ်ဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

http://www.dhammadownload.com

ဝိမုတ္တိယာ၊ ၏။ သာရလက္ခဏ၊ မြတ်သည်၏အဖြစ်ဟူသောလက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

အမတောဂဓဿ၊ အမြိုက်သို့ သက်ဝင်သော။ ဝါ၊ မအိုမသေ အမြဲနေရာသို့ သက်ဝင်သော။ နိဗ္ဗာနသာ၊ ၏။ ပရိယောသာနလက္ခဏ၊ သံသရာဝဋ်ဒုက္ခ၏ ပြီးဆုံးခြင်းဟူသော လက္ခဏာသည်။ တထံ၊ ခဲ့၏။ အဝိတထံ၊ ခဲ့။

ဧဝံ၊ သို့။ တထလက္ခဏ၊ မဖောက်မပြန် ဟုတ်မှန်သောလက္ခဏာသို့။ ဉာဏဂတိယာ၊ ဉာဏဂတိဖြင့်။ ဝါ၊ ဉာဏ်တည်းဟူသောသဘောခြင်းဖြင့်။ ဝါ၊ ဉာဏ်တည်းဟူသောသိခြင်းဖြင့်။ ဝါ၊ သိတတ်သောဉာဏ်ဖြင့်။ အာဂတော၊ ရောက်တော်မူပြီ။ ဝါ၊ သိတော်မူပြီ။ အဝိရဇ္ဈိတ္ထ၊ မချွတ်ယွင်းမူ၍။ ပတ္တော၊ ရောက်ပြီ။ အနုပတ္တော၊ ရောက်ပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ မည်တော်မူ၏။

ဧဝံ၊ သို့။ တထလက္ခဏ၊ သို့။ ဂဟော၊ ရောက်တော်မူပြီ။ ဣတိတသ္မာ၊ ကြောင့်။ တထာဂတော၊ မည်တော်မူ၏။

ကထံ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ တထမေမ္မေ၊ မဖောက်မပြန် ဟုတ်မှန်သော တရားတို့ကို။ ယထာဝဂတော၊ မဖောက်မပြန် ဟုတ်မှန်သောအားဖြင့်။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍သိတော်မူပြီ။ ဣတိတသ္မာ၊ ထို့သို့မဖောက်မပြန် ဟုတ်မှန်သောတရားတို့ကို မဖောက်မပြန် ဟုတ်မှန်သောအားဖြင့် သိတော်မူပြီးသည်၏အဖြစ်ကြောင့်။ တထာဂတော၊ မည်တော်မူသနည်း။

တထမမှနာမ၊ မဖောက်မပြန် ဟုတ်မှန်သောတရားတို့ မည်ကုန်သည်။ စတ္တာရိ၊ ကုန်သော။ အရိယသစ္စာနိ၊ အရိယသစ္စာတို့တည်း။

(တစ်နည်း)။ ။စတ္တာရိ၊ ကုန်သော။ အရိယသစ္စာနိ၊ တို့သည်။ တထမမှာနာမ၊ တထမမှတို့မည်ကုန်၏။ ဝါ၊ မဖောက်မပြန်သော တရားတို့မည်ကုန်၏။

အာစရိယ၊ ဆရာ။ တထမမှာနာမစတ္တာရိအရိယသစ္စာနိတိ၊ ဟူ၍။ ဝါ၊ ဟူသော။ ယံလက္ခဏံ၊ ကို။ အာစရိယေန၊ သည်။ ဝုတ္တံ၊ ပြီ။ တဿလက္ခဏာဿ၊ ၏။ လက္ခဿခ်ိတ်၊ သော။ ယထာကိံ ဝစနံ၊ ကို။ သဒ္ဒေယျဝါစော၊ သော။ ကော၊ သည်။ အာဟ၊ နည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။

ဘဒ္ဒမုခ၊ ဆရာ။ စတ္တာရိမာနိ ဘိက္ခဝေ တထာနိ အဝိတထာနိ အနညထာနိ။ ကတမာနိ စတ္တာရိ။ ဣဒံ ဒုက္ခန္တိ ဘိက္ခဝေ တထမေတံ အဝိတထမေတံ အနညထမေတန္တိ၊ ဟူ၍။ ဝါ၊ ဟူသော။ ဣဒံဝစနံ၊ ကို။ သဒ္ဒေယျဝါစော၊

http://www.dhammadownload.com

သော။ ဘဂဝါ၊ သည်။ မဟာဝဂ္ဂသံယုတ္တော၊ မဟာဝဂ္ဂ–သစ္စသံယုတ်၌၊ အာဟ၊ ပြီ။ ဤတိအယံ၊ ပြီးသည်ကား။ ဝိဿဇ္ဇနာ၊ အဖြေတည်း။

(သာဓကပါဠိ၏အနက်ကား။ ။ဘိက္ခဝေ၊ တို့။ တထာနိ၊ မဖောက်မပြန်ဟုတ်မှန်ကုန်သော။ အဝိတထာနိ၊ မချုတ်ယွင်းကုန်သော။ အနညထာနိ၊ မှန်သော အခြင်းအရာမှတစ်ပါး မမှန်သောအခြင်းအရာအားဖြင့်မဖြစ်ကုန်သော၊ ဝါ၊ မှန်သည်မှတစ်ပါး အမှားဟူ၍မရှိကုန်သော။ ဓမ္မဇာတာနိ၊ တရားတို့သည်။ ဣမာနိ စတ္တာရိ၊ ဤလေးပါးတို့တည်း။

တထာနိ၊ ကုန်သော၊ အဝိတထာနိ၊ ကုန်သော။ အနညထာနိ၊ ကုန်သော။ ဓမ္မဇာတာနိ၊ တို့သည်၊ ကတမာနိ စတ္တာရိ၊ အဘယ်လေးပါးကို့နည်း။ ။ဘိက္ခဝေ၊ တို့။ ဣဒံ၊ ဤလောကီစိတ် ကောသီတိ, လောဘကြဉ်သော စေသိက် ကေပညာသ,ရုပ် အင်္ဂဝိသသည်။ ဒုက္ခံ၊ ဒုက္ခသစ္စာမည်၏။ ဣတိတော်၊ ဤဒုက္ခသစ္စာသည်။ တထံ၊ ခဲ့၏။ တော်၊ တော်၊ ဤဒုက္ခသစ္စာသည်။ အဝိတထံ၊ မချုတ်မယွင်းခဲ့။ တော်၊ ဤဒုက္ခသစ္စာသည်။ အနညထံ၊ မှန်သောအခြင်းအရာမှတစ်ပါး မမှန်သောအခြင်းအရာအားဖြင့် မဖြစ်ခဲ့။ ဝါ၊ မှန်သည်မှတစ်ပါး အမှားဟူ၍မရှိ။ ဣတိ၊ ဤသို့အစရှိသော်။ ဝိတ္ထာရော၊ အကျယ်ကို့၊ ဝေဒိတဗ္ဗော၊ အပ်၏။

(တစ်နည်း)။ ။ဣတိ၊ ဤသို့အစရှိသောသုတ္တန်ကို့၊ ဝိတ္ထာရော၊ ချဲ့အပ်၏။)

စ၊ မပြတ်စပ်လာ....ပိပ်။ ။တာနိ သစ္စာနိ၊ ထိုမှန်ကန်သော လေးပါးသော သစ္စာတို့ကို့။ ဘဂဝါ၊ သည်။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍သိတော်မူပြီ။ တထာနံ၊ကုန်သော။ သစ္စာနံ၊ လေးပါးသောသစ္စာတရားတို့ကို့။ ဘဂဝတော၊ ၏။ တသ္မာ အဘိသမ္ဗုဒ္ဓတ္တာ၊ ထိုသို့ထိုးထွင်း၍ သိတော်မူပြီးသည်၏ အဖြစ်ကြောင့်။ ဘဂဝါ၊ ကို့။ တထာဂတောတိ၊ ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။

အာစရိယ၊ ဆရာ။ သံဝဏ္ဏေတဗ္ဗပဒေ၊ သံဝဏ္ဏေတဗ္ဗပုဒ်၌။ ဂတသဒ္ဒေါ၊ ဂတသဒ္ဒါသည်သာလျှင်။ အတ္ထိနနု၊ ရှိပါသည်မဟုတ်တုံလော။ အဘိသမ္ဗုဒ္ဓသဒ္ဒေါ၊ အဘိသမ္ဗုဒ္ဓသဒ္ဒါသည်။ နတ္ထိနနု၊ တုံလော။ တသ္မာ၊ ထိုသို့သံဝဏ္ဏေတဗ္ဗပုဒ်၌ ဂတသဒ္ဒါသာ ရှိ၍ အဘိသမ္ဗုဒ္ဓသဒ္ဒါ မရှိသည်၏ အဖြစ်ကြောင့်။ တထာနံ ဓမ္မာနံ ဂတတ္တာတိ ဤစွဝ်၊ ဟူ၍သာလျှင်။ ဝတ္တဗ္ဗံ၊ ဆိုအပ့်ဆိုသင့့်ဆိုထိုက်၏။ တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာတိ၊ ဟူ၍၊ နဝတ္တဗ္ဗံ၊ မထိုက်။ အထ၊ ထိုသို့ တထာနံဓမ္မာနံဂတတ္တာဟူ၍သာ ဆိုအပ့်သင့့်ထိုက်၍။ တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာဟူ၍ မဆိုအပ့် သင့့် ထိုက်ပါဘဲလျက်။

http://www.dhammadownload.com

ကသွာ၊ ကြောင့်။ တထာနံ ဓမ္မာနံ ဂတတ္တာတိ၊ ဟူ၍။ အဝတ္ဝာ၊ မူ၍။ တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာတိ၊ ဟူ၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ နည်း။ ဣတိအယံ၊ သည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။

ဘဒြမုခ၊ ဆရာ။ သံဝဏ္ဏေတဗ္ဗပဒေ၊ ၌။ ဂတသဒ္ဒေယေဝ၊ သည်သာလျှင်။ ဝိဇ္ဇမာနေပိ၊ ထင်ရှားရှိပင်ရှိပါသော်လည်း။ ဟိယသ္မာ၊ အကြောင်းကြောင့်။ ဤတေသ္မိံ ပဒေ၊ ဤတထာဂတောဟူသောပုဒ်၌။ နိဝိဋ္ဌော၊ သော။ ဂတသဒ္ဒေါ၊ သည်။ အဘိသမ္ဗုဒ္ဓတ္ထော၊ အဘိသမ္ဗုဒ္ဓအနက်ရှိ၏။ တသ္မာ၊ ထိုသို့ ဂတသဒ္ဒါ၏ အဘိသမ္ဗုဒ္ဓအနက်ရှိသည်၏ အဖြစ်ကြောင့်။ တထာနံ ဓမ္မာနံ ဂတတ္တာတိ၊ ဟူ၍။ အဝတ္ဝာ၊ မူ၍။ တထာနံ ဓမ္မာနံ အဘိသမ္ဗုဒ္ဓတ္တာတိ၊ ဟူ၍။ ဝုတ္တံ၊ ပြီ။ ဣတိအယံ၊ ပြီးသည်ကား။ သောဓနာ၊ ခြင်းတည်း။

အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ အပိစအပရော၊ သစ္စတ္ထနည်းမှတစ်ပါး သော။ နယော၊ ပဋိစ္စသမုပ္ပါဒဂ်ိတ္ထနည်းတည်း။

ဇရာမရဏာဿ၊ ဇရာမရဏ၏။ ဇာတိပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော၊ ဇာတိဟူသော အကြောင်းကြောင့် ကောင်းစွာဖြစ်သည်ဖြစ်၍ တကွအထက်အထက် ၌ လာသည်၏အဖြစ်ဟူသော အနက်သဘောသတ္တိသည်။ ဝါ၊ ဇာတိဟူသော အကြောင်းကြောင့် ကောင်းစွာဖြစ်သည်၏အဖြစ် ဟူသော အနက်သဘောသတ္တိ, တကွအထက်အထက်၌ လာသည်၏အဖြစ်ဟူသော အနက်သဘောသတ္တိသည်။ တထော၊ မဖောက်မပြန် ဟုတ်မှန်၏။ အဝိတထော၊ မဒွိတ်ယှင်း။ အနညထော၊ မှန်သောအခြင်းအရာမှတစ်ပါး မမှန်သောအခြင်းအရာအားဖြင့်မဖြစ်။ ဝါ မှန်သည်မှတစ်ပါး အမှားဟူ၍မရှိ။

ဇာတိယာ၊ ဇာတိ၏။ ဘဝပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော၊ ဘဝ ဟူသော အကြောင်းကြောင့် ကောင်းစွာဖြစ်သည်ဖြစ်၍ တကွအထက်အထက်၌ လာသည်၏အဖြစ် ဟူသော အနက်သဘောသတ္တိသည်။ ဝါ၊ ဘဝ ဟူသော အကြောင်းကြောင့် ကောင်းစွာဖြစ်သည်၏အဖြစ် ဟူသော အနက်သဘောသတ္တိ, တကွအထက်အထက်၌ လာသည်၏အဖြစ် ဟူသော အနက်သဘောသတ္တိသည်။ တထော၊ ခဲ့၏။ အဝိတထော၊ မချွတ်ယွင်း။ အနညထော၊ မရှိ။

ဘဝဿ၊ ၏။ ဥပါဒါနပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

ဥပါဒါနဿ၊ ၏။ တဏှာပစ္စယသမ္ဘူတသမုဒါဂတဋ္ဌော၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

http://www.dhammadownload.com

တဏှာယ၊ ၏။ ဝေဒနာပစ္စယသမ္ဖဿတသမုဒါဂတဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

ဝေဒနာယ၊ ၏။ ဖဿပစ္စယသမ္ဖဿတသမုဒါဂတဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

ဖဿဿ၊ ၏။ သဠာယတနပစ္စယသမ္ဖဿတသမုဒါဂတဋ္ဌေ၊သည်။တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

သဠာယတနဿ၊ ၏။ နာမရူပပစ္စယသမ္ဖဿတသမုဒါဂတဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

နာမရူပဿ၊ ၏။ ဝိညာဏပစ္စယသမ္ဖဿတသမုဒါဂတဋ္ဌေ၊သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

ဝိညာဏဿ၊ ၏။ သင်္ခါရပစ္စယသမ္ဖဿတသမုဒါဂတဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

သင်္ခါရာနံ၊ တို့၏။ အဝိဇ္ဇာပစ္စယသမ္ဖဿတသမုဒါဂတဋ္ဌေ၊ အဝိဇ္ဇာဟူသော အကြောင်းကြောင့် ကောင်းစွာဖြစ်သည်ဖြစ်၍ တကွအထက်အသက်၌ လာသည်၏အဖြစ် ဟူသော အနက်သဘောသတ္တိသည်။ ဝါ၊ အဝိဇ္ဇာ ဟူသော အကြောင်းကြောင့် ကောင်းစွာဖြစ်သည်၏အဖြစ် ဟူသော အနက်သဘောသတ္တိ, တကွအထက်အဆက်၌ လာသည်၏အဖြစ်ဟူသော အနက်သဘောသတ္တိသည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

အဝိဇ္ဇာယ၊ ၏။ သင်္ခါရာနံ၊ သင်္ခါရတို့အား။ ပစ္စယဋ္ဌေ၊ ကျေးဇူးပြုတတ်သည်၏အဖြစ်ဟူသော အနက်သဘောသတ္တိသည်။ တထော၊ခဲ့၏။ အဝိတထော၊ ယွင်း။ အနညထော၊ မရှိ။

သင်္ခါရာနံ၊ တို့၏။ ဝိညာဏဿ၊ အား။ ပစ္စယဋ္ဌေ၊ ကျေးဇူးပြုတတ်သည်၏အဖြစ် ဟူသော အနက်သဘောသတ္တိသည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနညထော၊ မရှိ။

ဝိညာဏဿ၊ ၏။ နာမရူပဿ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနညထော၊ မရှိ။

နာမရူပဿ၊ ၏။ သဠာယတနဿ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနညထော၊ မရှိ။

သဠာယတနဿ၊ ၏။ ဖဿဿ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနညထော၊ မရှိ။

http://www.dhammadownload.com

ဖဿဿ၊ ၏။ ဝေဒနာယ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနုညထော၊ မရှိ။

ဝေဒနာယ၊ ၏။ တဏှာယ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနုညတော၊ မရှိ။

တဏှာယ၊ ၏။ ဥပါဒါနဿ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနုညထော၊ မရှိ။

ဥပါဒါနဿ၊ ၏။ ဘဝဿ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနုညထော၊ မရှိ။

ဘဝဿ၊ ၏။ ဇာတိယာ၊ အား။ ပစ္စယဋ္ဌေ၊ သည်။ တထော၊ ခဲ့၏။ အဝိတထော၊ ခဲ့။ အနုညထော၊ မရှိ။

ဇာတိယာ၊ ၏။ ဇရာမရဏဿ၊ အား။ ပစ္စယဋ္ဌေ၊ ကျေးဇူးပြုတတ်သည်၏အဖြစ် ဟူသော အနက်သဘောသတ္တိသည်။ တထော၊ ခဲ့၏။ အဝိတထော၊ ယွင်း။ အနုညထော၊ မရှိ။ တံ၊ဃဋ္ဌံ၊ ထိုအလုံးစုံသော မဖောက်မပြန်ဟုတ်မှန်သော စာစ်ဆယ့်နှစ်ပါးသော ပဋိစ္စသမုပ္ပါဒ်အင်္ဂါကို။ ဘဂဝါ၊ သည်။ အဘိသမ္ဗုဒ္ဓေါ၊ ပြီ။ တထာနံ၊ ကုန်သော။ ဓမ္မာနံ၊ ပဋိစ္စသမုပ္ပါဒ်တရားတို့ကို။ ဘဂဝတော၊ ၏။ တသ္မာပိ အဘိသမ္ဗုဒ္ဓတ္တာ၊ ပြီးသည်၏အဖြစ်ကြောင့်လည်း။ ဘဂဝါ၊ ကို။ တထာဂတော်တိ ဟူ၍။ ဝုစ္စတိ၊ ၏။

ဝေဒ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ တထဓမ္မေ၊ တို့ကို။ ယထာဝတော၊ အားဖြင့်။ အဘိသမ္ဗုဒ္ဓေါ၊ ပြီ။ ဣတိဘသ္မာ၊ ကြောင့်။ တသာဂတော၊ မည်တော်မူ၏။

ကထံ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ တတဒဿိတာယ၊ မဖောက်မပြန်ဟုတ်မှန်သောအာရုံကို သိမြင်တော်မူတတ်သည်၏ အဖြစ်ကြောင့်။ ဘထာဂတော၊ မည်တော်မူသနည်း။ ဘဂဝါ၊ သည်။ သဒေဝကေ၊ အောက်ကာမာဝစရ နတ်ပြည်ငါးထပ်ရှိ နတ်အစေပါင်းနှင့် တကွဖြစ်သော။ သမာရုကေ၊ မာရ်မင်း၏တည်ရာ ဝသဝတ္တီနတ်ပြည်ရှိ နတ်အစေပါင်းနှင့် တကွဖြစ်သော။ သပြဟ္မကေ၊ နှစ်ဆယ်သော ပြဟ္မာအပေါင်းနှင့် တကွဖြစ်သော။ လောကေ၊ သတ္တလောက၊ သြကာသလောကဋ္ဌ လည်းကောင်း။ သဿမဏ ပြာဟ္မဏိယာ၊ သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော ဂုဟာန်းပုဏ္ဏား၊ ငြိမ်းစေအပ်ပြီးသော မကောင်းမှုရှိသောရဟန်း၊ တားမြစ်ကန့်ကွက် အားထုတ်ချက်ဖြင့်

http://www.dhammadownload.com

ပယ်ဖျက်အပ်ပြီးသော မကောင်းမှုရှိသော ရဟန်းနှင့်တကွဖြစ်သော၊ သဒေဝ မနုဿာယ၊ သမ္မုတိနတ် တည်းဟူသောမင်းနှင့် ကြွင်းသော လူအပေါင်းနှင့် တကွဖြစ်သော။ ပဇာယ၊ သတ္တလောကဌ် လည်းကောင်း။ အပရိမာဏေသု၊ အတိုင်းအရှည်မရှိကုန်သော။ လောကဓာတူသု၊ လောကဓာတ်တို့၌။ အပရိမာဏာနံ၊ ကုန်သော၊ သတ္တာနံ၊ တို့၏။ စက္ခုဒ္ဒါရေ၊ စက္ခုဒ္ဒါရဌ်၌။ အာပါတံ၊ ရှေးရှုကျရောက်ခြင်းသို့၊ အာဂစ္ဆန္တံ၊ ရောက်သော၊ ယံရူပါရမ္မဏံနာမ၊ အကြင်ရူပါရုံမည်သည်။ အတ္ထိ၊ ၏။ တံရူပါရမ္မဏံ၊ ထိုရူပါရုံကို။ သဗ္ဗာကာရတော၊ အလုံးစုံသော အခြင်းအရာအားဖြင့်။ ဇာနာတိ၊ သိတော်မူ၏။ ပဿတိ၊ မြင်တော်မူ၏။ စ၊ မပြတ်စပ်လာ၊ ဝါက္ကတ္ထာကို၊ ဆက်ကာပြပိမ့်။ ဧဝံ၊ သို့။ ဇာနတာ၊ သိတော်မူသော။ ပဿတာ၊ မြင်တော်မူသော။ တေနဘဂဝတာ၊ သည်။ ဣဋ္ဌာနိဋ္ဌာဒိဝသေနဝါ၊ ဣဋ္ဌ အနိဋ္ဌ အစရှိသည်တို့၏ အစွမ်းအားဖြင့်သော်လည်းကောင်း။ ဒိဋ္ဌ သုတ မုတ ဝိညာတေသု၊ ဒိဋ္ဌဟူသောပုဒ် သုတဟူသောပုဒ်၊ မုတဟူသောပုဒ်၊ ဝိညာတဟူသောပုဒ်တို့တွင်။ လဗ္ဘမာနက ပဒဝသေနဝါ၊ ရအပ်၊ ရသင့်၊ ရထိုက်သောပုဒ်၏ အစွမ်းအားဖြင့်သော်လည်းကောင်း။ ကတမန္တံရူပံ ရူပါယတနံ။ပ။ နီလံ ပီတကန္တိ အာဒိနာ၊ ကတမန္တံ ရူပံ ရူပါယတနံ။ပ။နီလံ ပီတကံ ဣတိသို့အစရှိသော။ နယေန၊ ဖြင့်၊ အနေကေဟိ၊ များစွာကုန်သော၊ နာမေဟိ၊ အမည်တို့ဖြင့်၊ တေရသဟိ၊ ကုန်သော။ ဝါရေဟိ၊ ဝါရတို့ဖြင့်။ ဒ္ဒေပညာသာယ၊ ငါးဆယ့်နှစ်ပါးသော။ နယေဟိ၊ နည်းတို့ဖြင့်။ ဝိဘဇ်မာနံ၊ ဝေဖန်တော်မူအပ်သော။ တံရူပါရမ္မဏံ၊ ထိုရူပါရုံသည်။ တထမေဝ၊ မဖောက်မပြန် မှန်ကန်သည်သာလျှင်။ ဟောတိ၊ ၏။ ဝိတထံ၊ ချွတ်ယွင်းဖောက်ပြန် မမှန်ကန်သော။ ရူပါရမ္မဏံ၊ သည်။ နတ္ထိ၊ မရှိ။

(သာဓကပါဠိအနက်။ ။ဥဒ္ဒေသေ၊ ဥဒ္ဒေသဌ်။ ရူပါယတနံ၊ ဥပါယတနမည်သော၊ ယံရူပံ၊ အကြင်ရုပ်ကို။ ဥဒ္ဒိဋ္ဌံ၊ အကျဉ်းညွှန်းပြတော်မူအပ်ပြီ။ ရူပါယတနံ၊ သော။ တံရူပံ၊ ထိုရုပ်သည်။ ကတမံ၊ အဘယ်နည်း။ စတုန္နံ၊ ကုန်သော။ မဟာဘူတာနံ၊ မဟာဘုတ်ကို။ ဥပါဒါယ၊ စွဲ၍။ ပဝတ္တံ၊ ဖြစ်သော။ ယံရူပံ၊ အကြင်ရူပါယတနသည်။ ယာဝဇ္ဈတ္တိကာ၊ အကြင်အရောင်အဆင်းသည်။ ယံသနိဒဿနံ၊ အကြင်မြင်အပ်သည်၏အဖြစ်နှင့်တကွဖြစ်သော ရူပါယတနသည်၊ ယံသပ္ပဋိဃံ၊ အကြင်ထိပါးတတ်သည်၏အဖြစ်နှင့်တကွဖြစ်သော ရူပါယတနသည်။ ယံနီလံ၊ အကြင်ညိုသောအဆင်းရှိသော ရူပါယ

http://www.dhammadownload.com

တနသည်၊ ယံပိတကံ၊ အကြင်ရွှေသော အဆင်းရှိသော ရူပါယတနသည်။ အတ္တိ၊ ၏။

သော်တဒ္ဓါဆုဒီသု၊ သောတဒ္ဓါရအစရှိသည်တို့၌။ အာပါတံ၊ သို့။ အာဂစ္ဆန္တေသု၊ ရောက်ကုန်သော။ သဒ္ဒါဒီသုပိ၊ သဒ္ဒါရုံ အစရှိသည်တို့၌လည်း။ သေနယော၊ ဤဆိုအပ်ပြီးသောနည်းကို၊ ဝေဒိတဗ္ဗော၊ ၏။

(တစ်နည်း)။ ။သေ– သေသော၊ ဤဆိုအပ်ပြီးသော အစီအရင်သည်။ နယော၊ သိကြောင်းဖြစ်သော အစီအရင်တည်း။ ဝါ၊ သိစေတတ်သော အစီအရင်တည်း။ တံဝစနံ၊ သည်၊ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ မှန်၏။

(တစ်နည်း)။ ။ဟိယုတ္တံ၊ ၏။ ကသ္မာ။ ကြောင့်။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ မှန်သနည်း။

(တစ်နည်း)။ ။ဟိယုတ္တံ၊နည်း။ ဟိယသ္မာ၊ကြောင့်၊ ဘဂဝတာ၊ သည်။ ယံဘိက္ခဝေ။ပ။ဥပဋ္ဌာသိတိ၊ ယံဘိက္ခဝေ။ပ။ ဥပဋ္ဌာသိဟူ၍။ ဝါ၊ ဟူသော။ တေံသုတ္တံ၊ ဤပါဠိကို။ ကာလကာရာမသုတ္တေ၊ အင်္ဂုတ္တရနိကာယ် စတုကနိပါတ် ကာလကာရာမသုတ်၌။ ဝုတ္တံ၊ အပ်ပြီ။ တသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ ၏။ ။(တစ်နည်း)။ ။ဟိယုတ္တံ၊ ၏။

(သဒ္ဓေကပါဠိအနက်။ ။ဘိက္ခဝေ၊ တို့။ သဒ္ဒေဝကဿ၊ သော။ သမာရကဿ၊ သော။ သဗြဟ္မကဿ၊ သော။ လောကဿ၊ သတ္တလောက သည်လည်းကောင်း။ သဿမဏဗြာဟ္မဏိယာ၊ သော။ သဒေဝမနုဿာယ၊ သော။ ပဇာယ၊ သတ္တလောကသည်လည်းကောင်း။ ယံဒိဋ္ဌံ၊ အကြင်မြင်အပ်သော ရူပါရုံသည်လည်းကောင်း။ ယံသုတံ၊ အကြင်ကြားအပ်သော သဒ္ဒါရုံသည်လည်းကောင်း။ ယံမုတံ၊ အကြင်ရောက်၍သိအပ်သောဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံသည်လည်းကောင်း။ ယံဝိညာတံ၊ အကြင်သိအပ်သောခြောက်ပါးသောအာရုံသည်လည်းကောင်း။ ယံပတ္တံ၊ အကြင်ရောက်အပ်သော ခြောက်ပါးသော အာရုံသည်လည်းကောင်း။ ယံပရိယေသိတံ၊ အကြင်ရှာမှီးအပ်သော ခြောက်ပါးသော အာရုံသည်လည်းကောင်း။ မနသာ၊ စိတ်ဖြင့်။ ယံအနုဝိစရိတံ၊ အကြင်အဖန်ဖန်စုံစမ်းအပ်သော ခြောက်ပါးသောအာရုံသည်လည်းကောင်း။ အတ္တိ၊ ၏။ တံသုဗ္ဗံ၊ ထိုအလုံးစုံသော ခြောက်ပါးသောအာရုံကို။ အဟံ၊သည်။ ဇာနာမိ၊ သိတော်မူ၏။ တံသုဗ္ဗံ၊ ကို။ အဟံ၊ သည်။ အဘိညာသိံ၊ တူးဆေးသောဉာဏ်ဖြင့် သိတော်မူပြီ။ တံသုဗ္ဗံ၊ ကို။ တထာဂတဿ၊ သည်။ ဝိဒိတံ၊ ထင်

http://www.dhammadownload.com

ထင်ရှားရှားသိတော်မူအပ်ပြီ။ * တံသတ္တံ၊ ထိုအလုံးစုံသောခြောက်ပါးသော အာရုံသို့။ တထာဂတော၊ ငါဘုရားသည်။ နဥပဒ္ဒဝသိ၊ အတ္တ, အတ္တနိယအားဖြင့် ကပ်ရောက်တော်မမူ။

ဧဝံ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ တထဒသိတာယ၊ ကြောင့်။ တထာဂတော၊ တထာဂတမည်တော်မူ၏။ တတ္ထတသ္မိံ အတ္ထဝိကပ္ပေ၊ † တထဒသိတာယ တထာဂတောဟူသော ထိုအတ္ထဝိကပ်၌။ တထဒသီအတ္ထော၊ တထဒသီအနက်၌။ တထာဂတောတိ၊ ဇာထာဂတောဟူ၍။ ပဒသမ္ဗန္ဓဝေါ၊ ပုဒ်၏ဖြစ်သင့်ခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။

ကထံ၊ သို့။ ဝါ၊ ပုံ၊ ဝါ၊ အားဖြင့်။ တထဝါဒိတာယ၊ မဖောက်မပြန်ဟုတ်မှန်သောစကားကိုသာ ဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့်။ တထာဂတော၊ တထာဂတ မည်တော်မူသနည်း။ ။ယံရတ္တိံ၊ အကြည်ညွှန်ပတ်သုံး။ ဝါ၊ အကြည်ညွှန်၌။ ဘဂဝါ၊ သည်။ ဗောဓိမဏ္ဍေ၊ အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်၏ ကြည်လင်ရာဖြစ်သော။ အပရာဇိတပလ္လင်ေ၊ အပရာဇိတပလ္လင်၌။ ဝါ၊ တစ်စုံတစ်ယောက်သောပုဂ္ဂိုလ်ဃည် မအောင်အပ်နိုင်သော

---

* မှတ်ချက်။ ။[တံ တထာဂတော နဥပဒ္ဒဝသိ။ ။ဟူသောပါဠိဝယ်။ တံ တထာဂတံဃာသ ဥပဒ္ဒဝသိ။ ။ဟူ၍ ပါဠိအချို့ရှိကြ၏။ ထိုပါဠိသည် စတုက္ကနိပါတ်–ဥရုဝေလဝဂ် ကောလိကသုတ်– ပါဠိတော်နှင့်လည်းမညီ။ ။တံ တထာဂတော နဥပဒ္ဒဝသိတိ တံ ဆဒ္ဒါရိကံ အာရမ္မဏံဘထာဂတောတဏှာယဝါ ဒိဋ္ဌိယာ ဝါန ဥပဒ္ဒဝသိ နဥပဂဆ္ဆိ။ ဟူသောဂုဏ်းအဋ္ဌကထာ။ ။ နဥပဒ္ဒဝ သီတိအတ္တတ္တနိယဘဝေန နဥပဂစ္ဆိ။ ။ဟူသော သီလကွန်ဋီကာဟောင်း။ ။နဥပဒ္ဒဝသိတိတံ ဆဒ္ဒါရိကမဘာရမ္မဏံဘဏှာယဝါဒိဋ္ဌိယာဝါတထာဂတောအတ္တတ္တနိယဝေန နဥပဒ္ဒဝသိ နဥပဂစ္ဆိ။ ။ဟူသောသီလကွန်ဋီကာသစ်ကိုနှင့်လည်း မတိုက်ဆိုင်မိ။ ။တမတ္တံ စတုဒုဂ်တွေ ကာလကာရာမသုတ္တေန သာဓေန္တော။ ။ဟူသောသီလကွန်ဋီကာသစ်ပါဠိဝယ်။ ။ကောလိကသုတ္တေန သာဓေန္တော။ ။ဟုပါဠိမှန်ဖြစ်ရာ၏။ နောက်မှ။ ။ကာလကာရာမသုတ္တေန။ ။ဟုပြင်ကြကန်ရှိ၏။]

† မှတ်ချက်။ ။[ယထာရူပါရမ္မဏာဒယော ဓမ္မာဃံ သဘာဝါဃံ ပကာရာစ၊ တထာ ထေ ဓမ္မေ တံ သဘာဝေတံ ပကာရေ ဂမတိ ပဿတိ ဇာနာတီတိ တထာဂတော။ ။ဟုပြုခဲ့ရမည်ဟူလို။]

http://www.dhammadownload.com

ပလ္လင်၌။ နိသိန္နော၊ နေတော်မူလျက်။ တိဏ္ဏံ၊ ကုန်သော။ မာရာနံ၊ ကိလေသမာရ်, အဘိသင်္ခါရမာရ်, ဒေဝပုတ္တမာရ်တို့၏၊ မတ္ထကံ၊ အထွဋ်အထိပ်ကို။ မဒ္ဒိတွာ၊ နှိမ်နှင်းဖျက်ဆီးတော်မူ၍။ အနုတ္တရံ၊ မိမိကိုလွန်သော သမ္မောဓိမရှိသော၊ ဝါ၊ မိမိထက်မြတ်သော သမ္မောဓိမရှိသော။ ဝါ၊ အတုမရှိမြတ်သော၊ သမ္မာသမ္ဗောဓိ၊ မဖောက်မပြန် ကိုယ်တိုင်သိတတ်သော အရဟတ္တမဂ်ဉာဏ်, သဗ္ဗညုတဉာဏ်တော်ကို၊ အဘိသမ္ဗုဒ္ဓေါ၊ထိုးထွင်း၍သိတော်မူပြီ၊ စ၊ သည်သာမကသေး။ ယံရတ္တိ၊ ပတ်လုံး၊ ဝါ၊ ၌။ ယမကသာလာနံ၊ အစုံအစုံသော အင်ကြင်းပင်ပျိုတို့၏။ အန္တရော၊အလယ်စပ်ကြား၌၊ အနုပါဒိသေသာယ၊ ကုံ, ကိလေသာတို့သည် အကျိုး၏အဖြစ်ဖြင့် ယူအပ်သော ဝိပါက်ကဋ္ဌတွာရုပ်ဟုဆိုအပ်သောအကြွင်းအကျန်မရှိသော၊နိဗ္ဗာနမဟုတုယာ၊ နိဗ္ဗာနမဟုတ်ဖြင့်၊ ဝါ၊ ငြိမ်းအေးခြင်းသဘောဖြင့်။ ပရိနိဗ္ဗယိ၊ ပရိနိဗ္ဗာန်စံတော်မူပြီ၊

ထွေန္တရော၊သမ္မာသမ္ဗောဓိကို ထိုးထွင်း၍သိတော်မူရာဉာဉ်၌ အနုပါဒိသေသနိဗ္ဗာနမဟုတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူရာဉာဉ်တို့၏ အလယ်စပ်ကြား၌။ ပဉ္စ စတ္တာလီသဝဿပရိမာဏော၊ လေးဆယ့်ငါးဝါ အတိုင်းအရှည် ရှိသော၊ ကာလေ၊ အခါ၌။ *ပဌမဗောဓိယာပိ၊ ပဌမဗောဓိ၌ လည်းကောင်း။ မဇ္ဈိမဗောဓိယာပိ၊ မဇ္ဈိမဗောဓိ၌လည်းကောင်း။ ပစ္ဆိမဗောဓိယာပိ၊ ပစ္ဆိမဗောဓိ၌ လည်းကောင်း။ ဘဂဝတာ၊ သည်။ ဘာသိတံ၊ ဟောတော်မူအပ်သော။ ယံသုတ္တံ၊ အကြင်သုတ်သည်လည်းကောင်း။ ယံဂေယျံ၊ သည်လည်းကောင်း၊ ယံဝေယျာကရဏံ၊ သည်လည်းကောင်း။ ယာဂါထာ၊ သည်လည်းကောင်း။ ယံဥဒါနံ၊ သည်လည်းကောင်း။ ယံဣတိဝုတ္တကံ၊ သည်လည်းကောင်း။ ယံဇာတကံ၊ သည်လည်းကောင်း။ ယံအဗ္ဘုတဓမ္မံ၊ သည်လည်းကောင်း။ ယံဝေဒလ္လံ၊ အကြင်ဝေဒလ္လသည် လည်းကောင်း။ အတ္ထိ၊ ၏။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ကိုးပါးသောအင်္ဂါသည်။ အတ္ထတောစ၊ အနက်အားဖြင့်လည်း

---

* မှတ်ချက်။ ။ [ဘဂဝတောဟိ ပဌမဗောဓိယံ ဝိသတိဝဿာဇ္ဈာန္တရေ နိဗ္ဗဒျုပဒ္ဒဝကောနာမ နတ္ထိ။ ။ဟူသော ဝေရဉ္ဇကဏ္ဍ ပဌမ ပါရာဇိကဏ် အဋ္ဌကထာ။ ။တာသုပန ဝိသတိဝဿ ပဋိစ္ဆိန္နာ ပဌမဗောဓိ။ ။ဟူသော-ဝိနည်းဂဏ္ဌိပုဒ်များကိုမှီ၍ ပဌမဝါနှစ်ဆယ်အတွင်းသည် ပဌမဗောဓိ။ အလယ် တဆယ့်နှစ်ဝါအတွင်းသည် မဇ္ဈိမဗောဓိ။ နောက်ဆုံး တဆယ့်သုံးဝါသည် ပစ္ဆိမ ဗောဓိ မည်၏ဟု

http://www.dhammadownload.com

ကောင်း။ ဗျဉ်ဥနတောစ၊ သဒ္ဒါအားဖြင့်လည်းကောင်း။ အနဝဇ္ဇံ၊ အပြစ် ဓရှိသည်။ အနုပဝဇ္ဇံ၊ မကဲ့ရဲ့မစုပ်စဲ့အပ်သည်။ အနူနံ၊ ထည့်လောင်းဖြည့်စွက်အပ်သော အနက်အဓိပ္ပာယ် မရှိခြင်းကြောင့် မယုတ်လျော့သည်၊ အနဓိကံ၊ စွန့်ပယ်အပ်သောအနက်အဓိပ္ပာယ်မရှိခြင်းကြောင့် မပိုလွန်သည်။ သဒ္ဒာကာရပရိပုဏ္ဏံ၊ အလုံးစုံသော အခြင်းအရာတို့ဖြင့် ပြည့်သည်။ ရာဂမဒနိမ္မဒနံ၊ ရာဂတည်းဟူသောမာန်ယစ်ခြင်းကိုနှိမ်နင်းတတ်သည်။ ဒေါသမဒနိမ္မဒနံ၊ ဒေါသတည်းဟူသော မာန်ယစ်ခြင်းကို နှိမ်နင်းတတ်သည်။မောဟမဒနိမ္မဒနံ၊မောဟတည်းဟူသော မာန်ယစ်ခြင်းကို နှိမ်နင်းတတ်သည်။ဟောတိ၊ ၏။

တတ္ထတသ္မိံ သဗ္ဗေ၊ ထိုအလုံးစုံသော ကိုးပါးသောအင်္ဂါ၌။ ဝါလဂ္ဂမတ္တမ္ပိ၊ သားမြီးဖျားမျှ အတိုင်းအရှည်လည်း။ အဝက္ခလိတံ၊ ချွတ်ယွင်းခြင်းသည်။ ဝါ၊ ချွတ်ယွင်းသော စကားတော်သည်။ နတ္ထိ၊မရှိ။ တံသဗ္ဗံ၊ ထိုအလုံးစုံသော ကိုးပါးသောအင်္ဂါသည်။ ဧကမုဒ္ဒိကာယ၊ တစ်ခုတည်းသောမင်း၏ တံဆိပ်ဖြင့်။ လဉ္ဆိတံဝိယစ၊ ခတ်အပ်သကဲ့သို့လည်းကောင်း။ ဧကာဠ္ဍိယာ၊ တစ်ခုသော ကွမ်းစားဖြင့်။ ဝါ၊ တခုသောစလယ်ဖြင့်။ ဝါ၊ တခုသောပြည်ခွက်ဖြင့်။ မိဂံဝိယစ၊ ခြင်အပ်သကဲ့သို့လည်းကောင်း။ ကေတုလာယ၊ တခုသော ချိန်ဖြင့်။ တုလိတံဝိယစ၊ ချိန်အပ်သကဲ့သို့လည်းကောင်း။ တထမေဝ၊ မဖောက်မပြန် မှန်ကန်သည်သာလျှင်။ အဝိတထံဧဝ၊. မခွဲတ်မယွင်း မဖောက်မပြန်သည်သာလျှင်။ အနညထံဧဝ၊ သည်သာလျှင်။ ဟောတိ၊ ၏။ တေန၊ ထို့ကြောင့်။ ယဉ္ဆုနဒ္ဓရတ္တိံ ။ပ။တသ္မာတထာဂတောတ်ဝုစ္စတိဝုစ္စဘီတိ၊ ယဉ္ဆုနဒ္ဓရတ္တိံ ။ပ။တသ္မာ တထာဂတောတိဝုစ္စတိ-ဟူ၍ ။ ဝါ၊ ဟူသော။ ဧတံသုတ္တံ၊ ဤပါဠိတော်ကို။ ဘဂဝါ၊ သည်။ အာဟ၊ ဟောတော်မူပြီ။

ပြောဆိုရှိုးပြုကြ၏။သဂါထာဝဂ္ဂ မာရသံယုတ်၌ကား၌ ပဌမ တဆယ့်ငါးဝါသည် ပဌမဗောဓိ။ အလယ်တဆယ့်ငါးဝါသည် မဇ္ဈိမဗောဓိ။ နောက်ဆုံး တဆယ့်ငါးဝါသည် ပစ္ဆိမဗောဓိမည်၏ဟုဆို၏။ တဆယ့်ငါးဝါ အတိုင်းအရှည်ရှိသော ပဌမဗောဓိ၏ ဝါနှစ်ဆယ်တို့၌သာ အဝတ္ဆင်းကျလေသောကြောင့်။ ။ပဌမဗောဓိယံ ဝိသတိဝဿဘ္ဘန္တရဟု အဋ္ဌကထာ၌ဆိုအပ်၏ဟု ကျမ်းညှိပုံကိုသိလက္ခန်ဋီကာသစ်၌ဆို၏။ ဤနည်းအလို အဋ္ဌကထာ ဝါဒနှင့် ဋီကာဝါဒသည် ဘူမျှကြ၏။ တဆယ့်ငါးဝါ သုံးတိက်ရှိသောကြောင့် လေးဆယ့်ငါးဝါလည်း ပြည့်သည်ချည်းသာ။]

http://www.dhammadownload.com

(သာဓကပါဠိအနက်။ ။စုန္ဒ၊ စုန္ဒ။ ယဉ္စရတ္တိ ံ၊ အကြင်ညဉ်ပတ်လုံးလည်း။ တထာဂတော၊ သည်။ အနုတ္တရံ၊ သော၊ သမ္မာသမ္ဗောဓိ ံ၊ ကို။အဘိသမ္ဗုဇ္ဈတိ၊ ၏။ ယဉ္စရတ္တိ ံ၊ ပတ်လုံးလည်း။ အနုပါဒိသေသာယ၊ သော။ နိဗ္ဗာနဓာတုယာ၊ ဖြင့်။ ပရိနိဗ္ဗာယတိ၊ တော်မူ၏။ တေသ္မိ အန္တရေ၊ ဤသမ္မာသမ္ဗောဓိကို ထိုးထွင်း၍သိတော်မူရာညဉ်၌ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်စံတော်မူရာညဉ်တို့၏အလယ်စပ်ကြား၌။ယံဝစနံ၊အကြင်စကားကို။ ဘာသတိ၊ ဟောတော်မူ၏။လပတိ၊ဆိုတော်မူ၏။ နိဒ္ဒိသတိ၊ ညွှန်ပြတော်မူ၏။ သဗ္ဗံ၊ သော။ တံဝစနံ၊ထိုစကားသည်။တထေဝ၊ထိုဟောတော်မူသည့်အတိုင်း မှန်ကန်သည်သာလျှင်။ ဟောတိ၊၏။ အညထာ၊ဟောအပ်သောအခြင်းအရာမှ တပါးသောအခြင်းအရာအား ဖြင့်။ နောဟောတိ၊ မဖြစ်။ တသ္မာ၊ ကြောင့်။ တထာဂတောတိ၊ တထာဂတဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။)

တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ ၏။

(တစ်နည်း)။ ။ဟိယုတ္တံ၊ ၏။ ကသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ နည်း။ ။(တစ်နည်း)။ ။ဟိယုတ္တံ၊ နည်း။ ဟိယသ္မာ၊ ကြောင့်။ ထွေတော့်ပဒေ၊ တထာဂတော ဟူသော ဤပုဒ်၌။ နိဝိဋ္ဌော၊ သော။ ဂတသဒ္ဒေါ၊ သည်။ ဂဒတ္ထော၊ ဆိုခြင်း အနက်ရှိသည်။ ဟောတိ၊၏။ တသ္မာ၊ ကြောင့်။ တံဝစနံ၊ သည်။ဣမိနာဝစနေန၊ ဖြင့်။ ဟိသစ္စံ၊ မှန်၏။ ။(တစ်နည်း)။ ။ဟိယုတ္တံ၊၏။ ဧဝံ၊သို့။ ဝါ၊ ပုံ။ ဝါ၊အား ဖြင့်။ *တထာဂေါဒိတာယ၊ ကြောင့်။ တထာဂတော၊ မည်တော်၌မူ၏။

အပိစ အပရော၊ ဆိုအပ်ပြီးသော တထာဂတသဒ္ဒါ၏ ကိဘန္တရပ္ပဝိသ်သမာသ်နည်းမှ တစ်ပါးသော။ နယော၊ ဗဟုဗ္ဗီဟိသမာသ်နည်းကို။ ဧဝံ၊ ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ ဥဝဒိတဗ္ဗော၊ ၏။

(တစ်နည်း)။ ။အပိစ အပရော၊ သော။ နယော၊ ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အပ်၏။ ဝါ၊ ဦးအံ့။ ဝါ၊ ဆိုရလိမ့်အံ့။

(တစ်နည်း)။ ။အယံ၊ ဤဆိုအပ်လတ္တံ့သည်ကား။ အပိစ အပရော၊ သော။ နယော၊ တည်း။ အာဂဒန်၊ ဆိုခြင်း။ ဝါ၊ ဆိုအပ်သောစကား။

---

* မှတ်ချက်။ ။[တထံ ဂဒတိ ဘာသတီတိ တထာဂတော ဒကာရဿ တကာရံ နိရုတ္တိနယေနစ အာဂါရာဂမံ ကတွာ။ ။ဟုပြုအပ်၏။]

http://www.dhammadownload.com

အာဂဒေါ၊ ဆိုခြင်း။ ဝါ၊ ဆိုအပ်သောစကား။ ဝစန်၊ ဆိုခြင်း။ ဝုါ၊ ဆိုအပ်သောစကား။ ဣတိအယံ၊ ဤဝစနံသဒ္ဒါသည်။ အတ္ထော၊ အာဂဒနံသဒ္ဒါ၏အနက်ရှိသောသဒ္ဒါတည်း။ ဝါ၊ အာဂဒနံသဒ္ဒါ၏အနက်ကို ဟောသောသဒ္ဒါတည်း။

(တစ်နည်း)။ ။ဣတိအယံ၊ ဤဝစနကြိယာသည်။ အတ္ထော၊ အာဂဒနံသဒ္ဒါ၏ အနက်တည်း။ အဿဘဂဝတော၊ ထိုမြတ်စွာဘုရားအား။ တထော၊ မဖောက်မပြန်သော၊ အဝိပရီတော၊ မဖောက်မပြန်သော။ အာဂဒေါ၊ ဆိုခြင်းသည်။ ဝါ၊ ဆိုအပ်သော စကားတော်သည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ထိုသို့မဖောက်မပြန်သော ပြောဆိုအပ်သောစကား ရှိတော်မူသည်၏အဖြစ်ကြောင့်။ ဒကာရဿ၊ ၏။ တကာရ၊ တ-အက္ခရာကို။ ကတ္ဝာ၊ ပြု၍။ သောဘဂဝါ၊ ထိုမြတ်စွာဘုရားသည်။ တထာဂတော၊ တထာဂတမည်တော့်မူ၏။ ဣတိဝေါ၊ ဤသို့။ တေသံ အတ္ထော၊ ဤဗဟုဗ္ဗိဟိသမာသ်အနက်၌။ ပဒသိဒ္ဓိ၊ ပုဒ်၏ပြီးခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။

ကထံ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ တထာဂါရိတာယ၊ ထိုနှုတ်တော်နှင့်အတူ ကိုယ်တော်ဖြင့် ပြုတော်မူတတ်သည်၏အဖြစ်ကြောင့်။ တထာဂတော၊ မည်သနည်း။

ဟိ၊ အဖြေကင်းကွာ၊ မေးပုစ္ဆာကို၊ ကျွယ်စွာခဲ့ပြီမှ်။ ဘဂဝတော၊ ၏။ ကာယော၊ ကိုယ်တော်သည်။ ဝါစာယ၊ နှုတ်တော်အား။ အနုလောမေတိ၊ လျော်စေ၏။ ဝါစာပိ၊ နှုတ်တော်သည်လည်း၊ ကာယဿ၊ အား။ အနုလောမေတိ၊ လျော်စေ၏။ တသ္မာ၊ ထိုသို့မြတ်စွာဘုရား၏ ကိုယ်တော်၏ နှုတ်တော်အား လျော်စေသည်၏အဖြစ်၊ နှုတ်တော်၏ ကိုယ်တော်အားလျော်စေသည်၏အဖြစ်ကြောင့်။ ယထာဝါဒီ၊ အကြင်သို့သော အခြင်းအရာအားဖြင့် နှုတ်တော်ဖြင့်ဆိုတော်မူခြင်း အလေ့ရှိတော်မူ၏။ တထာကာရီစ၊ ထိုသို့သော အခြင်းအရာအားဖြင့် ကိုယ်တော်ဖြင့် ပြုခြင်းအလေ့ရှိသည် လည်းကောင်း။ ယထာကာရီ၊ အကြင်သို့သော အခြင်းအရာအားဖြင့် ကိုယ်တော်ဖြင့်ပြုခြင်းအလေ့ ရှိတော်မူ၏။ တထာဝါဒီစ၊ ထိုသို့သောအခြင်းအရာအားဖြင့် နှုတ်တော်ဖြင့် ပြုခြင်းအလေ့ရှိသည် လည်းကောင်း။ ဟောတိ၊ ၏။

စ၊ မပြတ်စပ်လာ....ပိမ့်။ ဝေဘူတသ၊ ဤသို့ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ၏ အဖြစ်ဖြင့်ဖြစ်တတ်သော။ အဿဘဂဝတော၊

http://www.dhammadownload.com

၏။ ဝါစာ၊ နှုတ်တော်သည်။ ဂတာယထာ၊ ဖြစ်သကဲ့သို့။ ပဝတ္တာယထာ၊သို့။ တထာ၊တူ။ ကာယောပိ၊ ကိုယ်တော်သည်လည်း။ ဂတော၊ ဖြစ်ပြီ။ ပဝတ္တော၊ ဖြစ်ပြီ။ ဣတိတသ္မာ၊ ထိုသို့နှုတ်တော်နှင့် အတူဖြစ်သော ကိုယ်တော်ရှိတော်မူသည်၏အဖြစ်ကြောင့်။ တထာဂတော၊ မည်၏။ ဣတိအယံ၊ သည်ကား။ အတ္ထော၊ တည်း။

စ၊ လီနုဓိပ္ပာ....ပိမ့်။ ကာယော၊ သည်။ ဂတော၊ယထာ၊ သို့။ ပဝတ္တော ယထာ၊ သို့။ တထာ၊တူ။ ဝါစာပိ၊ သည်လည်း။ ဂတာ၊ ပြီ။ ပဝတ္တာ၊ ပြီ။ ဣတိတသ္မာ၊ ထိုသို့ ကိုယ်တော်နှင့်အတူဖြစ်သော နှုတ်တော်ရှိတော်မူသည်၏ အဖြစ်ကြောင့်။ တထာဂတော၊ မည်၏။

ယေနကာမဂုဏေန၊ အကြင်အကြောင်းကြောင့်။ အဿဘဂဝတော၊ ၏။ ဝါစာ၊ သည်။ ဂတာယထာ၊ သို့။ ပဝတ္တာယထာ၊ သို့။ တထာ၊တူ။ ကာယောပိ၊ သည်လည်း။ ဂတော၊ ပြီ။ ပဝတ္တော၊ ပြီ။ ကာယော၊ သည်။ ဂတော ပဝတ္တော ယထာ၊သို့။ ယထာ၊သို့။ တထာ၊တူ။ ဝါစာပိ၊သည်လည်း။ ဂတာ၊ ပြီ။ ပဝတ္တာ၊ ပြီ။ တေနေဝကာမဂုဏေန၊ နှုတ်တော်ဖြစ်သကဲ့သို့ ကိုယ်တော် ဖြစ်သည်၏ အဖြစ်, ကိုယ်တော် ဖြစ်သကဲ့သို့ နှုတ်တော် ဖြစ်သည်၏ အဖြစ် ဟူသော ထိုအကြောင်းကြောင့်သာလျှင်။

ယထာဝါဒီ ဘိက္ခဝေ တထာဂတော တထာကာရီ။ ယထာကာရီ တထာ ဝါဒီ။ ဣတိ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ၊ တသ္မာ တထာဂတောတိ ဝုစ္စတိတိ၊ဟူ၍။ ဝါ၊ သော။ ဣဒံဝစနံ၊ ကို။ ဘဂဝါ၊သည်။ မဟာဂေါဝိန္ဒသုတ္တေ၊ မဟာဝဂ္ဂမဟာဂေါဝိန္ဒသုတ်၌။ အာဟ၊ ပြီ။

(သာဓကပါဠိအနက်ကား။ ။ဘိက္ခဝေ၊ တို့။ တထာဂတော၊ ငါဘုရား သည်၊ ယထာဝါဒီ၊ အကြင်သို့သော အခြင်းအရာအားဖြင့် နှုတ်တော်ဖြင့် ဆိုခြင်းအလေ့ရှိတော်မူ၏။ တထာကာရီ၊ ထိုသို့သော အခြင်းအရာအားဖြင့် ကိုယ်တော်ဖြင့် ပြုခြင်းအလေ့ရှိတော်မူ၏။ ယထာကာရီ၊ အလေ့ရှိတော်မူ၏။ တထာဝါဒီ၊ အလေ့ရှိတော်မူ၏။ ဣတိတသ္မာ၊ ထိုသို့ နှုတ်တော်ဖြင့်ဆိုသကဲ့သို့ ကိုယ်တော်ဖြင့် ပြုခြင်းအလေ့ရှိသည်၏အဖြစ်, ကိုယ်တော်ဖြင့်ပြုသကဲ့သို့ နှုတ် တော်ဖြင့် ဆိုခြင်းအလေ့ရှိသည်၏အဖြစ်ကြောင့်။ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာဝါဒီ၊ ယထာဝါဒီ တထာကာရီ၊ ယထာကာရီ တထာ ဝါဒီ မည်တော်မူ၏။ တသ္မာ၊ ထိုသို့ နှုတ်တော်နှင့်အတူဖြစ်သော ကိုယ်တော်

http://www.dhammadownload.com

ရှိတော်မူသည်၏အဖြစ်, ကိုယ်တော်နှင့် အတူဖြစ်သော နှုတ်တော်ရှိတော်မူသည်၏အဖြစ်ကြောင့်၊ * တထာဂတောတိ၊ ဟူ၍၊ ဝုစ္စတိ၊ ဆိုအပ်၏။ ဝေါ၊ သို့။ တထာကာရိတာယ၊ ကြောင့်။ တထာဂတော၊ မည်တော်မူ၏။

ကထံ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ အဘိဘဝနဋ္ဌေန၊ လွှမ်းမိုးနိုင်ခြင်းဟူသော အနက်သဘောသတ္တိကြောင့်၊ တထာဂတော၊ မည်သနည်း။ * ဥပရိ၊ အထက်၌။ ဝါ၊ အထက်ဖြစ်သော။ ဘဝဂ္ဂံ၊ ဘဝဂ်ကို။ ဝါ၊ ဘဝဂ်တို့၏ အဆုံးဖြစ်သော နေဝသညာနာသညာယတနဘုံကို၊ ပရိယန္တံ၊ အဆုံးအပိုင်းအခြားကို။ ကတ္တာ၊ ၍။ ဟေဋ္ဌာ၊ ၌။ ဝါ၊ သော၊ အဝီစိ ံ၊ အဝီစိငရဲကို။ ပရိယန္တံ၊ ကို။ ကတ္တာ၊ ၍၊ တိရိယံ၊ ဖီလာကန့်လန့်၊ အပရိမာဏာသု၊ အတိုင်းအရှည် မရှိကုန်သော။ လောကဓာတူသု၊ လောကဓာတ်တို့၌။ သတ္တဲသတ္တော၊ အလုံးစုံသော သတ္တဝါတို့ကို၊ သီလေနပိ၊ လောကီ, လောကုတ္တရာသီလဖြင့်လည်းကောင်း။ သမာဓိနာပိ၊ လောကီ, လောကုတ္တရာသမာဓိဖြင့်လည်းကောင်း၊ ပညာယပိ၊ လောကီ, လောကုတ္တရာပညာဖြင့်လည်းကောင်း။ ဝိမုတ္တိယာပိ၊ ကိလေသာတို့မှ လွတ်ပြီးသောဖိုလ်ဖြင့်လည်းကောင်း။ ဝိမုတ္တိဉာဏဒဿနေနပိ၊ ကိလေသာ

---

* မှတ်ချက်။ ။ [တထာဂတမဿာတိ တထာဂတော။ ။ဟု ဝစနတ္ထပြုအပ်၏။ ။ အဿဘဂဝံတော၊ ထိုမြတ်စွာဘုရားအား။ တကာ၊ ထိုနှုတ်တော်နှင့်အတူ။ ဂတံ၊ ကိုယ်တော်၏ဖြစ်ခြင်းသည်။ အတ္ထိ၊ ၏။ ဣတိတသ္မာ၊ ကြောင့်။ သော့ဘဂဝါ၊ သည်။ တထာဂတော၊ တထာဂတမည်၏။ ။ဟု အနက်ပေး။]

* မှတ်ချက်။ ။ [ဥပရိဝဂ္ဂံ။ ။ဟူသော ပါဠိဖြင့်-သုံးဆယ့်တစ်ဘုံရှိရာ ဘဝတို့၏ အထက်ဆုံးဖြစ်သော နေဝသညာနာသညာယတနဘုံကို ပြတော်မူ၏။ ထို နေဝသညာနာသညာရတနဘုံ၏ အထက်၌ တစ်စုံတစ်ခုသော ဘုံမရှိပြီဟု ပြလိုရင်းတည်း။ ။ဟေဋ္ဌာအဝီစိ ပရိယန္တံ ကတ္တာ။ ။ဟူသော ပါဠိဖြင့်၊ သုံးဆယ့်တဘုံတို့တွင် အောက်ဆုံးဖြစ်သော ငရဲဘုံကြီး၌ခပ်တို့တွင်လည်း အောက်ဆုံးအထပ်ဖြစ်သော အဝီစိငရဲကို ပြတော်မူ၏။ ထိုအဝီစိငရဲအောက် တစ်စုံတစ်ခုသော ဘုံမရှိပြီဟု ပြလိုရင်းတည်း။ ။တိရိယံ အပရိမာဏာသု လောကဓာတူသု။ ။ဟူသောပါဠိဖြင့် ဖီလာကန့်လန့် အရပ်ကဲ့သို့ အထက်အရပ် အောက်အရပ်တို့၌လည်း အတိုင်းအရှည် မရှိသော လောကဓာတ်များ ရှိ၏ ဟူသော အယူဝါဒကို တားမြစ်တော်မူ၏။]

http://www.dhammadownload.com

တို့မှ လွှတ်ပြီးသော ဖိုလ်ကိုမြင်တတ်သော ပစ္စဝေက္ခဏာဉာဏ်ဖြင့် လည်း ကောင်း။ အဘိဘဝတိ၊ လွှမ်းမိုးတတ်၏။

တဿဘဂဝတော၊ အာဒေး။ ဝါ၊ နှင့်။ တုလော၁ဝါ၊ တူသောပုဂ္ဂိုလ်သည် သော်လည်းကောင်း။ပမာဏဝါ။နှိုင်းယှဉ်ကြောင်းသည်သော်လည်းကောင်း နအတ္ထိ၊ မရှိ။ အတုလော၊ တူသောပုဂ္ဂိုလ် ရှိတော်မမူ။ အပ္ပမေယျော၊ နှိုင်းယှဉ်အပ်သောပုဂ္ဂိုလ်ရှိတော်မမူ။ အနုတ္တရော၊ မိမိကို့ လွန်သောပုဂ္ဂိုလ် ရှိတော်မမူ။ ဝါ၊ မိမိထက် လွန်သောပုဂ္ဂိုလ် ရှိတော်မမူ။ ဝါ၊ အတုမရှိ မြတ်သောပုဂ္ဂိုလ်ကြီးပေတည်း။ ရာဇာတိရာဇာ၊ မင်းအပေါင်းတို့ထက် လွန်ကဲသော မင်းမြတ်အစစ် ဖြစ်တော်မူပေ၏။ ဝါ၊ မင်းအပေါင်းတို့သည် ပူဇော်အပ်သော မင်းမြတ်အစစ် ဖြစ်ကြီး ဖြစ်တော်မူပေ၏။ ဒေဝဒေဝေါ၊ နတ်အပေါင်းတို့ထက် လွန်ကဲသော နတ်မြတ်အစစ်ဖြစ်ကြီးဖြစ်တော်မူပေ၏။ ဝါ၊ နတ်အပေါင်းတို့သည် ပူဇော်အပ်သော နတ်မြတ်အစစ် ဖြစ်ကြီး ဖြစ် တော်မူပေ၏။ သက္ကာနံ၊ သကြားတို့ထက်။ ဝါ၊ တို့သည်။ အတိသက္ကော၊ လွန်ကဲသော သကြားအစစ် ဖြစ်တော်မူပေ၏။ ဝါ၊ ပူဇော်အပ်သော သကြားအစစ် ဖြစ်တော်မူပေ၏။ ဗြဟ္မာနံ၊ ဗြဟ္မာတို့ထက်။ ဝါ၊ တို့သည်။ အတိဗြဟ္မာ၊ လွန်ကဲသောဗြဟ္မာအစစ်ဖြစ်တော်မူပေ၏။ ဝါ၊ ပူဇော်အပ်သော ဗြဟ္မာအစစ် ဖြစ်တော်မူပေ၏။

ယေနကာမရဏေန၊ကြောင့်။တဿဘဂဝတော၊အာဒေး။ဝါ၊နှင့်။တုလော၁ဝါ၊ ကောင်း။ပမာဏဝါ၊ကောင်း။နအတ္ထိ၊မရှိ။အတုလော၊မမူ။အပ္ပမေယျော၊မမူ။ အနုတ္တရော၊မမူ။ ရာဇာတိရာဇာ၊မူ၏။ ဒေဝဒေဝေါ၊မူ၏။ သက္ကာနံ၊ တို့ထက်။ ဝါ၊ တို့သည်။ အတိသက္ကော၊ မူ၏။ ဗြဟ္မာနံ၊ တို့ကက်။ ဝါ၊ တို့သည်။ အတိ ဗြဟ္မာ၊ မူ၏။ တေနကာမရဏေန၊ တူသောပုဂ္ဂိုလ် ရှိတော်မမူသည်၏ အဖြစ် ဟူသော ထိုအကြောင်းကြောင့်။ သဒေဝကေ ဘိက္ခဝေလောကေ။ပ။သဒေဝ မနုဿာယ ပဇာယ တထာဂတော အဘိဘူ အနဘိဘူတော အညဒတ္ထုဒသော ဝသတ္တီ၊ တသ္မာ တထာဂတောတိ ဝုစ္စတိတိ၊ ဟူ၍။ ဝါ၊ သော။ ဣဒံဝစနံ၊ ကို။ သဒ္ဓေယျဝါစော၊ သော။ ဘဂဝါ၊ သည်။ မဟာဂေါဝိန္ဒသုတ္တေ၊ ၌။ အာဟ၊ ပြီ။

(သာဓကပါဌ်အနက်ကား။ ။ဘိက္ခဝေ၊ တို့။ သဒေဝကေ၊ သော။ သမာရကေ၊ သော။ သဗြဟ္မကေ၊သော။ လောကေ၊သတ္တလောက၊ သြကာသ လောကဉ်လည်းကောင်း။ သဿမဏဗြာဟ္မဏိယာ၊သော။ သဒေဝမနုဿာယ၊ သော။ ပဇာယ၊ သတ္တလောကဉ်လည်းကောင်း။ တထာဂတော၊ ငါဘုရား

http://www.dhammadownload.com

သည်။ အဘိဘူ၊တစ်ပါးသော သတ္တဝါတို့ကို လွှမ်းမိုးတော်မူနိုင်၏။ အနဘိဘူတော၊ တပါးသောသတ္တဝါတို့သည် မလွှမ်းမိုးအပ်နိုင်၊အညဒတ္ထု၊ စင်စစ်ကောန် အမှန်အားဖြင့်။ ဒသော၊ အလုံးစုံသောတရားတို့ကို မြင်တော်မူနိုင်၏။ ဝသဝတ္တီ၊တစ်ပါးသောသတ္တဝါတို့ကိုမိမိအလိုသို့လိုက်စေနိုင်၏။တသ္မာ၊ထိုသို့ တစ်ပါးသောသတ္တဝါတို့ကို လွှမ်းမိုးတော်မူနိုင်သည်၏အဖြစ်ကြောင့်။တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။)

တတြတသ္မိ အတ္ထဝိကပ္ပေ၊ အဘိဘဝန္ဒေန တထာဂတော ဟူသော ထိုအတ္ထဝိကပ်၌။ ဧဝံ၊ ဖြင့်။ ပဒသိဒ္ဓိ၊ တထာဂတဟူသောပုဒ်၏ ပြီးခြင်းကို။ ဝေဒိတဗ္ဗာ၊ ၏။ ။ယော ဇမ္မော၊ အကြင်တရားသည်။ အဂဒေါဝိယ၊ နတ်ဆေးနှင့်တူ၏။ ဣတိတသ္မာ၊ ကြောင့်။ သောဇမ္မော၊ အဂဒေါ၊ မည်၏။

ပန၊ အာဘော်မကျ....ပိမ့်။ ။သေ-သော အဂဒေါ၊ ဤနတ်ဆေးနှင့်တူသော တရားသည်။ ကော၊ အဘယ်နည်း။ သေ-သောအဂဒေါ၊ သည်။ ဒေသနာဝိလာသမယောစေဝ၊ ဒေသနာတော်ကို တင့်တယ် စမွဲယ်စေတတ်သော သဗ္ဗညုတဉာဏ်သည်လည်းကောင်း။ ပုဉ္ဇဿယောစ၊ များသောကောင်းမှုသည်လည်းကောင်း။ ဟောတိ၊ ၏။

ဟိ၊ အဖြေကျဉ်းဘိ....ပိမ့်။ မဟာနုဘာဝေါ၊ ကြီးသော အာနုဘော်ရှိသော။ ဘိသဂ္ဂေါ၊ဆေးဆရာသည်။ဒိဗ္ဗာဂဒေန၊နတ်ဆေးဖြင့်။သပ္ပေ၊ မြွေတို့ကို။အဘိဘဝတိဝိယ၊ လွှမ်းမိုးနိုင်သကဲ့သို့။ တထာ၊ တူ။ သေ-သောဘဂဝါ၊ သည်။ တေနအဂဒေန၊ **ထိုနတ်ဆေးနှင့်**တူသော ဒေသနာဝိလာသပုဉ္ဇဿယ ဖြင့်။ သဗ္ဗပဓုပဂဒိနော၊ **အလုံးစုံသော** သာသနာတော်၏ ဆန့်ကျင်ဘက်ဖြစ်သော အယူရှိသော တိတ္ထိ**တို့ကိုလည်း**ကောင်း။ သဒေဝကံ၊ နတ်နှင့်တကွဖြစ်သော။ လောကံစ- သတ္တလောက**ကိုလည်း**ကောင်း။ အဘိဘဝတိ၊ နိုင်၏။

ဣတိ၊ ဤဆိုအပ်ပြီးသော နည်း**ဖြင့်**။ ဒေသဘာဂဝတော၊ အား။ သဗ္ဗလောကာဘိဘဝနေ၊ အလုံးစုံသော **လောက**ကို လွှမ်း**မိုး**တော်မူနိုင်ခြင်း၌။ တထေ၊ မှန်ကန်သော။ **အဝိဖရိတော**၊ မဖောက်ပြန်သော။ အာဂဒေါ၊ ဆေးနှင့်တူသော။ဒေသနာဝိလာသမ**ယောစေဝ**၊ ဒေသနာတော်ကို တင့်တယ် စမွဲယ်စေတတ်သော **သ**ဗ္ဗညု**တ**ဉာဏ်သည်လည်းကောင်း။ ပုဉ္ဇဿယောစ၊ များသောကောင်းမှုသည်လည်း**ကော**င်း။ အတ္ထိ၊ ၏။ ။(တစ်နည်း)။ ။ ဒေသနာဗိလာသမယော်စေဝ၊ သော။ ပုဉ္ဇဿယောစ၊ သော။ အာဂဒေါ၊ ဆေးသည်။ အတ္ထိ၊၏။ ဣတိတသ္မာ၊ **ထိုသို့** ဆေးနှင့်တူသော **ဒေသ**နာဝိလာသပုဉ္ဇဿယရှိရာ၏အဖြစ်ကြောင့်။**ဆောဘဂဝါ**ကို။ ဒကာရဿ၊ဒ-အကွရာ၏။

http://www.dhammadownload.com

တကာရံ၊ တ–အက္ခရာကို။ ကတ္ဝာ၊၍။ တထာဂတောတိ၊ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ အဘိဘဝနဋ္ဌေန၊ ဖြင့်။ ဝါ၊ ကြောင့်။ တထာဂတော၊ မည်တော်မူ၏။

အပိစအပရော၊ အဋ္ဌကာရဏနည်းမှတပါးသော။ နယော၊ စတုသစ္စ နည်းကို။ ဧဝံ၊ဤဆိုအပ်လတ္တံ့သောနည်းဖြင့်။ဝေဒိတဗ္ဗော၊၏။ယောဘဂဝါ၊ အကြင်မြတ်စွာဘုရားသည်။ တထာယ၊ မဖောက်မပြန်ဟုတ်မှန်သော တရဏ ပရိညာဖြင့်။ ဂတော၊ သိတော်မူပြီ။ ဣတိတသ္မာ၊ ထိုသို့ မဖောက်မပြန် ဟုတ် မှန်သော တီရဏပရိညာဖြင့် သိတော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။ သောဘဂဝါ၊ သည်။ တထာဂတော။မည်တော်မူ၏။

ယောဘဂဝါ၊ သည်။ တထာယ၊ မဖောက်မပြန် ဟုတ်မှန်သော ပဟာန ပရိညာဖြင့်။ ဂတော၊ လွန်တော်မူပြီ။ ဣတိပိတသ္မာ၊ ထိုသို့ မဖောက်မပြန် ဟုတ်မှန်သော ပဟာနပရိညာဖြင့် လွန်တော်မူပြီးသည်၏ အဖြစ်ကြောင့် လည်း။ သောဘဂဝါ၊ သည်။ တထာဂတော၊ မည်တော်မူ၏။

ယောဘဂဝါ၊ သည်။ တထာယ၊ မဖောက်မပြန် ဟုတ်မှန်သော သစ္ဆိ ကြိယာဖြင့်။ ဂတော၊ ရောက်တော်မူပြီ။ ဣတိပိတသ္မာ၊ ထိုသို့ မဖောက်မပြန် ဟုတ်မှန်သောသစ္ဆိကြိယာဖြင့် ရောက်တော်မူပြီးသည်၏အဖြစ်ကြောင့်လည်း။ သောဘဂဝါ၊ သည်။ တထာဂတော၊ မည်တော်မူ၏။

(တစ်နည်း)။ ။ယောဘဂဝါ၊သည်။တထာယ၊ မဖောက်မပြန်ဟုတ်မှန် သော တီရဏပရိညာဖြင့်။ ဝါ၊ မဖောက်မပြန် ဟုတ်မှန်သော ပဟာနပရိညာ ဖြင့်။ ဝါ၊ မဖောက်မပြန် ဟုတ်မှန်သော သစ္ဆိကြိယာဖြင့်။ ဂတော၊ သိတော် မူပြီ။ ဝါ၊ လွန်တော်မူပြီ။ ဝါ၊ ရောက်တော်မူပြီ။ ဣတိပိတသ္မာ၊ ထိုသို့ မဖောက်မပြန် ဟုတ်မှန်သော တီရဏပရိညာ, ပဟာနပရိညာ, သစ္ဆိကြိယာ ဖြင့် သိတော်မူသည်၏အဖြစ်,လွန်တော်မူသည်၏အဖြစ်,ရောက်တော်မူသည်၏ အဖြစ်ကြောင့်လည်း။ သောဘဂဝါ၊ သည်။ တထာဂတော၊ မည်တော်မူ၏။ ယောဘဂဝါ၊ သည်။ တထာ၊ မဖောက်မပြန် ဟုတ်မှန်သော မဂ္ဂသစ္စာကို။ ဂတော၊ ကျင့်တော်မူပြီ။ ဣတိပိတသ္မာ၊ ထိုသို့ မဖောက်မပြန် ဟုတ်မှန်သော မဂ္ဂသစ္စာကို ကျင့်တော်မူပြီးသည်၏ အဖြစ်ကြောင့်လည်း။ သောဘဂဝါ၊ သည်။ တထာဂတော၊ မည်တော်မူ၏။ ဂတောတိ၊ ဂတော ဟူသည်ကား။ အဝဂတော၊ သိတော်မူပြီ။ အတီတော၊ လွန်တော်မူပြီ။ ပတ္တော၊ ရောက် တော်မူပြီ။ ပဋိပန္နော၊ ကျင့်တော်မူပြီ။ ဣတိအယံ၊ ဤ အဝဂတော, အတီ တော, ပတ္တော,ပဋိပန္နော-ဟူသော သဒ္ဒါသည်။ အတ္ထော၊ ဂတော-သဒ္ဒါ၏

http://www.dhammadownload.com

အနက်ရှိသော သဒ္ဒါတည်း။ ဝါ၊ ဂတောသဒ္ဒါ၏ အနုက်ကို ဟောသော သဒ္ဒါတည်း။

(တစ်နည်း)။ ။ဣတိအယံ၊ ဤအဝဂမနကြိယာ, အတိအယနကြိယာ, ပဇ္ဇနကြိယာ, ပဋိပဇ္ဇနကြိယာသည်။ အတ္ထော၊ ဂတသဒ္ဒါ၏ အနုက်တည်း၊ တတ္ထတသ္မိ အတ္ထဝိကပ္ပေ၊ တဇာယဂတော–အစရှိသော ထိုအထဝိကပ်၌။ ဝိတ္ထာရော၊ ကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ယောဘဂဝါ၊ သည်၊ သကလ လောက်၊ အလုံးစုံသော ပရမ်းပတာ ပျက်စီးတတ်သော သခ်ါရလောကဟု ဆိုအပ်သော ဒုက္ခသစ္စာကို။ တထာယ၊ သော။ တီရဏာပရိညာယ၊ တီရဏ ပရိညာဖြင့်။ ဂတော၊ သိတော်မူပြီ။ အဝဂတော၊ သိတော်မူပြီ။ ဣတိတသ္မာ၊ ထိုသို့ အလုံးစုံသော ပရမ်းပတာ ပျက်စီးတတ်သော သခ်ါရလောကဟု ဆိုအပ်သော ဒုက္ခသစ္စာကို မဖောက်မပြန်သောဟုတ်မှန်သော တီရဏာပရိညာ ဖြင့် သိတော်မူပြီးသည်၏ အဖြစ်ကြောင့်။ သောဘဂဝါ၊ သည်။ တထာ ဂတော၊ မည်တော်မူ၏။ ယောဘဂဝါ၊သည်။ လောကသမုဒယံ၊ ပရမ်းပတာ ပျက်စီးတတ်သော သခ်ါရလောကဟုဆိုအပ်သော ဒုက္ခသစ္စာ၏ ဖြစ်ကြောင်း ဖြစ်ရာ ဖြစ်သော သမုဒယသစ္စာကို။ တထာယ၊ သော။ ပဟာနပရိညာယ၊ ပဟာနပရိညာဖြင့်။ ဂတော၊ လွန်တော်မူပြီ။ အတီတော၊ လွန်တော်မူပြီ။ ဣတိတသ္မာ၊ ထိုသို့ ပရမ်းပတာ ပျက်စီးတတ်သော သခ်ါရလောကဟုဆိုအပ် သော ဒုက္ခသစ္စာ၏ဖြစ်ကြောင်းဖြစ်ရာဖြစ်သော သမုဒယသစ္စာကို လွန်တော် မူပြီးသည်၏အဖြစ်ကြောင့်။ သောဘဂဝါ၊သည်။ တထာဂတော၊ မည်တော် မူ၏။ ယောဘဂဝါ၊ သည်။ လောကနိရောဓံ၊ ပရမ်းပတာ ပျက်စီးတတ် သော သခ်ါရလောကဟုဆိုအပ်သော ဒုက္ခသစ္စာ၏ ကုယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော နိရောဓသစ္စာသို့။ တထာယ၊ သော။ သစ္ဆိကြိယာယ၊ သစ္ဆိကြိယာဖြင့်။ ဂတော၊ ရောက်တော်မူပြီ။ ပတ္တော၊ ရောက်တော်မူပြီ။ ဣတိ တသ္မာ၊ ထိုသို့ ပရမ်းပတာ ပျက်စီးတတ်သော ဒုက္ခသစ္စာ၏ ကုယ်ပျောက် ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော နိရောဓသစ္စာသို့ မဖောက်မပြန်ဟုတ်မှန်သော သစ္ဆိကြိယာဖြင့် ရောက်တော်မူပြီးသည်၏ အဖြစ်ကြောင့်။ သောဘဂဝါ၊ သည်။ တထာဂတော၊ မည်တော်မူ၏။

ယောဘဂဝါ၊ သည်။ တထာ၊ သော။ လောကနိရောဓဂါမိနိပဋိပဒံ၊ ပရမ်းပတာ ပျက်စီးတတ်သော သခ်ါရလောကဟုဆိုအပ်သော ဒုက္ခသစ္စာ၏ ကုယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သောနိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သွားရောက်တတ်သောအကျင့်ဟု ဆိုအပ်သော မဂ္ဂသစ္စာကို။ ဂတော့၊ ကျင့်

http://www.dhammadownload.com

တော်မူပြီး၊ ပဋိပန္နော်၊ ကျင့်တော်မူပြီ။ ဣတိတသ္မာ၊ ထိုသို့ မဖောက်မပြန် ဟုတ်မှန်သော ပရမ်းပတာ ပျက်စီးတတ်သော သင်္ခါရလောကဟု ဆိုအပ်သော ဒုက္ခသစ္စာ၏ ကွယ်ပျောက်ချုပ်ငြိမ်း ရုပ်သိမ်းရာဖြစ်သော နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သူ့းရောက်တတ်သော အကျင့်ဟု ဆိုအပ်သော မဂ္ဂသစ္စာကို ကျင့်တော်မူပြီးသည်၏ အဖြစ်ကြောင့်။ သောဘဂဝါ၊ သည်။ တထာဂတော၊ မည်တော်မူ၏။ ယေနကာရဏေန၊ ကြောင့်။ ဘဂဝါ၊ သည်။ တထာယ၊ မဖောက်မပြန်ဟုတ်မှန်သော တီရဏပရိညာ့ပဟာနပရိညာ့သစ္စိကြိယာဖြင့်။ ဂတော၊ သိတော်မူပြီ။ ဝါ၊လွန်တော်မူပြီ။ ဝါ၊ရောက်တော်မူပြီ။ တထံ၊ မဖောက်မပြန် ဟုတ်မှန်သော မဂ္ဂသစ္စာကို။ ဂတော၊ ကျင့်တော်မူပြီ။

တေနကာရဏေန၊ မဖောက်မပြန် ဟုတ်မှန်သော တီရဏပရိညာ့ပဟာန ပရိညာ့သစ္စိကြိယာဖြင့် သိတော်မူသည်၏အဖြစ်၊ လွန်တော်မူသည်၏အဖြစ်၊ ရောက်တော်မူသည်၏အဖြစ်၊ မဖောက်မပြန် ဟုတ်မှန်သော မဂ္ဂသစ္စာကို ကျင့်တော်မူပြီးသည်၏အဖြစ်ဟူသော ထိုအကြောင်းကြောင့်။ ဘဂဝတာ၊ သည်။ လောကောဘိက္ခဝေ။ပ။ တထာဂတောတိဝုစ္စတိတိ၊ လောကောဘိက္ခဝေ။ပ။ တထာဂတောတိဝုစ္စတိ–ဟူ၍။ ဝါ၊ ဟူသော။ ယံသုတ္တံ၊ ကို။ အဂ်ုတ္တရနိကာယေ၊ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်၌။ ဝုတ္တံ၊ ပြီ။ တဿာပိသုတ္တဿ၊ အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်လာ ထိုသုတ်၏လည်း။ အတ္ထော၊ ကို။ ဧဝံ၊ ဤအတူ။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ ဝေဒိတဗ္ဗော၊ ၏။

(သာဓကပါဠိအနက်။ ။ဘိက္ခဝေ၊ တို့။ လောကော၊ ပရမ်းပတာ ပျက်စီးတတ်သော သင်္ခါရလောကဟုဆိုအပ်သော ဒုက္ခသစ္စာကို။ တထာဂတေန၊ ငါဘုရားသည်။ အဘိသမ္ဗုဒ္ဓေါ၊ ထိုးထွင်း၍ သိတော်မူအပ်ပြီ။ လောကသ္မာ၊ မှ။ ဝါ၊ နှင့်။ တထာဂတော၊ သည်။ ဝိသံယုတ္တော၊ ကင်းတော်မူ၏။ ဝါ၊ ယှဉ်တော့်မမူ။ ဘိက္ခဝေ၊ တို့။ လောကသမုဒယော၊ ကို။ တထာဂတေန၊ သည်။ အဘိသမ္ဗုဒ္ဓေါ၊ အပ်ပြီ။ လောကသမုဒယော၊ ကို။ တထာဂတဿ၊ သည်။ ပဟီနော၊ပယ်အပ်ပြီ။ ဘိက္ခဝေ၊တို့။ လောကနိရောဓော၊ ကို။ တထာဂတေန၊ သည်။ အဘိသမ္ဗုဒ္ဓေါ၊ အပ်ပြီ။ လောကနိရောဓော၊ ကို။ တထာဂတဿ၊ သည်။ သစ္ဆိကတော၊ မျက်မှောက်ပြုတော်မူအပ်ပြီ။ ဘိက္ခဝေ၊ တို့။ လောကနိရောဓဂါမိနိပဋိပဒါ၊ ကို။ တထာဂနတော၊သည်။ အဘိသမ္ဗုဒ္ဓါ၊ အပ်ပြီ။ လောကနိရောဓဂါမိနိပဋိပဒါ၊ကို။ တထာဂတဿ၊သည်။ ဘာဝိတာ၊ ဖြစ်စေတော်မူအပ်ပြီ။ ဝါ၊ပွားစေတော်မူအပ်ပြီ။ဘိက္ခဝေ၊တို့။ သဒေဝကဿ၊ သော။ပ။ လောကဿ၊သည်လည်းကောင်း။ သဿမဏာ ဗြာဟ္မဏိယာ၊သော။ပ။ ပဇာယ၊ သည်လည်းကောင်း။ ယံဒိဋ္ဌံ၊ သည်လည်းကောင်း။ပ။ မနသာ၊ဖြင့်။

http://www.dhammadownload.com

ယံအနုဝိစရိတံ၊ သည်လည်းကောင်း။ အတ္ထိ၊ ၏။ တံတပ္ပံ၊ ကို။ တထာဂတေန၊ သည်။ အဘိသမ္ဗုဒ္ဓံ၊ အပ်ပြီ။ တသ္မာ၊ ကြောင့်။ တထာဂတောတိ၊ ဟူ၍။ ဝုစ္စတိ၊ အပ်၏။)

စ၊ အပြစ်တင်ရန်၊ စုဒ်အက္ခန်ကို၊ ပယ်လှန်ဖျက်ကာ၊ ဆက်ပြပါအံ့၊ ဣဒမ္ပိ ကာရဏံ၊ ဤရွှစ်ပါးသောအကြောင်းသည်လည်း၊ ဝါ၊ ဤရွှစ်ပါး, လေးပါး သောအကြောင်းသည်လည်း။ တထာဂတဿ၊ ၏။ တထာဂတဘာဝဒီပနေ၊ တထာဂတမည်သည်၏အဖြစ်ကိုပြခြင်း၌။ ဝါ၊ တထာဂတ၏ ဖြစ်ကြောင်း, ဖြစ်ရာဖြစ်သော အမည်ကိုပြခြင်း၌၊မုခမတ္တမေဝ၊နည်းအမြွက်သာလျှင်တည်း၊ ပန။ စင်စစ်ကော် အမှန်အားဖြင့်၊ သဗ္ဗာကာရေန၊အလုံးစုံသောအခြင်းအရာ အားဖြင့်။ တထာဂတော၁၀၊ တစ်ဆူသော မြတ်စွာဘုရားသည်သာလျှင်။ တထာဂတဿ၊တစ်ဆူသောမြတ်စွာဘုရား၏။ တထာဂတဘာဝံ၊ တထာဂတ၏ ဖြစ်ကြောင်းဖြစ်သောအမည်ကို။ ဝဏ္ဏေယျ၊ ခြီးမွမ်းတော်မူနိုင်ရာ၏။

ကတမဉ္စ တံ ဘိက္ခဝေတိ ဣမိနာပါဒေန၊ ကတမဉ္စ တံ ဘိက္ခဝေဟူသော ဤပါဒ်ဖြင့်။ အပုမတ္တကေန၊ အနည်းငယ်သော အတိုင်းအရှည်ရှိသော။ ဝါ၊ အနည်းငယ်မျှသာဖြစ်သော။ ဩရမတ္တကေန၊ ယုတ်ညံ့သော အတိုင်း အရှည်ရှိသော။ ဝါ၊ ဤမှာဘက်အဘို့၌ဖြစ်သော အတိုင်းအရှည်ရှိသော။ ဝါ၊ အောက်အဘို့၌ ဖြစ်သော အတိုင်းအရှည်ရှိသော၊ ယေနသီလမတ္တကေန၊ အကြင်သီလဖြင့်။' ဝါ၊ အကြင်သီလမျှဖြင့်။ ဝါ၊ အကြင်သိမ်ငယ်သေးနုပ်သော။ သီလဖြင့်။ ပုထုဇ္ဇနော၊ ပုထုဇဉ်သည်။ တထာဂတဿ၊ ငါဘုရား၏။ ဝါ၊ငါဘုရားကို။ဝဏ္ဏံ၊ခြီမွမ်းအပ်သော ဂုဏ်ကျေးဇူးကို။ဝါ၊ခြီးမွမ်းခြင်းကို။ ဝဒမာနော၊ ပြောဆိုနိုင်သည်ရှိသော်၊ ဝဒေယျ၊ ပြောဆိုနိုင်ရာ၏။ တံ သီလ မတ္တကံ၊ ထိုသီလသည်။ ဝါ၊ ထိုသီလမျှသည်။ ဝါ၊ ထိုသိမ်ငယ်သေးနုပ်သော သီလသည်။ ကတမံ၊ အဘယ်နည်း။ ဣတိ၊ သို့။ ဘဂဝါ၊ သည်။ ပုစ္ဆတိ၊ မေးတော်မူ၏။

တံကတမန္တိပုစ္ဆတိတိတ္ထေ၊ တံကတမန္တိပုစ္ဆတိဟူသောဤပါဒ်၌။ ယဒေတံ-ယံတေံပုစ္ဆာဝစနံ၊ အကြင်ပုစ္ဆာဝစကားကို။ သာမညတော၁၊ အားဖြင့်။ မယာ၊ သည်။ ဝုတ္တံ၊ ပြီ။ တတ္ထတသ္မိံပုစ္ဆာဝစနေ၊ ၌။ ဝိသေသတော၁၊ ဝိသေသအားဖြင့်၊ လဗ္ဘမာနာ၁၊ ရအပ်၍သင့်,ရထိုက်သော။ ပုစ္ဆာနာမ၊ ပုစ္ဆာမည်သည်။ အဒိဋ္ဌဇောတနာ၁၊ မမြင်အပ်သောအနက်ကိုထွန်းပြကြောင်းဖြစ်သော။ ပုစ္ဆာ၊ ပုစ္ဆာလည်းကောင်း။ ဝါ၊ မေးကြောင်းဖြစ်သော ပုစ္ဆာလည်းကောင်း၊ ဒိဋ္ဌသံသန္ဒနာ၁၊မြင်အပ်ပြီးသောအနက်ကိုနှီးနှော့တိုက်ဆိုင်ကြောင်းဖြစ်သော။

http://www.dhammadownload.com

ပုစ္ဆာ၊ လည်းကောင်း။ ဝိမတိစ္ဆေဒနာ၊ ယုံမှားခြင်း၏ ဖြတ်ကြောင်း ဖြစ်သော၊ ဝ၊ ယုံမှားခြင်းကို ဖြတ်ကြောင်းဖြစ်သော။ ပုစ္ဆာ၊ လည်းကောင်း၊ အနုမတိပုစ္ဆာ၊ အလိုကိုမေးကြောင်းဖြစ်သော ပုစ္ဆာ လည်းကောင်း။ ဝ၊ အလိုအားဖြင့်မေးကြောင်းဖြစ်သောပုစ္ဆာလည်းကောင်း၊ကထေတုကမျှတာ၊ ဖြေဆိုခြင်းငှါ အလိုရှိသည်၏အဖြစ်ဖြင့်၊ ပဝတ္တာ၊ ဖြစ်သော။ ပုစ္ဆာ၊ ပုစ္ဆာ လည်းကောင်း၊

(တစ်နည်း)။ ။ကထေတုကမျှတာပုစ္ဆာ၊ ဖြေဆိုခြင်းငှာအလိုရှိသည်၏ အဖြစ်ဖြင့် ဖြစ်သော မေးကြောင်းဖြစ်သော် ပုစ္ဆာလည်းကောင်း။ ဣတိ၊သို့၊ ပဥ္စဝိဓာ၊ သည်၊ ဟောတိ၊ ၏၊ ပဥ္စသု၊ ကုန်သော၊ တတ္ထာတာသု ပုစ္ဆာသု၊ တို့တွင်။ အဒိဋ္ဌဇောတနာ၊ သော၊ ပုစ္ဆာနာမ၊ ပုစ္ဆာမည်သည်ကို၊ ဝေ၊ ဖြင့်။ ဝေဒိတဗ္ဗာ၊ ၏၊

(တစ်နည်း)။ ။အဒိဋ္ဌဇောတနာ၊ သော။ ပုစ္ဆာနာမ၊ မည်သည်ကို။ မယာ၊ သည်။ ဝုစ္စတေ၊ ဆိုအပ်၏။ ဝ၊ ဆိုဦးအံ့၊ ဝ၊ ဆိုရလိမ့်အံ့။ ပကတိယာ၊ ပြတတေ့ အားဖြင့်၊ ဝ၊ မူလပင်ကိုယ်သဘောအားဖြင့်။ လက္ခဏ၊ မှတ်ကြောင်းဖြစ်သော သဘောသည်။ ဝ၊ မှတ်ကြောင်းဖြစ်သော သဘောကို။ ဝ၊ သိခြင်းငှာ အလိုရှိအပ်သောသဘောသည်။ ဝ၊ သိခြင်းငှာ အလိုရှိအပ်သောသဘောကို၊ အညာတံ၊ ဉာဏ်ဖြင့်မသိအပ်သည်။ အဒိဋ္ဌံ၊ဒဿနဉာဏ်ဖြင့်မမြင်အပ်သည်၊အတုလိတံ၊တုလနဉာဏ်ဖြင့်မနှိုင်းချိန်အပ်သည်၊အတီရိတံ၊ တီရဏဉာဏ်ဖြင့် မဆုံးဖြတ်အပ်သည်။ အဝိဘူတံ၊ ဉာဏ်အား မထင်ရှားသည်။ အဝိဘာဝိတံ၊ ဉာဏ်ဖြင့် ထင်ရှားစွာ မပြအပ်သည်။ ဟောတိ၊ ၏။ တဿ လက္ခဏဿ၊ ကို။ ဉာဏာယ၊ ဉာဏ်ဖြင့် သိရခြင်းအကျိုးငှာ။ ဒဿနာယ၊ ဒဿနဉာဏ်ဖြင့် မြင်ရခြင်းအကျိုးငှာ။ တုလနာယ၊ တုလနဉာဏ်ဖြင့် နှိုင်းချိန်ရခြင်း အကျိုးငှာ။ တီရဏာယ၊ တီရဏဉာဏ်ဖြင့် ဆုံးဖြတ်ရခြင်းအကျိုးငှာ။ ဝိဘာဝနာယ၊ ဉာဏ်ဖြင့် ထင်ရှားစွာပြရခြင်း အကျိုးငှာ။ ပဉ္စံ၊ ကို၊ ပုစ္ဆာတိ၊ မေး၏။ အယံပုစ္ဆာ၊ သည်။ အဒိဋ္ဌဇောတန၊ သော၊ ပုစ္ဆာ၊ မည်၏။

(တစ်နည်း)။ ။အဒိဋ္ဌဇောတနာ၊ သော။ ပုစ္ဆာသည်၊ အယံ၊ ဤသည် ပင်တည်း။ ကတမာပုစ္ဆာ၊ အဘယ်ပုစ္ဆာသည်။ ဒိဋ္ဌသံသန္ဒနာ၊ သော၊ ပုစ္ဆာ၊ မည်သနည်း၊

(တစ်နည်း)။ ။ဒိဋ္ဌသံသန္ဒနာ၊ သော။ ပုစ္ဆာ၊ သည်။ ကတမာ၊အဘယ်နည်း။ ပကတိယာ၊ အားဖြင့်။ လက္ခဏ၊ သည်။ ဝ၊ ကို။ ဉာတံ၊ ဉာဏ်ဖြင့် သိအပ်သည်။ ဒိဋ္ဌံ၊ ဒဿနဉာဏ်ဖြင့် မြင်အပ်သည်။ တုလိတံ၊ တုလနဉာဏ်ဖြင့်

http://www.dhammadownload.com

နှိုင်းချိန်အပ်သည်။ တီရိတ်၊ တီရဏညာဏ်ဖြင့် ဆုံးဖြတ်အပ်သည်။ ဝိဘူတ်၊ ညာဏ်အား ထင်ရှားသည်။ ဝိဘာဝိတ်၊ ညာဏ်ဖြင့် ထင်ရှားစွာ ပြအပ်သည်။ ဟောတိ၊ ၏။ တဿလက္ခဏာသမ္ပယုတ္တာ၊ ကို။ အညေဟိ၊ ကုန်သော။ ပဏ္ဍိတေဟိ၊ ဖြစ်သော ပညာရှိကုန်သော။ ဝါ၊ ပညာဖြင့် ဖြစ်ကုန်သော။ ဝါ၊ ပညာသို့ ရောက်ကုန်သော။ ပဂ္ဂလေဟိ၊ တို့နှင့်။ သဒ္ဒိ၊ တကွ။ သံသန္ဒနတ္ထာယ၊ နှီးနှော တိုက်ဆိုင် ရခြင်း အကျိုးငှာ။ ပဋ္ဌံ၊ ကို။ ပုစ္ဆတိ၊ ၏။ အယံပုစ္ဆာ၊ သည်။ ဒိဋ္ဌသံသန္ဒနာ၊ သော။ ပုစ္ဆာ၊ မည်၏။ ။(တစ်နည်း)။ ။ဒိဋ္ဌသံသန္ဒနာ၊ သော။ ပုစ္ဆာ၊ သည်။ အယံ၊ တည်း။

ကတမာပုစ္ဆာ၊ သည်။ ဝိမတိစ္ဆေဒနာ၊ သော။ ပုစ္ဆာ၊ မည်သနည်း။ ။(တစ်နည်း)။ ။ဝိမတိစေနာ၊ သော။ ပုစ္ဆာ၊သည်။ ကတမာ၊ နည်း။ ပကတိယာ၊ အားဖြင့်။ ဧဝံ၊ ဤသို့။ ဟောတိနုခေါ၊ ဖြစ်လေသလော။ နဟောတိနုခေါ၊ မဖြစ်လေသလော။ ကိံ၊ အဘယ်သို့။ ဟောတိနုခေါ၊ ဖြစ်လေသနည်း။ ကတံ၊ သို့။ ဝါ၊ ပုံ။ ဝါ၊ အားဖြင့်။ ဟောတိနုခေါ၊ ဖြစ်လေသနည်း။ ဣတိ၊ သို့။ သံသယပက္ခန္ဒော၊ အလွန်မြဲမြံသော ယုံမှားခြင်းသို့ ပြေးဝင်သည်။ ဝိမတိပက္ခန္ဒော၊ အလွန်မမြဲမြံသော ယုံမှားခြင်းသို့ ပြေးဝင်သည်။ ဒွေဋ္ဌကဇာတော၊ နှစ်ပါးသောအပြားအားဖြင့် တုန်လှုပ်သည်ဖြစ်၍ ဖြစ်သည်။ ဝါ၊ ဖြစ်သော။ နှစ်ပါးသော အပြားအားဖြင့် တုန်လှုပ်ခြင်း ရှိသည်။ ဝါ၊ နှစ်လုံးနှစ်ခု ရှိသည်ဖြစ်၍ဖြစ်သည်။ ဟော တိ၊၏။ သောပဂ္ဂလော၊ သည်။ ဝိမတ္တတိစ္ဆေဒနတ္ထာယ၊ ယုံမှားခြင်းကိုဖြတ်ရခြင်းအကျိုးငှာ။ ပဋ္ဌံ၊ ကို။ ပုစ္ဆတိ၊ ၏။ အယံပုစ္ဆာ၊ သည်။ ဝိမတိစ္ဆေဒနာ၊ သော။ ပုစ္ဆာ၊ မည်၏။

(တစ်နည်း)။ ။ဝိမတိစ္ဆေဒနာ၊ သော။ ပုစ္ဆာ၊ သည်။ အယံ၊ တည်း။ ကတမာပုစ္ဆာ၊ သည်။ အနုမတိပုစ္ဆာ၊ မည်သနည်း။

(တစ်နည်း)။ ။အနုမတိပုစ္ဆာ၊ သည်။ ကတမာ၊ နည်း။ ဘဂဝါ၊ သည်။ ဘိက္ခူနံ၊ တို့၏။ အနုမတိယာ၊ အလိုအားဖြင့်။ ပဋ္ဌံ၊ ကို။ ပုစ္ဆတိ၊ မေးတော်မူ၏။ ကိံ၊ သို့။ ပုစ္ဆတိ၊နည်း။ ဘိက္ခဝေ၊တို့။ မယာ၊ငါဘုရားသည်။ ဝုစ္စမာနံ၊ ဟောတော်မူအပ်လတ္တံ့သော။ ယံဝစနံ၊ သည်။ အတ္ထိ၊၏။တံဝစနံ၊ ထိုငါဘုရားဟောတော်မူအပ်လတ္တံ့သော စကားတော်ကို။ တုမှေ၊ တို့သည်။ ကိံမညထ၊ အဘယ်သို့ အောက်မေ့မှတ်ထင်ကြကုန်သနည်း။

(တစ်နည်း)။ ။ဘိက္ခဝေ၊ တို့။ မယာ၊ သည်။ ယံဝစနံ၊ ကို။ ဝုစ္စမာနံ၊ ဟောတော်မူအပ်လတ္တံ့။ တံဝစနံ၊ ကို။ တုမှေ၊ တို့သည်။ ကိံမညထ၊ ကုန်သနည်း။ ဣပိ၊ ရှုဟဒ္ဓန္ဓာသည်။ နိစ္စံဝါ၊ မြဲခြင်းသဘော ရှိလေသလော။

http://www.dhammadownload.com

အနိစ္စဝါ၊ မမြဲခြင်းသဘောရှိလေသလော။ ဣတိ၊ သို့။ အဝေါစ၊ မိန့်တော်မူပြီ။ ဧဝံ၊ သို့။ ဝုတ္တော၊သော်၊ တေဘိက္ခူ၊တို့သည်။ ဘဂဝန္တံ၊ ကို။အဝေါစုံ၊ ကုန်ပြီ၊ ကိံ၊ သို့၊ အဝေါစုံ၊ ကုန်သနည်း။ ဘန္တေ၊ဘုရား။ ရှုပံ၊သည်။အနိစ္စံ၊ မမြဲခြင်းသဘော ရှိပါ၏။ ဣတိ၊ သို့။ အဝေါစုံ၊ ကုန်ပြီ။ ဧဝံ၊ သို့။ ဝုတ္တော၊ သော်။ ဘဂဝါ၊ သည်။ တေဘိက္ခူ၊ တို့ကို။ တေဝံစနံ၊ ကို။ အဝေါစ၊ ပြီ။ ကိံ၊ သို့။ အဝေါစ၊ သနည်း။ ဘိက္ခဝေ၊ တို့။ ယံပန၊ အကြင်တရားသည်ကား။ အနိစ္စံ၊ အနိစ္စမည်၏။ ဝါ၊ မမြဲမြဲမတည်တံ့ အရှည်မခံ ခဲ့။ တံ၊ ထို အနိစ္စမည်သောတရားသည်။ သုခံဝါ၊ ချမ်းသာခြင်းသဘော ရှိလေသလော။ ဒုက္ခံ ဝါ၊ ဆင်းရဲခြင်းသဘောရှိလေသလော။ ဣတိ၊သို့။ အဝေါစ၊ ပြီ။ ဧဝံ၊ သို့။ ပုတ္တော၊ သော်။ တေဘိက္ခူ၊ တို့သည်။ ဘဂဝန္တံ၊ ကို။ တေဝံစနံ၊ ကို။ အဝေါစုံ၊ ကုန်ပြီ။ ကိံ၊ သို့။ အဝေါစုံ၊ ကုန်သနည်း။ ဘန္တေ၊ ဘုရား။ ယံပန၊ သည်ကား။ အနိစ္စံ၊ မည်၏။ ဝါ၊ မခံ ခဲ့၊ တံ၊ ထိုအနိစ္စမည်သောတရားသည်။ ဒုက္ခံ၊ ဆင်းရဲခြင်းသဘော ရှိပါ၏။ ဣတိ၊သို့။ အဝေါစုံ၊ကုန်ပြီ။ ဣတိအာဒိ၊ ဤသို့အစရှိသော။ သဗ္ဗံ၊ အလုံးစုံသောသုတ်ကို။ ဝတ္တဗ္ဗံ၊ ဆိုအပ်, ဆိုသင့်,ဆိုထိုက်၏။ အယံပုစ္ဆာ၊ သည်၊ အနုမတိပုစ္ဆာ၊ မည်၏။

(တစ်နည်း)။ ။အနုမတိပုစ္ဆာ၊ သည်။ အယံ၊ တည်း။ ကတမာပုစ္ဆာ၊ သည်။ ကထေတုကမျတာ၊ ဖြင့်။ ပဝတ္တာ၊ သော။ ပုစ္ဆာ၊ မည်သနည်း။ ။ (တစ်နည်း)။ ။ကထေတုကမျတာပုစ္ဆာ၊ မည်သနည်း။

(တစ်နည်း)။ ။ကထေတုကမျတာ၊ ဖြင့်။ ပဝတ္တာ၊ သော။ ပုစ္ဆာ၊ သည်။ ကတမာ၊ နည်း။ ။(တစ်နည်း)။ ။ကထေတုကမျတာပုစ္ဆာ၊ သည်။ကတမာ၊နည်း။ဘဂဝါ၊သည်။ဘိက္ခူနံ၊တို့အား။ကထေတုကမျတာယ၊ ဖြေဆိုတော်မူခြင်းငှာ အလိုရှိသည်၏အဖြစ်ကြောင့်၊ ပဥ္စ၊ ကို။ ပုစ္ဆတိ၊ မူ၏။ ကိံ ပုစ္ဆတိ။ နည်း။ ဘိက္ခဝေ၊ တို့။ သတိပဋ္ဌာန၁၊ တို့သည်။ ဣမေစတ္တာရော၊ ဤလေးပါးတို့ပေတည်း။ သတိပဋ္ဌာန၁၊တို့သည်။ ကတမေစတ္တာရော၊ အဘယ်လေးပါးတို့ပေနည်း။ ပ။ ဘိက္ခဝေ၊ တို့။ မဂ္ဂင်၊ မဂ်၁၊ မဂ်၎င်တို့သည်၊ ဣမေအဋ္ဌ၊ ဤရှစ်ပါးတို့ပေတည်း။ မဂ္ဂင်၊ မဂ်၁၊ တို့သည်။ ကတမေအဋ္ဌ၊ တို့ပေနည်း။ ဣတိ၊ သို့။ ပုစ္ဆတိ၊ မူ၏။ အယံပုစ္ဆာ၊ သည်၊ ကထေတုကမျတာ၊ ဖြင့်။ ပဝတ္တာ၊ သော။ ပုစ္ဆာ၊ မည်၏။

(တစ်နည်း)။ ။ကထေတုကမျတာပုစ္ဆာ၊ မည်၏။

(တစ်နည်း)။ ။ကထေတုကမျတာ၊ ဖြင့်။ ပဝတ္တာ၊ သော။ ပုစ္ဆာ၊ သည်၊ အယံ၊ ပင်တည်း။

http://www.dhammadownload.com

(တစ်နည်း)။ ။ကထေတုကမျတာဝုပုစ္ဆာသည်။ အယံ၊တည်း။ ဣတိဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ တာသံပုစ္ဆာနံ၊ တို့၏။ နာနတ္တံ၊ ထူးသည်၏ အဖြစ်တည်း။ ပဋ္ဌသု၊ ကုန်သော။ ဣမာသုပုစ္ဆာသု၊ တို့တွင်။ ဒိဋ္ဌသံသန္ဒနပုစ္ဆာဒီနံ၊ ဒိဋ္ဌသန္ဒနပုစ္ဆာ အစရှိသည်တို့၏။ အဘာဝဿ၊မရှိခြင်းကို။ ဝုတ္တကာလတော၊ ဆိုရာအခါမှ။ တာဝ၊ စွာ။ အဒိဋ္ဌဇောတနပုစ္ဆာယ၊ ၏။ အဘာဝေါ၊ ကို။ မယာ၊သည်။ ဝုစ္စတေ၊အပ်၏။ တထာဂတဿ၊ မြတ်စွာဘုရားသည်။ အဒိဋ္ဌဿ၊ မြင်တော်မမူအပ်သော။ ကဿစိ၊တစ်စုံတစ်ခုသော။ ဓမ္မဿ၊၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ တထာဂတဿ၊ အား။ အဒိဋ္ဌဇောတနာ၊ သော။ ပုစ္ဆာ၊ သည်။ နတ္ထိ၊ မရှိ။ အဟံ၊ သည်။ ဣဒံနာမဓမ္မံ၊ ဤမည်သော တရားကို။ အညေဟိ၊ ကုန်သော။ ပဏ္ဍိတေဟိ၊ ကုန်သော။ သမဏဗြာဟ္မဏေဟိ၊ တို့နှင့်။ သဒ္ဓိံ၊ တကွ။ သံသန္ဒိတွာ၊ ၍။ ဒေသေဿာမိ၊ ဟောတော်မူရတော့အံ့။ ဣတိ၊ သို့။ သမန္နာတရဿေဝ၊ စိတ်ကိုကောင်းစွာဆောင်ခြင်း၏သာလျှင်။ ဝါ၊နှလုံးသွင်းခြင်း၏သာလျှင်။ အနုပပ္ပန္နတော၊ မဖြစ်ခြင်းကြောင့်။ ဒိဋ္ဌသံသန္ဒနာ၊ သော။ ပုစ္ဆာပိ၊ သည်လည်း။ နတ္ထိ၊ မရှိ။

ပန၊ အဘို့တပါး....အံ့။ ယသ္မာ၊ ကြောင့်။ ဗုဒ္ဓါနံ၊ တို့အား။ ကေဓမ္မေပိ၊ တစ်ခုသောတရားဥစ္စာလည်း။ အာသပ္ပနာ၊ ပြင်းစွာပြေးသွားခြင်းဟု ဆိုအပ်သော ယုံမှားခြင်းသည်။ ပရိသပ္ပနာ၊ ထက်ဝန်းကျင်မှ ပြေးသွားခြင်းဟု ဆိုအပ်သော ယုံမှားခြင်းသည်။ နတ္ထိ၊မရှိ။ ကသ္မာ၊ကြောင့်။ ဗုဒ္ဓါနံ၊ တို့အား။ ကေဓမ္မေပိ၊ ဥစ္စာလည်း။ အာသပ္ပနာ၊ သည်။ ပရိသပ္ပနာ၊ သည်၊ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်ရသတဲ့နည်း။ ဣတိအယံ၊ သည်ကား။ ပုစ္ဆာ၊ တည်း။ ယသ္မာ၊ ကြောင့်၊ ဗုဒ္ဓါနံ၊ တို့အား။ ဝါ၊တို့သည်။ ဗောဓိမဏ္ဍေယေဝ၊ အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်၏ကြည်လင်ရာဖြစ်သော ဗောဓိညောင်ပင်ရှေ့ပလ္လင်၌သာလျှင်။ သဗ္ဗာ၊ ကုန်သော။ ကခ်ါ၊ ယုံမှားခြင်းတို့ကို၊ ဆိန္နာ၊ မဂ်အရဟတ်၊ သန်လျက်မြတ်ဖြင့်၊ ခုတ်ဖြတ် ဖျက်ဆီးတော်မူအပ်ကုန်ပြီ။ တသ္မာ၊ ထိုသို့ မြတ်စွာဘုရားတို့၏ ဗောဓိမဏ္ဍိုင်၌သာ အလုံးစုံသော ယုံမှားခြင်းတို့ကို မဂ်အရဟတ်၊ သန်လျက်မြတ်ဖြင့်၊ ခုတ်ဖြတ်ဖျက်ဆီးတော်မူအပ်ကုန်ပြီးသည်၏ အဖြစ်ကြောင့်။ ဗုဒ္ဓါနံ၊ တို့အား။ ကေဓမ္မေပိ၊ ဥစ္စာလည်း။ အာသပ္ပနာ၊ သည်။ ပရိသပ္ပနာ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ သို့။ ဝိညာယတိ၊ ၏။ ဤဘိအပေါ်၊ သည်ကား။ ဝိဿဇ္ဇနာ၊ တည်း။ တသ္မာ၊ ထိုသို့မြတ်စွာဘုရားတို့အား တစ်ခုသောတရားဥစ္စာလည်း။ အာသပ္ပနာ၊ပရိသပ္ပနာ၏ မရှိခြင်းကြောင့်။ ဝိမတိစ္ဆေဒနာ၊ သော။ ပုစ္ဆာပိ၊ သည်လည်း။ နတ္ထိယေဝ၊ သည်သာ။ ဝါ၊

http://www.dhammadownload.com

ရှိသည်မဟုတ်သည်သာ။ ပန၊ အဟုတ်ကား။ ယထာဝိုတ္တပုစ္ဆတော၊ အကြင် အကြင် ဆိုအပ်ပြီးသော အဒိဋ္ဌ ဇောတနာပုစ္ဆာ, ဒိဋ္ဌသံသန္ဒနပုစ္ဆာ, ဝိမတိစ္ဆေဒနပုစ္ဆာတို့မှ။ အဝသေသာ၊ ကုန်သော်။ ဒွေ၊ ကုန်သော်။ ပုစ္ဆာ၊ တို့သည်။ ဗုဒ္ဓါနံ၊တို့အား။ အတ္ထိ၊ရှိကုန်၏။ အယံပုစ္ဆာ၊သည်။ ဒိဿု၊ကုန်သော်။ တာသုပုစ္ဆာသု၊ တို့တွင်။ ကထေတုကမျတာ၊ ဖြေဆိုခြင်းငှာ အလိုရှိသည်၏ အဖြစ်ဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ပုစ္ဆာနာမ၊ မည်၏။

(တစ်နည်း)။ ။ကထေတုကမျတာပုစ္ဆာနာမ၊ ဖြေဆိုခြင်းငှါ အလိုရှိသည်၏ အဖြစ်ဖြင့် ဖြစ်သော ပုစ္ဆာမည်၏။

ဂ။ ။ဧဝံ၊ ဤသို့။ ဝါ၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ သီလံ၊ ကို။ ကတေတုကမျတာ၊ ဖြေဆိုတော်မူခြင်းငှါ အလိုရှိသည်၏အဖြစ်ဖြင့်။ ပုစ္ဆိတွာ၊ မေးတော်မူပြီး၍။ ဣဒါနိ၊ ၌။ ကထေဘုကမျတာယ၊ ဖြင့်။ ပုစ္ဆာယ၊ မေးအပ်သော ဟုစ္ဆာဖြင့်။ ဝါ၊ မေးကြောင်းဖြစ်သော ပုစ္ဆာဖြင့်။ ပုစ္ဆိတံ၊ မေးတော်မူအပ်ပြီးသော။ တံအတ္ထံ၊ထိုအနက်ကို။ ပါဏာတိပါတံ ပဟာယာတိ အာဒိနာ၊ ပါဏာတိပါတံပဟာယ-ဤသို့ အစရှိသောပါဠိဖြင့်။ ကထေတုံ၊ ဖြေဆိုတော်မူခြင်းငှါ။ ပါဏာတိပါတံပဟာယာတိ အာဒိ ံ ပါဏာတိပါတံ ပဟာယ ဤသို့ အစရှိသောပါဠိကို။ အာဟာ၊ ဟောတော်မူ၏။ တတ္ထတသ္မိ ံ ပါဠေ၊ ပါဏာတိပါတံပဟာယ အစရှိသော ထိုပါဠိ၌။ အဝယဝတ္ထော၊ကို။ ဧဝံ၊ နည်းဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ပါဏာဿ၊ ပညတ်အားဖြင့် သတ္တဝါ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို။*အတိပါတော၊ လျင်စွာချခြင်းတည်း။ ဝါ၊ လျင်စွာကျစေခြင်းတည်း။ ဝါ၊ ဓားလက်နက်တို့ဖြင့်လှမ်းမိုး၍ချခြင်းတည်း။ ဝါ၊ ဓားလက်နက်တို့ဖြင့် လှမ်းမိုး၍ ကျစေခြင်းတည်း။ ဝါ၊ လျင်စွာချကြောင်းဖြစ်သော စေတနာတည်း။ ဝါ၊ လျင်စွာကျစေကြောင်းဖြစ်သော စေတနာတည်း။ ဝါ၊ ဓားလက်နက်တို့ဖြင့် လှမ်းမိုး၍ ချကြောင်းဖြစ်သော စေတနာတည်း။ ဝါ၊ဓားလက်နက်တို့ဖြင့် လှမ်းမိုး၍ကျစေကြောင်းဖြစ်သော စေတနာတည်း။

ပါဏာတိပါတော၊ပညတ်အားဖြင့် သတ္တဝါ,ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို လျင်စွာချခြင်း။ ဝါ၊ပညတ်အားဖြင့် သတ္တဝါ,ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ

---

* ပုတ်ချက်။ ။[အတိပါတော၊ ။ဟူသော ပုဒ်ဝယ် ပဌမနည်း အလို–အတိ–သဒ္ဒါသည် အတိရေကတ္ထ။ အတိရေက–ဟူသည်လည်း သိဃဘာဝသာတည်း။ ဒုတိယနည်းအလို အတိသဒ္ဒါ-အဘိဘာဝနတ္ထ။]

http://www.dhammadownload.com

ကို လျင်စွာ ကျစေခြင်း။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ဓားလက်နက်တို့ဖြင့် လှုမ်းမိုး၍ချခြင်း။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ဓားလက်နက်တို့ဖြင့် လှုမ်းမိုး၍ ကျစေခြင်း။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို လျင်စွာချကြောင်းဖြစ်သော စေတနာ။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို လျင်စွာ ကျစေကြောင်းဖြစ်သော စေတနာ။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ဓားလက်နက်တို့ဖြင့် လှုမ်းမိုး၍ ချကြောင်းဖြစ်သော စေတနာ။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို ဓားလက်နက်တို့ဖြင့် လှုမ်းမိုး၍ ကျစေကြောင်းဖြစ်သောစေတနာ။ ပါဏာဝေ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို သတ်ခြင်းတည်း။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို သတ်ကြောင်းဖြစ်သော စေတနာတည်း။ ပါဏာသာတော၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို သတ်ခြင်းတည်း။ ဝါ၊ ပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို သတ်ကြောင်းဖြစ်သော စေတနာတည်း။ ပါဏာတိပါတော၊ စေတနာ။ လ္ဟုတိလ္ဟုဒဏ္ဍာဒီတိ၊ ဒါန်း။ ဝါ၊ ကို။ ဝုတ္တံ၊သည်။ ဟောတိ၊၏။

စ၊ အပြစ်....ပြပါအံ့။ ထို့ တော်မူ၍ ပါဠေ၊ ပါဏာတိပါတော ဟူသော ဤပါဠိဋ္ဌာ။ ဝေါဟာရတော၊ ဝေါဟာရအားဖြင့်။ ဝါ၊ အထူးအားဖြင့် စိတ်ကိုဆောင်တတ်သော ပညတ်အားဖြင့်။ သတ္တော၊သည်။ ပါဏောတိ၊ပါဏမည်၏။ ပရမတ္ထတော၊ ပရမတ္ထအားဖြင့်။ ဝါ၊ မဖောက်မပြန် မြတ်သော အနက် အားဖြင့်။ ဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေ, နာမ်ဇီဝိတိန္ဒြေသည်။ ပါဏောတိ၊ မည်၏။ ပန၊ အဘို့တပါး၊ အနက်သုံးကို, ပိုင်းခြားပြအံ့။ ဝါ၊ ပါဏသဒ္ဒါ၏ အဘိဓေယျတ္ထမှတစ်ပါး ပါဏာတိပါတသဒ္ဒါ၏ အဘိဓေယျတ္ထကို ဆိုဦးအံ့။ တသ္မိ ပါဏော၊ ထိုပညတ်အားဖြင့် သတ္တဝါ, ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေ၌၊ ပါဏသညိနော၊ သတ္တဝါဟုအမှတ်ရှိသော၊ပုဂ္ဂလသာ၏။ ဇီဝိတိန္ဒြိယုပစ္ဆေဒကဥပက္ကမသမုဋ္ဌာပိကာ၊ ဇီဝိတိန္ဒြေကို ဖြတ်တတ်သော လုံ့လကိုဖြစ်စေတတ်သော။ ကာယဝစီဒ္ဝါရာနံ၊ ကာယဒ္ဝါရ, ဝစီဒ္ဝါရတို့တွင်။ အညတရဒ္ဝါရပဝတ္တာ၊ အမှတ်မထား တစ်ပါးပါးသော ဒ္ဝါရ၌ဖြစ်သော ဝဓကစေတနာ၊ သတ်တတ်သောစေတနာသည်။ ဝါ၊ သတ်ကြောင်းဖြစ်သော စေတနာသည်။ ပါဏာတိပါတော၊ ပါဏာတိပါတ မည်၏။ သောပါဏာတိပါတော၊ သည်။ ဂုဏဝိရဟိတေသု၊ဂုဏ်တို့မှကင်းကုန်သော။ တိရစ္ဆာနဂတာ

http://www.dhammadownload.com

ဒီသူ၊ တိရစ္ဆာန် အစရှိကုန်သော။ ပါဏောသူ၊သတ္တဝါတို့တွင်း ခုဒ္ဒကော၊ ငယ်သော။ ပါဏော၊ ၌။ အပ္ပသာဝဇ္ဇော၊ နည်းသောအပြစ်ရှိသည်။ ဟောတိ၊၏။ (တစ်နည်း)။ ။ခုဒ္ဒကော၊ သော။ ပါဏော၊ သတ္တဝါကို။ အတိပါတိတော။ လွန်၍ကျစေအပ်သည်ရှိသော်။ ဝါ၊ ဓားလက်နက်တို့ဖြင့် လှမ်းမိုး၍ ကျစေအပ်သည်ရှိသော်။ အပ္ပသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။ မဟာသရီရော၊ ကြီးသောကိုယ်ရှိသော။ ပါဏော၊ ၌။ မဟာသာဝဇ္ဇော၊ များသော အပြစ်ရှိသည်။ ဝါ၊ ကြီးသောအပြစ်ရှိသည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။မဟာသရီရော၊ သော။ ပါဏော၊ ကို။ အတိပါတိတော၊ သော်။မဟာသာဝဇ္ဇော၊သည်။ ဟောတိ၊၏။ ကသ္မာ၊ကြောင့်။ မဟာသရီရော၊ သော။ ပါဏော၊ ၌။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊နည်း။ မဟာသရီရော၊ သော။ ပါဏော၊ ၌။ ပယောဂမဟန္တတာယ၊ လုံ့လ၏ များသည်၏ အဖြစ်ကြောင့်။ ဝါ၊ လုံ့လ၏ ကြီးသည်၏အဖြစ်ကြောင့်။ မဟာသရီရော၊ သော။ ပါဏော၊ ၌။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။ ပယောဂသမတ္တော၊ လုံ့လ၏ တူမျှသည်၏အဖြစ်သည်၊ ဝါ၊ လုံ့လ၏ ညီမျှသည်၏အဖြစ်သည်။ သတိပိ၊ ရှိပင်ရှိသော်လည်း။ မဟာသရီရော၊ သော။ ပါဏော၊ ၌။ ဝတ္ထု၊ မဟန္တတာယ၊ သတ်အပ်သော ဝတ္ထု၏ ကြီးသည်၏အဖြစ်ကြောင့်။ မဟာသရီရော၊ သော။ ပါဏော၊ ၌။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။ ဂုဏဝန္တော်သူ၊ ဂုဏ်ရှိကုန်သော။ မနုဿာဒီသူ၊ လူအစရှိကုန်သော။ ပါဏောသူ၊ တို့တွင်။ အပ္ပဂုဏော၊ နည်းသော ဂုဏ်ရှိသော်။ ပါဏော၊ ၌။ အပ္ပသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။အပ္ပဂုဏော၊ သော။ ပါဏော၊ ကို။ အတိပါတိတော၊ သော်။ အပ္ပသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။ မဟာဂုဏော၊ များသော ဂုဏ်ရှိသော။ ဝါ၊ ကြီးသောဂုဏ်ရှိသော။ ပါဏော၊ ၌။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။မဟာဂုဏော၊ သော။ ပါဏော၊ ကို။ အတိပါတိတော၊ သော်။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။ ပန၊ အဘို့တစ်ပါး....ပြအံ့။ သရီရဂုဏာနံ၊ ကိုယ့်ဂုဏ်တို့၏။ သမဘာဝေ၊ တူမျှကုန်သည်၏ အဖြစ်သည်။ ဝါ၊ ညီမျှကုန်သည်၏အဖြစ်သည်။ သတိ၊ခဲ့သော်။ ကိလေသာနဥ္စ၊ ဝဓကပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော် ကိလေသာတို့၏လည်းကောင်း။ ဥပက္ကမာနဥ္စ၊ ဝဓကပုဂ္ဂိုလ်၏ သန္တာန်၌ဖြစ်သော လုံ့လတို့၏ လည်းကောင်း။ မုဒုတာယ၊ နူးညံ့ကုန်သည်တို့၏အဖြစ်ကြောင့်။ အပ္ပသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။

http://www.dhammadownload.com

(တစ်နည်း)။ ။ကိလေသာနဉ္စ၊ တို့၏ လည်းကောင်း။ ဥပက္ကမာနဉ္စ၊ တို့၏လည်းကောင်း။ မုဒုတာယ၊ နူးညံ့ကုန်သည်တို့၏အဖြစ်သည်။ သတိ၊ သော်၊ အပ္ပသာဝဇ္ဇော၊ သည်၊ ဟောတိ၊ ၏။ ကိလေသာနဉ္စ၊ တို့၏ လည်းကောင်း။ ဥပက္ကမာနဉ္စ၊ တို့၏လည်းကောင်း။ တိဗ္ဗတာယ၊ထက်ကုန်သည်တို့၏အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။ကိလေသာနဉ္စ၊ တို့၏လည်းကောင်း။ ဥပက္ကမာနဉ္စ၊ တို့၏ လည်းကောင်း။ တိဗ္ဗတာယ၊ ထက်ကုန်သည်တို့၏အဖြစ်သည်။ သတိ၊ သော်။ မဟာသာဝဇ္ဇော၊ သည်၊ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗော၊ ၏။

တဿပါဏာတိပါတဿ၊ ထိုပါဏာတိပါတ၏။ *သမ္ဘာရာ၊ ပါဏာတိပါတ အကျိုးကို ကောင်းစွာ ဆောင်တတ်သော အကြောင်းအင်္ဂါတို့သည်၊ ပါဏော၊ သတ္တဝါ လည်းကောင်း။ ပါဏသညိတာ၊ သတ္တဝါဟု အမှတ်ရှိသည်၏အဖြစ်လည်းကောင်း။ ဝဓကစိတ္တံ၊ သတ်တတ်သောစိတ် လည်းကောင်း။ ဝါ၊ သတ်ကြောင်း ဖြစ်သောစိတ် လည်းကောင်း။ ဥပက္ကမော၊ လုံ့လလည်းကောင်း။ တေနဥပက္ကမေန၊ ထိုလုံ့လဖြင့်။ မရဏံ၊ သေခြင်းလည်းကောင်း။ ဣတိ၊ သို့၊ ပဉ္စ၊ ငါးပါးတို့သည်။ ဟောန္တိ၊ ကုန်၏။

(တစ်နည်း)။ ။ပါဏာတိပါတဿ၊၏။ သမ္ဘာရာ၊ တို့သည်။ ပါဏော၊ လည်း၊ ကော၊ တစ်ပါး။ ပါဏသညိတာ၊ အဖြစ်လည်း။ ကော၊ တစ်ပါး။ ဝဓကစိတ္တံ၊ စိတ်လည်း။ ကော်၊ တစ်ပါး။ ဥပက္ကမော၊ လလည်း၊ ကော၊ တစ်ပါး။ တေနဥပက္ကမေန၊ဖြင့်။ မရဏံ၊ ခြင်းလည်း။ ကော်၊ တစ်ပါး။ ဣတိ၊ ဤသို့သော အပြားအားဖြင့်။ ပဉ္စ၊ ကိုသည်။ ဟောန္တိ၊ ကုန်၏။

(တစ်နည်း)။ ။ပါဏာတိပါတဿ၊ ၏။ သမ္ဘာရာ၊ တို့သည်။ ပါဏော၊ လည်း တစ်ပါး။ပါဏသညိတာ၊အဖြစ်လည်းတစ်ပါး။ဝဓကစိတ္တံ၊စိတ်လည်း တစ်ပါး။ ဥပက္ကမော၊ လည်းတစ်ပါး။ တေနဥပက္ကမေန၊ဖြင့်။ မရဏံ၊ ခြင်းလည်း တစ်ပါး။ ဣတိ၊အားဖြင့်။ပဉ္စ၊ ကိုသည်။ ဟောန္တိ၊ ကုန်၏။

(တစ်နည်း)။ ။ပါဏာတိပါတဿ၊ ၏။ သမ္ဘာရာ၊တို့သည်။ ပါဏော၊ သည်လည်း။ ဟောတု၊ ဖြစ်စေ။ ပါဏသညိတာ၊ အဖြစ်သည်လည်း။ဟောတု၊ စေ။ ဝဓကစိတ္တံ၊ စိတ်သည်လည်း။ ဟောတု၊ စေ။ ဥပက္ကမော၊ လသည်

---

*မှတ်ချက်။ ။[ဤဝါကျ၌-သောတုဇနတို့၏ နယဂ္ဂါဟ့ ဥာဏဝမ္ဗုန အကျိုးငှါ။ သခ်္ခာ,သခ်ေယျံ,သရူပဝန္တ,သရူပ-ထင်ရှားစေခြင်းအကျိုးငှါ အနုည်းနည်းယောဇနာလိုက်၏။အရာတိုင်းနည်းယူ။]

http://www.dhammadownload.com

လည်း။ ဟောတု၊ စေ။ တေနဥပက္ကမေန၊ဖြင့်။ မရဏံ၊သည်လည်း။ဟောတု၊ စေ။ ဣတိ၊ အာဒိဖြင့်။ ပဠု၊ တို့သည်။ ဟောန္တိ၊ ကုန်၏။
၊ ပယောဂါ၊ ပယောဂတို့သည်။ သာဟတ္ထိကော၊ မိမိလက်ဖြင့် ဖြစ်သော ပယောဂလည်းကောင်း။ အာဏတ္တိကော၊ စေခိုင်းခြင်းဟူသော ပယောဂ လည်းကောင်း။ နိဿဂ္ဂိယော၊ စွန့်လွှတ်ခြင်း ဟူသော ပယောဂ လည်း ကောင်း။ ထာဝရော၊ မြဲမြံတည်တံ့ အရှည်ခံသော ပယောဂလည်းကောင်း။ ဝိဇ္ဇာမယော၊ အတတ်ဖြင့်ပြီးသော ပယောဂလည်းကောင်း။ ဣဒ္ဓိမယော၊ ကမ္မဝိပါကဇဝိဒ္ဓိဖြင့်ပြီးသော ပယောဂလည်းကောင်း။ ဝါ၊ ကံ၏ အကျိုး ကြောင့် ဖြစ်သော တန်ခိုးဖြင့်ပြီးသော ပယောဂလည်းကောင်း။ ဣတိ၊ သို့။ ဆ၊ တို့သည်။ ဟောန္တိ၊ ကုန်၏။ ပန၊ ဂန္ဓဂဠ၊ ကျမ်းလေးမှ ကြောင့်။ တစ်ခု မကျန်၊ စိစစ်ဟန်ကို၊ ပယ်လှန်ဖျက်ကာ၊ ဆက်ပြပါအံ့။ ဣမသ္မိံ အတ္ထေ၊ ဤပယောဂအနက်ကို။ ဝိတ္ထာရိယမာနေ၊ ချဲ့အပ်သည်ရှိသော်။ အတိဝိယ၊ အလွန်အကဲသာလျှင်။ ပပဉ္စော၊ ကျယ်သည်။ ဟောတိ၊ ဖြစ်ခဲ့၏။ တသ္မာ၊ ထိုသို့ အလွန်ကျယ်သည်၏ အဖြစ်ကြောင့်။ တံအတ္ထံ၊ ထိုပယောဂအနက်ကို။ မယံ၊ တို့သည်။ နဝိတ္ထာရယိဿာမ၊ မခဲ့ကုန်တော့အံ့။ စ၊ သည်သာမကသေး။ အညံ၊ သော။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ အတ္ထဥ္စ၊ အနက်ကိုလည်း။ နဝိတ္ထာရယိဿာမ၊ ကုန်တော့အံ့။ ပန၊ ထိုသို့ပင် မခဲ့ပါကုန်သော်လည်း။ အတ္ထိကေဟိ၊ အလိုရှိကြကုန်သော။ ကုလပုတ္တေဟိ၊ အမျိုးကောင်းသားတို့ သည်။ သမန္တပါသာဒိကံ၊ သပန္တုပါသာဒိက အမည်ရှိသော။ ဝိနယဋ္ဌကထံ၊ ဝိနည်းအဋ္ဌကထာကို။ ဩလောကေတ္ဝာ၊ ကြည့်ရှုကြကုန်၍။ တံအတ္ထဇာတံ၊ ထိုပယောဂအနက်ကို။ ဂဟေတဗ္ဗံ၊ ယူရာ၏။ ဝါ၊ ယူသင့် ယူထိုက်၏။ ဝါ၊ ယူကြလေ။ *ပဟာယာတိ၊ ကား။ ပါဏာတိပါတ စေတနာ သင်္ခါတံ၊ ပါဏာတိပါတစေတနာဟု ဆိုအပ်သော။ ဣမံဒုဿီလျံ၊ ဤသီလမရှိသော

---

*မှတ်ချက်။ ။[ကိဉ္စာပိ ပဟာယ ပဋိဝိရတောတိ ပဒေဟိ ဝုတ္တာနံ၊ ပဟာနဝိရမဏာနံ ပုရိမပစ္ဆိမကာလတာ နတ္ထိ။ မဂ္ဂဓမ္မာနံ ပန သမ္မာဒိဋ္ဌိ အာဒီနံ ပစ္စယဘူတာနံ သမ္မာဝါစာဒီနံ စ ပစ္စယုပ္ပန္နဘူတာနံ ပစ္စယပစ္စယုပ္ပန္နဘာဝေ အပေက္ခိတေ သဟဇာတာနမ္ပိ ပစ္စယပစ္စယုပ္ပန္နဘာဝေန ဂဟဏံ ပုရိမပစ္ဆိမဘာဝေနဝိယ ဟောတိ ပစ္စယော‌တိ ပုရိမတရံ ပစ္စယသတ္တိယာ ဌိတော။ တတော‌ပရံပစ္စယုပ္ပန္နံ ပစ္စယသတ္တိ ပဋိစ္စပဝတ္တတ်။ တသ္မာ ဂဟဏပဝတ္တိ အာကာရဝဝသေန

http://www.dhammadownload.com

ပုဂ္ဂိုလ်၏အဖြစ်တည်းဟူသော စေတနာကို။ ပဇဟိတ္တဲ့၊ ပယ်စွန့်ပြီး၍။ ဝါ၊ ပယ်စွန့်ခြင်းကြောင့်။ ပဋိဝိရတောတိ၊ ကား။ ပဟီနကာလတော၊ ပယ်အပ်ပြီးရာအခါမှ။ ပဋ္ဌာယ၊၍။ တတောဒုဿီလျတော၊ မှ။ ဩရတော၀၊ ရှောင်ကြဉ်တော်မူသည်သာလျှင်။ ဝိရတော၀၊ ရှောင်ကြဉ်သည်သာလျှင်။ ဟုတ္တဲ့၊ ၍။ ဝိဟရတိ၊ ၏။

(တစ်နည်း)။ ။ဩရတော၀၊ ရှေးရှုရှောင်ကြဉ်တော်မူသည်သာလျှင်။ ဝိရတော၀၊ အထူးအားဖြင့် ရှောင်ကြဉ်ကော်မူသည်သာလျှင်၊ ဟုတ္တဲ့၊ ၍။ ဝိဟရတိ၊ မူ၏။

သဟဇာတာဒီပစ္စယဘုတေသု သမ္မာဒိဋ္ဌိအာဒီသု ပဟာယကဓမ္မေသု ပဟာနကြိယာယ ပုရိမကာလဝေါဟာရော တပ္ပစ္စယုပ္ပန္နာသုစ ဝိရတိသု ဝိရမဏကြိယာယ အပရကာလဝေါဟာရော သမ္ဘဝတိ၊ တသ္မာ သမ္မာဒိဋ္ဌိအာဒီဟိ ပါဏာတိပါတံ ပဟာရသမ္မာဝါစာဒီဟိ ပါဏာတိပါတာ ပဋိဝိရတောတိ ပါဋိယံ အတ္ထောဒဋ္ဌဗ္ဗော။ ။ သီလကွန်ဋီကာဟောင်း၊ သစ်။ တိကနိပါတ်အဂုတ္တိ၂ရ် ဝိသာခုပေါသထသုတ်ဋီကာ။ မူလပဏ္ဏာသစူဠဟတ္ထိ - ပဒေါပမသုတ်ဋီကာ။ ။ ဤဋီကာမျာ်းအလို။ ။ပဇဟိတ္တဲ့၊ သဟဇာတ ပစ္စည်းဖြစ်သော သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိ-ဟူသော မဂ်အစိတ်ဖြင့်ပယ်တော်မူ၍။ ဝါ၊ကြောင့်။ ပါဏာတိပါတာမှ ပဋိဝိရတော၊ သဟဇာတပစ္စယုပ္ပန်ဖြစ်သော သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ-ဟူသော မဂ်အစိတ်ဖြင့် အသီးသီးကင်းလျက် ရှောင်ကြဉ်တော်မူသည်။ ။ဟု ယောဇနာရမည်။ ။ပဟာနံသမုစ္ဆေဒဝသေန ဝိရတိပဋိပဿဒ္ဓိဝသေန ယောဇေတဗ္ဗာ။ တသ္မာ မဂ္ဂေန ပါဏာတိပါတံပဟာယ ဖလေန ပါဏာတိပါတာ ပဋိဝိရတောတိ အတ္ထော။ ။၎င်း ဋီကာမျာ်း။ ။ဤ ဋီကာမျာ်း အလို။ ။ပဇဟိတ္တဲ့၊ သမုစ္ဆေဒပဟာနသတ္တိရှိသော မဂ်ဖြင့် ပယ်တော်မူပြီး၍။ ပါဏာတိပါတာ၊မှ။ ပဋိဝိရတော၊ ပဋိပဿဒ္ဓိပဟာန သတ္တိရှိသော ဖိုလ်ဖြင့်အသီးသီးကင်းလျက် ရှောင်ကြဉ်တော်မူသည်။ ။ဟုယောဇနာရမည်။ ။အပိစပါဏော အတိပါတိယတိ ဧတေနာတိ ပါဏာတိပါတော၊ ပါဏဃာတဟေတုဘူတော။ ဓမ္မသမ္ဘဟော။ ကောပဏော၊ အဟိရိကာနောတ္တပ္ပ ဒေါသ မောဟ ဝိဟိံသာဒယော ကိ

http://www.dhammadownload.com

တဿဘဂဝတော၊ အား။ အဟံ၊ ငါဘုရားသည်။ ဝိတိက္ကမိဿာမိ၊ လွန်ကျူးရတော့အံ့။ ဣတိ၊သို့။ဥပပဇ္ဇနကာ၊ ဖြစ်ကုန်သော။ စက္ခုသောတဝိညေယျာ၊ စက္ခုဝိညာဉ်, သောတဝိညာဉ်ဖြင့်သိအပ်ကုန်သော။ဝါ၊ စက္ခုဝိညာဉ်, သောတဝိညာဉ်တို့ဖြင့် သိအပ်ကုန်ပြီးသည်ဖြစ်၍။ ထိုစက္ခုဝိညာဉ်, သောတဝိညာဉ်ကိုမှီသဖြင့် မနောဝိညာဉ်ဖြင့် သိအပ်ကုန်သော၊ ဓမ္မာ၊ တို့သည်။ နတ္ထိ၊ မရှိကုန်။*ကာယိကာ၊ ကာယဒွါရဖြင့် ပြုအပ်ကုန်သော။ ဓမ္မာ၊ဗလဝအကုသိုလ်တရားတို့သည်။

လေသာ။ တေဟိ ဘဂဝါအရိယမဂ္ဂေန ပဟာယ သမုဂ္ဃာဠေတွာ ပါဏာတိပါတ ဒုဿီလျတော၁ အစ္စန္တမေဝ ပဋိဝိရတော၁ ကိလေသေသု ပဟီနေသု တန်နိမိတ္တကမ္မဿ အနုပဗ္ဗန္နတော။တသ္မာမဂ္ဂေနပါဏာတိပါတံ ယထာဝုတ္တံ ကိလေသံ ပဟာယ တေနေဝ ပါဏာတိပါတာဒုဿီလျ စေတနာ ပဋိဝိရတောတိ အတ္ထော။ ။ဂုဏ်းဋီကာများ။ ဤဋီကာများအလို။ ။ပါဏာတိပါတံ၊ ပညတ်အားဖြင့် သတ္တဝါ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို လျင်စွာချကြောင်းဖြစ်သော အဟိရိကအနောတ္တပ္ပဒေါသမောဟဝိဟိသာဒိ ကိလေသာကို။ ပဇဟိတွာ၊ အရိယာမဂ်ဖြင့်ပယ်တော်မူပြီး၍။ ပါဏာတိပါတာ၁၊ စေတနာမှ။ ပဋိဝိရတော၁၊ အရိယာမဂ်ဖြင့် အသီးသီးကင်းလျက် ရှောင်ကြဉ်တော်မူသည်။ ။ဟုယောဇနာရမည်။ ။အဒိန္နာဒါနံပဟာယ-အစရှိသောသိက္ခာပုဒ်များ၌လည်း ထိုက်သည့်အားလျော်စွာ ထည့်လောင်းဖြည့်စွက်၍ ဤနည်းချည်းသာ ယောဇနာရမည်။]

*ပုတ်ချက်။ ။[ပဂေဝကာယိကာတိ။ ။ဟူ၍ဂုဏ်း။ ။ပဂေဝကာဋ္ဌကာတိ။ ။ဟူ၍ဂုဏ်း–ပါဋ္ဌနှစ်ထွေရှိကြ၏။ ထိုတွင်–ကာဋ္ဌကာ ဟူသော ပါဋ္ဌကိုသာ ဋီကာဟောင်း၌ဆို၏၊ ဋီကာသစ်၌ကား-ကာယိကာ ပါဋ္ဌကိုဖွင့်ပြီးဆိုပြီး၍ ကာဋ္ဌကာ–ဟူသောပါဋ္ဌကို ဋီကာဟောင်း၌ ဖွင့်ကြောင်းကိုဆို၏။ မန္တလေးမြို့ ပိဋကတ်တော်ပြန့်ပွားရေးဌာနမှ ရိုက်နှိပ်အပ်သော သိလက္ခန် ဋီကာဟောင်း၌ကား။ ။ကာယိကာတိ ပါဏာတိပါတာဒိနိပ္ပါဒကေ ဗလဝါ ကုသလေ သန္ဓာယာဟ။ ။ဟူ၍ ကာယိကာ ပါဋ္ဌကိုပင်ထုတ်ခဲ့၏။ ပါဋ္ဌကွဲသော်လည်း အဓိပ္ပါယ်ကား အလွန်မထူးကြ။]

http://www.dhammadownload.com

(တစ်နည်း)။ ။ကာဋ္ဌကာ၊မည်းညစ်ကုန်သော။ ဓမ္မာ၊ တို့သည်။ပဂေဝ၊ ရှေးဦးမဆွ အစကသာလျှင်။ နတ္ထိ၊ မရှိကုန်။

(တစ်နည်း)။ ။ပဂေဝအတ္ထိ၊အဘယ်မှာလျှင် ရှိပါကုန်တော့အံ့နည်း။ နတ္ထိဧဝ၊ မရှိကုန်တော့သည်သာ။ ဣတိဣမိနာဝနယေန၊ ဤဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ အညေသု၊ ပါဏာတိပါတံ ပဟာယပါဏာတိပါတာ ပဋိဝိရတော-ဟူသော်ပုဒ်မှ တပါးကုန်သော။ ဧဝရူပေသု၊ကုန်သော။ ပဒေသုပိ၊ အဒိန္နာဒါနံပဟာယ, အဒိန္နာပဋိဝိရတော-အစရှိသော်ပုဒ်တို့၌လည်း။အတ္ထော၊ ကို။ ဧဝံတဗ္ဗော၊ ၏။

သမဏောတိ၊ ကား။ ဘဂဝတော၊ ၏။ သမိတပါပတာယ၊ ငြိမ်းအေးစေအပ်ပြီးသော မကောင်းမှုရှိတော်မူသည်၏ အဖြစ်ကြောင့်။ လဒ္ဓဝေါဟာရော၊ သမဏဟူ၍ ရအပ်ပြီးသော ဝေါဟာရရှိတော်မူသော။ ဝါ၊ သမဏဟူ၍ ရအပ်ပြီးသော ပညတ်ရှိတော်မူသော။ ဘဂဝါ၊ သည်။ ဝိဟရတိ၊၏။ ဂေါတမောတိ၊ ကား။ ဂေါတ္တဝသေန၊ အနွယ်၏အစွမ်းအားဖြင့်။ လဒ္ဓဝေါဟာရော၊ ဂေါတမဟူ၍ ရအပ်ပြီးသော ဝေါဟာရရှိတော်မူသော။ ဝါ၊ ဂေါတမဟူ၍ ရအပ်ပြီးသောပညတ်ရှိတော်မူသော။ ဘဂဝါ၊ သည်။ ဝိဟရတိ၊ ၏။ စ၊ အပြစ်တင်ရန်....ပါအံ့။ ကေဝလံ၊ သံဃာနှင့် မရောမယှက်သက်သက်။ ဘဂဝါယေဝ၊ သည်သာလျှင်။ ပါဏာတိပါတာ၊ မှ။ နပဋိဝိရတော၊ အသီးသီးကင်းလှဲက်ရှောင်ကြဉ်တော်မူသည် မဟုတ်သေး။ ဘိက္ခုသံဃောပိ၊ သည်လည်း။ ပါဏာတိပါတာ၊ မှ။ ပဋိဝိရတော၊ သည်။ ကိဉ္စာပိဟောတိ၊ ပေ၏။ ပန၊ သော်**လည်း**။ ဒေသနာ၊ ဒေသနာသည်။ အာဒိတော၊ မှ။ ပဋ္ဌာယ၊ ၍။ ဧဝံ၊ ဤသို့မြတ်စွာဘုရား၏ အစွမ်းအားဖြင့်သာ။ အာဂတာလာပြီ၊

ပန၊ ထိုသို့ပင် မြတ်စွာဘုရား၏ အစွမ်းအားဖြင့် လာပါသော်လည်း။ အတ္ထိ၊ ကို။ ဒိဋ္ဌေန္တေန၊ ပြသော။ အာစရိယေန၊ သည်။ ဘိက္ခုသံဃဝသေနာပိ၊ ဂုဟန်းအပေါင်း၏ အစွမ်းအားဖြင့်လည်း။ အတ္ထိ၊ ကို။ ဒိဋ္ဌေတုံ၊ ၄၁။ ဝါ၊ ပြခြင်းသည်။ ဝဋ္ဋတိ၊ သင့်သေးသည်သာ၊ နိဟိတဒဏ္ဍောနိဟိတသတ္ထောတိ၊ ကား။ ဘဂဝတော၊ ၏။ ပရူပဃာတတ္ထာယ၊တစ်ပါးသောသတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက် **ဖျက်**ဆီးရခြင်း အကျိုးငှာ၊ ဒဏ္ဍံဝါ၊ လေးတောင်ရှိသော တုတ်လုံတံကိုသော်လည်းကောင်း။ဝါ၊ တောင်ဌေးကိုသော်လည်းကောင်း။ သတ္တံဝါ၊ ဓားလက်နက်ကိုသော်လည်းကောင်း။ အာဒါယ၊ ယူ၍၊ ဝါ၊ ကိုင်၍၊ အဝံတွနံတော၊ ဖြစ်တော်မမူခြင်းကြောင့်။ ဝါ၊ လှည့်လည်တော်

http://www.dhammadownload.com

မမူခြင်းကြောင့်။ နိုက္ခိတ္တဒဏ္ဍောစေ၀၊ ချထားအပ်ပြီးသော တုတ် လုံတံ ရှိတော်မူသည် လည်းကောင်း။ နိုက္ခိတ္တသတ္ထောစ၀၊ ချထားအပ်ပြီးသော ခဲ၀ား လက်နက် ရှိတော်မူ သည်လည်းကောင်း။ ဟုတ္တာ၊ ၍။ ဝိဟရတိ၊ မူ၏။ ဤတိ အယံ၊သည်ကား။ အတ္ထော၊တည်း။စ။ လီနန္တရ၊သမ္ဘ၀ကြောင့်၊ သူကကပ်ဘိ၊ ၀ါကျရှိကို၊ မှတ်သိဘို့ရာ၊ လီနတ္တာကို၊ ဆက်ကာပြပိမ့်။ ဧတ္ထတေသ္မိံ ပါဌေ၊ နိဟိတဒဏ္ဍော နိဟိတသတ္ထော-ဟူသော ဤပါဌ်၌။ဒဏ္ဍံ၊လေးတောင်ရှိသော တုတ်ကို။ ၀ါလေးတောင်ရှိသော တောင်ဝှေးကို၊ ထပေတ္ဝာ၊ ၍။ ဒဏ္ဍတော၊ မှ။ အ၀သေသဿ၊ ကြွင်းကျန်သော။ သပ္ပဿာပိ၊ အလုံးစုံလည်းဖြစ်သော။ ဥပကာရ၏ဿ၊အဆောက်အဦ၏။သတ္တာနံ၊တို့ကို။ဝိဟေဋ္ဌနဘာ၀တော၊ ညှဉ်း ဆဲနှိပ်စက်ဖျက်ဆီးကြောင်း၏အဖြစ်ကြောင့်။ဒဏ္ဍတော၊မှ။အ၀သေသံ၊သော။ သဗ္ဗမ်ိ၊လည်းဖြစ်သော။ ဥပကရဏံ၊ကို။သတ္ထန်တ်၊သတ္ထဟူ၍။ဝေဒိတဗ္ဗံ၊၏။

ပန။အပြစ်တင်ရန်....ပြပါအံ့။ ဘိက္ခု၊တို့သည်။ ယံကတ္တုရဒဏ္ဍံ၀ါ၊အကြောင်း သူအိုကိုင် တောင်ဝှေးကိုသော်လည်းကောင်း။ ယံဒန္တကဋ္ဌ၀ါသိံ၀ါ၊ အကြောင် ဒန်ပူ ဖြတ်ကြောင်း ဖြစ်သော ပဲခွံပ်ကိုသော်လည်းကောင်း။ ယံပိပ္ပလိကံ၀ါ၊ အကြောင် လက်သည်းလှီးဒေါင်းငယ်ကို သော်လည်းကောင်း။ ဂဟေတ္ဝာ၊ ယူကြ ကုန်၍။ ၀ါ၊ကိုင်ကြကုန်၍။ ဝိစရန္တိ၊ လှည့်လည်ကြကုန်၏။တံ ကတ္တုရဒဏ္ဍံ၀ါ၊ ကိုသော်လည်းကောင်း။ တံ ဒန္တကဋ္ဌ၀ါသိံ၀ါ၊ ကို သော်လည်းကောင်း။ တံပိပ္ပလိကံ၀ါ၊ ကိုသော်လည်းကောင်း။ ပရူပဃာတတ္ထာယ၊ အကျိုးငှာ။ ဂဟေတ္ဝာ၊ ကုန်၍။နဝိစရန္တိ၊ လှည့်လည်ကြသည်မဟုတ်ကုန်။တသ္မာ၊ ကြောင့်။ နိဟိတဒဏ္ဍော နိဟိတသတ္ထောတ္ဝေ၀၊ နိဟိတဒဏ္ဍော, နိဟိတသတ္ထော ဟူ၍ သာလျှင်။ သခ်္ခ်၊ ခေါ်ဝေါ်ပညတ်သမုတ်အပ်သည်၏ အဖြစ်သို့။ ဂစ္ဆတိ၊ ရောက်၏။ ။*လဇ္ဇီ တိ၊ဟူသည်ကား။ ပါပဇိဂုစ္ဆနလက္ခဏာယ၊ ယုတ်မာသော အကုသိုလ်တရားတို့ကိုစက်ဆုတ်ခြင်းဟူသော လက္ခဏာရှိသော။ ၀ါ၊ ယုတ်မာသော အကုသိုလ်တရားတို့ကို စက်ဆုတ်ခြင်းဟူသော မှတ်ကြောင်းရှိသော။ ၀ါ၊ ယုတ်မာသောအကုသိုလ်တရားတို့ကို စက်ဆုပ်ခြင်း ဟူ၍ မှတ်အပ်သော။ လဇ္ဇာယ၊ ရှက်ခြင်းနှင့်။ သမန္နာဂတော၊ တော်မူသည်။

---

* မှတ်ချက်။ ။[လဇ္ဇီ။ ။ဟူသော၁ပါဠိ၌ ဟောတော်မူအပ်သော လဇ္ဇာဖြင့် ဩတ္တပ္ပ-ကိုလည်း ယူရမည်ဟု ဋီကာ ဟောင်းသစ်တို့၌ ဆိုကြ၏။]

http://www.dhammadownload.com

ဒယာပန္နောတိ၊ ကား။ ဒယံ၊ စောင့်ရှောက်တတ်သော မေတ္တာစိတ်သို့။ မေတ္တာစိတ္တတံ၊ မေတ္တာစိတ် ရှိသည်၏အဖြစ်သို့။ ဝါ၊ မေတ္တာရှိသော စိတ်ရှိသည်၏ အဖြစ်သို့။ ဝါ၊ မေတ္တာနှင့် အညီအညွတ်အပြားတို့ဖြင့် ယှဉ်သောစိတ် ရှိသည်၏ အဖြစ်သို့။ အာပန္နော၊ ရောက်တော်မူသည်။ သဗ္ဗေ။ပ။ နုကမ္မိတိ၊ ကား။ သဗ္ဗေ၊ ကုန်သော။ ပါဏဘူတေ၊ ဖြစ်သော ရုပ် ဇီဝိတိန္ဒြေ, နာမ် ဇီဝိတိန္ဒြေ ရှိသော သတ္တဝါတို့ကို။ ဝါ၊ ဖြစ်သော ဝင်သက် ထွက်သက် ရှိသော သတ္တဝါတို့ကို။ ဝါ၊ ရုပ် ဇီဝိတိန္ဒြေ,နာမ်ဇီဝိတိန္ဒြေရှိသော သတ္တဝါ, ကံအား လျော်စွာ ဖြစ်တတ်သော သတ္တဝါတို့ကို။ ဝါ၊ ဖြစ်ပြီး, ဖြစ်ဆဲ ဖြစ်သော သတ္တဝါတို့ကို။ ဟိတေန၊ အစီးအပွားဖြင့်။ အနုကမ္ပကော၊ သနား စောင့် ရှောက်တော်မူတတ်သည်။ တာယဒယာပန္နတာယ၊ ထိုစောင့်ရှောက်တတ် သော်မေတ္တာစိတ်ရှိသည်၏ အဖြစ်သို့ ရောက်တော်မူသည်၏ အဖြစ်ကြောင့်။ သဗ္ဗေသံ၊ ကုန်သော။ ပါဏဘူတာနံ၊တို့၏။ ဟိတစိတ္တကော၊ အစီးအပွားကို အလိုရှိသောစိတ် ရှိတော်မူသည်။ ဟုတ္ဝာ၊ ၍။ ဝိဟရတိ၊မူ၏။ ဣတိအယံ၊ သည်ကား။အတ္ထော၊တည်း။ ။ဝိဟရတိတိ၊ကား။ဣရိယတိ၊ဖြစ်စေတော်မူ၏။ ယပေတိ၊ မျှတတော်မူ၏။ ယာပေတိ၊ မျှတစေတော်မူ၏။ ပါလေတိ၊ စောင့် ရှောက်တော်မူ၏။

ဣတိ။ပ။ ဝေတိ၊ ကား။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဝါဣဿိသော်လည်း။ ဝဒေယျ၊ ပြောဆိုနိုင်ရာ၏။ ဝါသဒ္ဒေါ၊ ဝါသဒ္ဒါကို။ ဥပရိ၊ အထက်၌ ဖြစ် ကုန်သော။ အဒိန္နာဒါနံပဟာယာတိအာဒီနိ၊ အဒိန္နာဒါနံပဟာယ-ဣသို့ အစရှိကုန်သော။ ပဒါနိ၊ ပုဒ်တို့ကို။ အပေက္ခိတ္ဝာ၊ရှုငဲ့၍။ ဝိကပ္ပတ္ထော၊ ဝိကပ်အနက်ရှိ၏ဟူ၍။ ဝါ၊ အထူးကြဲဆခြင်းအနက်ရှိ၏ဟူ၍။ ဝါ၊ အသီးအခြားကြဲဆခြင်း အနက်ရှိ၏ ဟူ၍။ ဝုတ္ထော၊ ပြီ။ ဧဝံ၊ တူ။ သဗ္ဗတ္ထသဗ္ဗယု၊ ကုန်သော။ သိက္ခာပဒေသု၊ တို့၌။ ပုရိမံ၊ရှေးဖြစ်သော။ဝ စနံဝါ၊ သဒ္ဒါကို သော်လည်းကောင်း။ ပစ္ဆိမံ၊ နောက်ဖြစ်သော။ ဝစနံဝါ၊ ကို သော်လည်း ကောင်း၊ အပေက္ခိတ္ဝာ၊ ၍။ ဝိကပ္ပဘာဝေါ၊ဝိကပ်၏အဖြစ်ကို။ ဝါ၊ အထူး ကြဲဆခြင်း၏အဖြစ်ကို၊ ဝေဒိတဗ္ဗော၊ ၏။

— ပန၊ မထင်ကွယ်....ပြုအံ့။ အယံ၊သည်။ တွေတေသွိ ပါဠေ၊ ဣတိဝါဟိ ဘိက္ခဝေ အစရှိသောဣပါဠိ၌။သခ်ေပေါ၊တည်း။ ဘိက္ခဝေ၊တို့။ ပုထုဇ္ဇနော၊ သည်၊ တထာဂတဿ၊ ၏။ ဝါ၊ ကို။ ဝဏ္ဏံ၊ ကို။ ဝါ၊ ကို။ ဝဒမာနော၊သော်၊ ဧဝံ၊သို့။ ဝဒေယျ၊နိုင်ရာ၏။ ကိံ၊သို့။ ဝဒေယျ၊ နိုင်ရာသနည်း။ ဂေါတမော၊

http://www.dhammadownload.com

ဂေါတမ အန္တဲယ်ရှိသော၊ သမဏော၊သည်။ ပါဏာ၊ ပညတ်အားဖြင့် သတ္တဝါ၊ ပရမတ္ထအားဖြင့် ဇီဝိတိန္ဒြေကို၊ နဟနုတိ၊ ကိုယ်တိုင်လည်း သတ်တော်မမူ။ နဃာတေတိ၊ တစ်ပါးသောသူကိုလည်း သတ်စေတော်မမူ။ တတ္ထတသ္မိံ ပါဏာတိပါတေ၊ ၌။ သမနုညော၊ ကောင်းစွာခွင့်ပြုတော်မူသည်။ ဝါ၊မိမိစိတ်ကို ပြင်းစွာနှစ်သက်စေတော်မူသည်။နဟောတိ၊မမူ။ ဣမသ္မာ ဒုဿီလျာ၊ ဤသီလမရှိသောပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာ ဖြစ်သော ပါဏာတိပါတအကုသိုလ်စေတနာမှ၊ ဝိရတော၊ အထူးအားဖြင့် ရှောင်ကြဉ်တော်မူ၏။ ရေ၊ အိုအချင်းတို့။ ဗုဒ္ဓဂုဏာ၊ မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးတို့သည်။ အဟော မဟန္တာဝတ၊ ဩ–မြတ်ပေကုန်စွတကား။ ဝါ၊မြတ်ပေကုန်စွ–ဩ။ ဣတိဝေါ၊ သို့။ ဝဒေယျ၊နိုင်ရာ၏။ ဣတိ၊ သို့။ မဟန္တံ၊ ကြီးစွာသော။ ဥဿာဟံ၊ အားထုတ်ခြင်းကို။ ကတ္တာ၊ ၍။ ဝဏ္ဏံ၊ ကို။ ဝတ္တုံ၊ ဟူ၍ မေ၊ ပြောဆိုခြင်းငှါ အလိုရှိသည်။ သမ်ာနော်ပိ၊ သော်လည်း။ အပ္ပမတ္တကံ၊ သော။ ဩရမတ္တကံ၊ သော။ အာစာရသီလမတ္တကမေဝ၊ သူတော်ကောင်းတို့၏ အကျင့်ဟု ဆိုအပ်သော သီလမျှကိုသာလျှင်။ ဝါ၊ သူတော်ကောင်းတို့၏ အကျင့်ဟု ဆိုအပ်သော သီလကိုသာလျှင်။ ဝါ၊ သူတော်ကောင်းတို့၏ ယုတ်ညံ့သိမ်ဖျင်းသော၊ သီလကိုသာလျှင်။ ဝက္ခတိ၊ ဆိုနိုင်လိမ့်လတ္တံ့။

ဥပရိ၊ သော။ အသာဓာရဏာဘာဝံ၊ ထူးသော ဆောင်ခြင်းမရှိသည်၏ အဖြစ်ကို။ ဝါ၊ မဆက်ဆံသည်၏အဖြစ်ကို။ နိဿာယ၊ မှီ၍။ ဝဏ္ဏံ၊ ကို။ ဝတ္တုံ၊ ဟူ၍။ နသက္ခိဿတိ၊ စွမ်းနိုင်လိမ့်မည်မဟုတ်။ စ၊ သည်သာမကသေး။ ကေဝလံ၊ အရိယာပုဂ္ဂိုလ်၊ ပစ္စေကဗုဒ္ဓါတို့နှင့် မရောမယှက် သက်သက်။ ပုထုဇ္ဇနော၀၊ သည်သာလျှင်။ ဥပရိ၊ သော။ အသာဓာရဏာဘာဝံ၊ ကို။ နိဿာယ၊ မှီ၍။ ဝဏ္ဏံ၊ ကို။ ဝတ္တုံ၊ ဟူ၍။ နနသက္ကောတိ၊ မစွမ်းနိုင်သည်မဟုတ်သေး။ သောတာပန္နပေါအရဟန္တာပိ၊သောတာပန်၊သကဒါဂါမ်၊အနာဂါမ်၊ ရဟန္တာတို့သည်လည်းကောင်း။ပစ္စေကဗုဒ္ဓါပိ၊တို့သည်လည်းကောင်း။ ဥပရိ၊ သော။ အာသာဓာရဏာဘာဝံ၊ ကို။ နိဿာယ၊ ၍။ ဝဏ္ဏံ၊ ကို။ ဝတ္တုံ၊ ဟူ၍။ နသက္ကောန္တိယေ၀၊ မစွမ်းနိုင်ကြကုန်သည်သာ။ ဝါ၊ စွမ်းနိုင်ကြသည် မဟုတ်ကုန်သည်သာ။ ပန၊ အဟုတ်ကား။ တထာဂတောယေ၀၊ ငါဘုရားသည်သာလျှင်။ ဥပရိ၊ သော။ပေါ။ ဝတ္တုံ၊ ဟူ၍။ သက္ကောတိ၊ စွမ်းနိုင်ဘော်မူသည်သာ။ တံဝဏ္ဏံ၊ ကို။ အဟံ၊ သည်။ ဝေါ၊သင်ချစ်သားတို့အား။ ဥပရိ၊ ၌။ ဝက္ခာမိ၊ ဟောတော်မူပေအံ့။ ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ သခ်ေပေါ၊တည်း။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ တတ္ထတေသ္မိံ ပါဒဒ္ဒ၊ ဣတိဝါဟိဘိက္ခဝေ-

http://www.dhammadownload.com

အစရှိသော ဤပါဠိ၌။ သာဓိပ္ပါယာ၊ အဓိပ္ပါယ်နှင့်တကွ ဖြစ်သော။ အတ္ထ ဝဏ္ဏနာ၊ အနက်၏ အဖွင့်တည်း။ ဝါ၊ အနက်ကိုဖွင့်ရာဖွင့်ကြောင်းဖြစ်သော အဋ္ဌကထာတည်း။ ပန၊ အပြစ်တင်ရန်....ပြပါအံ့။ ဣတောသိက္ခာပဒတော၊ ဤပါဏာတိပါတာ သိက္ခာပုဒ်မှ။ ပရံ၊ နောက်၌။ အပုဗ္ဗပဒမေဝ၊ ရှေးမဟုတ်သော ပုဒ်ကိုသာလျှင်။ ဝါ၊ အသစ်ဖြစ်သောပုဒ်ကိုသာလျှင်။ မယံ၊ တို့သည်။ ဝဏ္ဏယိဿာမ၊ ဖွင့်ကြကုန်တော့အံ့။

အဒိန္နဒါနံ ပဟာယာတိတ္ထေ၊ ဤပါဠိ၌။ အဝ်ယဝတ္ထော၊ ကို။ ဧဝံ၊ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ အဒိန္နဿ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူဇာတ်ရှိသောတစ်ပါးသောသူ၏ ဥစ္စာကို။ အာဒါနံ၊ ခိုးယူခြင်းတည်း။ ဝါ၊ ခိုးယူကြောင်းဖြစ်သော စေတနာတည်း။ အဒိန္နာဒါနံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူဇာတ်ရှိသော တစ်ပါးသောသူ၏ ဥစ္စာကို ခိုးယူခြင်း။ ဝါ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူဇာတ်ရှိသော တစ်ပါးသောသူ၏ဥစ္စာကို ခိုးယူကြောင်းဖြစ်သော စေတနာ။ ပရဿ၊ မိမိ ဥစ္စာမှ တစ်ပါးသောဥစ္စာကို။ ဝါ၊ တစ်ပါးသောသူ၏ ဥစ္စာကို။ ဟရဏံ၊ ခိုးယူကြောင်းဖြစ်သော စေတနာတည်း။ ထေယျံ၊ ခိုးတတ်သောပုဂ္ဂိုလ်၏ ဥစ္စာဖြစ်သော စေတနာတည်း။ စောရိကာ၊ ခိုးတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာဖြစ်သော စေတနာတည်း။ အဒိန္နာဒါနံ၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော လူဇာတ်ရှိသော တစ်ပါးသောသူ၏ဥစ္စာကို ခိုးယူကြောင်းဖြစ်သော စေတနာ။ ဣတိဣဒံအတ္ထဇာတံ၊ သည်။ ဝါ၊ ကို။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။

တတ္ထတသ္မိံပဒေ၊အဒိန္နာဒါနံ-ဟူသောထိုပုဒ်၌။ယတ္ထယသ္မိံပရပရိဂ္ဂဟိတေ၊ အကြင်တစ်ပါးသောသူသည် သိမ်းဆည်းအပ်သော ဥစ္စာ၌။ ပရော၊ သော။ ပုဂ္ဂလော၊ သည်။ ယထာကာမကာရိတံ၊ အကြင်အကြင်အလိုအတိုင်း ပြုခြင်း အလေ့ရှိသည်၏ အဖြစ်သို့။ အာပဇ္ဇန္တော၊ ရောက်သည်ရှိသော်၊ အဒဏ္ဍာရဟောစ၊ ဒဏ်ထားခြင်းငှါမထိုက်သည်လည်းကောင်း။ အနုပဝဇ္ဇောစ၊ မကဲ့ရဲ့မစွပ်စွဲအပ်သည်လည်းကောင်း။ ဟောတိ၊ ၏။ တံပရပရိဂ္ဂဟိတံ၊ ထို တစ်ပါးသော သူသည် သိမ်းဆည်းအပ်သော ဥစ္စာသည်၊ အဒိန္နန္တိ၊ အဒိန္နမည်၏၊ ယတ္ထယသ္မိံ ပရပရိဂ္ဂဟိတေ၊ ၌။ ပ။ ဟောတိ၊၏။ တသ္မိံပရပရိဂ္ဂဟိ တေ၊ ၌။ ပရပရိဂ္ဂဟိတသညိနော၊ တစ်ပါးသောသူသည် သိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိသော။ ပုဂ္ဂလဿ၊ ၏။ တဒါ ဒါယက ဥပက္ကမသမုဋ္ဌာပိကာ၊ ထိုတစ်ပါးသော သူသည် သိမ်းဆည်းအပ်သော ဥစ္စာကို ခိုးယူကြောင်း ဖြစ်သော

http://www.dhammadownload.com

လုံ့လကိုဖြစ်စေတတ်သော၊ ထေယျစေတနာ၊ ခိုးတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သောစေတနာသည်။ အဒိန္နာဒါနံ၊ နမည်၏။ တံ အဒိန္နာဒါနံ၊ သည်။ ဟီနေ၊ ယုတ်နိမ့်အောက်ကျသော၊ ပရသန္တကေ၊ တစ်ပါးသော သူတို့၏ဥစ္စာ၌။ အပ္ပသာဝဇ္ဇံ၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။ဟီနေ၊သော၊ ပရဿန္တကေ၊ ကို။ အာဒိန္နေ၊ ခိုးယူအပ်သည်ရှိသော်။ အပ္ပသာဝဇ္ဇံ၊ သည်။ ဟောတိ၊ ၏။ ပဏီတေ၊ မြတ်သော။ ပရသန္တကေ၊ ၌။ မဟာသာဝဇ္ဇံ၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။ပဏီတေ၊ သော။ ပရသန္တကေ၊ ကို။ အာဒိန္နေ၊သော်၊ မဟာသာဝဇ္ဇံ၊ သည်။ ဟောတိ၊ ၏။ ကသ္မာ၊ ကြောင့်။ ပဏီတေ၊ သော၊ ပရသန္တကေ၊ ၌။ မဟာသာဝဇ္ဇံ၊ သည်။ ဟောတိ၊ နည်း။ ပဏီကေ၊ သော။ ပရသန္တကေ၊ ၌။ ဝတ္ထုပဏီတတာယ၊ ခိုးယူအပ်သောဝတ္ထု၏ မြတ်သည်၏ အဖြစ်ကြောင့်။ ပဏီတေ၊ သော၊ ပရသန္တကေ၊ ၌။ မဟာသာဝဇ္ဇံ၊ သည်။ ဟောတိ၊ ၏။ ဝတ္ထုသမတ္တေ၊ ခိုးယူအပ်သော ဝတ္ထု၏ တူမျှသည်၏ အဖြစ်သည်။ ဝါ၊ ခိုးယူအပ်သော ဝတ္ထု၏ ညီမျှသည်၏အဖြစ်သည်။ သတိ၊ သော်။ ဂုဏာဓိကာနံ၊ လွန်ကဲသောဂုဏ်ရှိကုန်သော။ ပုဂ္ဂလာနံ၊ တို့၏။ သန္တကေ၊ ဥစ္စာဖြစ်သော။ ဝတ္ထုသ္မိံ၊ ဝတ္ထု၌။ မဟာသာဝဇ္ဇံ၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။သန္တကေ၊ သော၊ ဝတ္ထုသ္မိံ၊ ကို။ အာဒိန္နေ၊ ခိုးယူအပ်သည်ရှိသော်။ မဟာသာဝဇ္ဇံ၊ သည်။ ဟောတိ၊ ၏။ တံတံ ဂုဏာဓိကံ၊ ထိုထိုလွန်ကဲသော ဂုဏ်ရှိသောပုဂ္ဂိုလ်ကို။ ဥပါဒါယ၊ ကပ်၍ ယူ၍။ ဝါ၊ စွဲ၍။ ဝါ၊ ထောက်ဆ၍။ တတော တတောဂုဏာဓိကတော၊ ထိုထိုလွန်ကဲသော ဂုဏ်ရှိသော ပုဂ္ဂိုလ်အောက်။ ဟီနဂုဏဿ၊ ယုတ်နိမ့်အောက်ကျသော ဂုဏ်ရှိသော။ ပုဂ္ဂလဿ၊ ၏။ သန္တကေ၊ သော။ ဝတ္ထုသ္မိံ၊ ၌။ အပ္ပသာဝဇ္ဇံ၊ သည်း ဟောတိ၊ ၏။

(တစ်နည်း)။ ။သန္တကေ၊ သော။ ဝတ္ထုသ္မိံ၊ ကို။ အာဒိန္နေ၊ ရှိသော်။ အပ္ပသာဝဇ္ဇံ၊ နည်းသောအပြစ်ရှိသည်။ ဟောတိ၊ ၏။

*တဿ အဒိန္နာဒါနဿ၊၏။ သမ္ဘာရာ၊ တို့သည်။ ပရဲရိဂ္ဂဟိတံ၊ တစ်ပါးသော သူသည် သိမ်းဆည်းအပ်သော ဥစ္စာလည်းကောင်း။ပရပရိဂ္ဂဟိတသည်တာ၊ တစ်ပါးသောသူသည် သိမ်းဆည်းအပ်သော ဥစ္စာဟု အမှတ်ရှိသည်၏

*ပှတ်ချက်။ ။[ကြွင်းကျန်သောနည်းများကို ပါဏာဝိပါတသိက္ခာပုဒ်၌ ဆိုအပ်သောနည်းကိုယူ၍ ယောဇနာကြလေ။]

http://www.dhammadownload.com

အဖြစ်လည်းကောင်း။ ထေယျစိတ္တံ၊ ခိုးတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်း ဖြစ်ရာ ဖြစ်သော စိတ်လည်းကောင်း။ ဥပက္ကမော၊ လုံ့လ လည်းကောင်း။ တေန ဥပက္ကမေန၊ ဖြင့်။ အဝဟရဏံ၊ ခိုးယူခြင်း လည်းကောင်း။ ဣတိ၊ သို့။ ပဒူ၊ တို့သည်။ ဟေဒ္ဓံ၊ ကုန်၏။

ပယောဂါ၊ တို့သည်။ သာဟတ္ထိကာဒယောဝ၊ သာဟတ္ထိက အစရှိသည် သာလျှင် ဖြစ်ကုန်သော။ ဝါ၊ သာဟတ္ထိက အာဏတ္တိက နိဿဂ္ဂိယ ထာဝရ ဝိဇ္ဇာမယ ဣဒ္ဓိမယတို့သည်သာလျှင်ဖြစ်ကုန်သော။ဆ၊ကုန်သော။ ပယောဂါ၊ ပယောဂတို့ပင်တည်း။ စ၊ မပြတ်စပ်လာ....ပြပိမ့်။ တေပယောဂါ၊ တို့သည်း ယထာနုရူပံ၊ အကြင်အကြင် လျော်သည်အတိုင်း။ ဝါ၊ လျော်သည် အားလျော်စွာ။ ထေယျုဉ္ဝဟာရော၊ ထေယျုဉ္ဝဟာရလည်းကောင်း။ ဝါ၊ ခိုးတတ်သော ပုဂ္ဂိုလ်၏ ဖြစ်ကြောင်းဖြစ်ရာဖြစ်သောစိတ်ဖြင့် ခိုးယူခြင်း လည်းကောင်း။ ပသယ္ဟာဝဟာရော၊ ပသယ္ဟာဝဟာရ လည်းကောင်း။ ဝါ၊ လှမ်းမိုးနှိပ်စက်၍ ခိုးယူခြင်း လည်းကောင်း။ ဝါ၊ နိုင်ထက်ကလူပြု၍ ခိုးယူခြင်း လည်းကောင်း။ ပဋိစ္ဆန္နာဝဟာရော၊ ဖုံးလွှမ်းအပ်သော ဘဏ္ဍာကို ခိုးယူခြင်း လည်းကောင်း။ ပရိကပ္ပါဝဟာရော၊ ပရိကပ္ပါဝဟာရ လည်းကောင်း။ ဝါ၊ ဘဏ္ဍာကို ကြံဆခြင်း၊ ဘဏ္ဍာထားရာ အရပ်က ကြံဆခြင်း၏ အစွမ်းအားဖြင့် ကြံဆ၍ ခိုးယူခြင်း လည်းကောင်း။ ကုသာဝဟာရော၊ ကုသာဝဟာရ လည်းကောင်း။ ဝါ၊ ကမ္မည်းပြောင်း၍ ခိုးယူခြင်း လည်းကောင်း။ ဣတိ၊ သို့။ ဝါ၊ ဤသို့ အစရှိကုန်သော။ ဣမေသံ အဝဟာရာနံ၊ ဤခိုးခြင်းတို့၏။ ဝဇ်ဇေန၊ အားဖြင့်။ ပဝတ္တာ၊ ဖြစ်ကုန်ပြီ။ အယံ၊ ဤဆိုအပ်ပြီးသည်ကား။ တတ္ထတေသံ အဋ္ဌကထာယံ၊ ဤ သုမင်္ဂလဝိလာသိနီ အမည်ရှိသော ဒီဃနိကာယ် အဋ္ဌကထာ၌။ သခေ်ပေါ၊ တည်း။

ပန၊အဘို့တစ်ပါး....ပြပါအံ့။ဝါ၊သခေ်ပမှတစ်ပါး ဝိတ္ထာရကို ဆိုဦးအံ့။ ဝိတ္ထာရော၊ ကို။ သမန္တပါသာဒိကာယံ၊ သမန္တပါသာဒိက အမည်ရှိသော ဝိနည်းအဋ္ဌကထာ၌။ မယာ၊ သည်။ ဝုတ္တော၊ အပ်ပြီ။ ယောဘဂဝါ၊ သည်။ ဒိန္နမေဝ၊ ပေးအပ်သော ဥစ္စာကိုသာလျှင်။ အာဒိယတိ၊ ယူတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုသို့ပေးအပ်သော ဥစ္စာကိုသာလျှင် ယူတော်မူတတ်သည်၏ အဖြစ်ကြောင့်။ သောဘဂဝါ၊ သည်။ ဒိန္နာဒါယီ၊ ယီမည်တော်မူ၏။ ယော ဘဂဝါ၊ သည်။ စိတ္တေနာပိ၊ စိတ်ဖြင့်လည်း။ ဒိန္နမေဝ၊ ပေးအပ်သော ဥစ္စာကိုသာလျှင်။ ပဋိဂ်္ဂဟိတံ၊ အလိုရှိတော်မူတတ်၏။ ဣတိတသ္မာ၊ ထိုသို့ စိတ်ဖြင့်လည်း ပေးအပ်သော ဥစ္စာကိုသာ အလိုရှိတော်မူတတ်သည်၏

http://www.dhammadownload.com

အဖြစ်ကြောင့်။ သောဘဂဝါ သည်။ ပါဠိကံ၌၊ ပါဠိကံ၌ မည်တော်မူ၏။ ယောပဠုဂလော၊ သည်။ ထေနေတိ၊ ခိုးတတ်၏။ ဣတိတသ္မာ၊ ထိုသို့ ခိုးတတ်သည်၏ အဖြစ်ကြောင့်၊ သောပဂလော၊ သည်။ ထေနော၊ ထေနမည်၏။ *နထေနေန၊ ခိုးတတ်သည် မဟုတ်သော။ အထေနေန၊ ခိုးတတ်သည် မဟုတ်သော။ အထေနတ္တာယေဝ၊ မခိုးတတ်သည်၏အဖြစ်ကြောင့်သာလျှင်။ သုစိဘူတေန၊ စင်ကြယ် သည် ဖြစ်၍ ဖြစ်သော။ အတ္တနာ၊ အတ္တဘောဖြင့်။ ဝိဟရတိ၊ ၏။ အတ္တာနံ၊ အတ္တကို။ ဝါ၊ အတ္တဘောကို။ အထေနံ၊ မခိုးတတ်သည်ကို။ အထေနံ၊ မခိုးတတ်သည်၏ အဖြစ်ကြောင့်၊ သုစိဘူတံ၊ စင်ကြယ်သည်ဖြစ်၍ ဖြစ်သည်ကို။ ကတွာ၊ ၍။ ဝိဟရတိ၊ မူ၏။ ဣတိဣဒံ အတ္ထဇာတံ၊ သည်။ ဝါ၊ ကို။ ဝုတ္တံ၊ သည်။ ဟောတိ၊ ၏။ သေသံ၊ ကြွင်းကျန်သောအစီအရင်ကို၊ ပဌမသိက္ခာပဒေ၊ ရှေးဦးစွာသော ပါဏာတိပါတသိက္ခာပုဒ်၌။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ယောဇေတဗ္ဗံ၊ ယှဉ်စပ်အပ်၏။

စ၊ လီနဓိပ္ပါ....ပြုပိမ့်၊ ဣတ္ထမသို့ သိက္ခာပဒေ၊ ဤအဒိန္နာဒါနသိက္ခာပုဒ်၌။ သေသံ၊ ကို။ ပဌမသိက္ခာပဒေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ယောဇေတဗ္ဗံယထာ၊ အပ်သကဲ့သို့၊ ဝေါ၊ တူ၊ သဗ္ဗတ္ထသမ္ဘဝသု၊ ကုန်သော။

---

*မှတ်ချက်။ ။[အထေနေန။ ။ဟူသောပါဠိဝယ်-အ-သဒ္ဒါ, န-သဒ္ဒါ၏ ကာရိယတည်း။ ။(တစ်နည်း)။ ။န-သဒ္ဒါ အနက်ရှိသော နိပါတ်ပုဒ်တစ်ခုတည်းဟု ပြခြင်းငှာ။ ။နထေနေန။ ။ဟု ဆို၏။ သံဝဏ္ဏေတဗ္ဗပုဒ်ကို ဖွင့်ဆိုရာ၌-ပါဠိသံဝဏ္ဏေတဗ္ဗ ဝါကျအခိုက်အတံ့ အတိုင်း ဖွင့်ဆိုအပ်သော (ဝါကျဝတ္ထိကန္တ) သံဝဏ္ဏနာ။ ပါဠိသံဝဏ္ဏေတဗ္ဗ ဝါကျသို့ မလိုက်မူ၍ ဖြစ်သင့်သော ဝိဘျန္တပုဒ် အခိုက်အတံ့ အတိုင်း ဖွင့်ဆိုအပ်သော (ပဒါဝတ္ထိကန္တ) သံဝဏ္ဏနာဟု နှစ်မျိုးရှိရာ ဝါကျဝတ္ထိကန္တသံဝဏ္ဏနာနည်းဖြင့် ဖွင့်လိုရကား။ ။ နထေနေန အထေနေန၊ ။ဟု မိန့်တော်မူ၏။

အထေနေန သုစိဘူတေန အတ္တနာ။ ။ဟူသော သုံးပုဒ်လုံးမှာလည်း ဣတ္ထမ္ဘူတလက္ခဏာ အနက်၌ တတိယာဝိဘတ် သက်၏ဟု သိစေခြင်းငှာ။ ။အထေနံ သုစိဘူတံ အတ္တာနံ ကတွာ။ ။ဟု မိန့်တော်မူ၏။]

http://www.dhammadownload.com

သိက္ခာပဒေသု၊ တို့၌။ သေသံ၊ ကို။ ပဌမသိက္ခာပဒေ၊ ၌။ ဝုတ္တနယေနေဝ၊ ဖြင့်သာလျှင်။ ယောဇေတဗ္ဗံ၊ ၏။ အပြဟ္မစရိယန္တိ၊ ကား။ အသေဋ္ဌစရိယံ၊ မမြတ်သော အကျင့်ကို၊ ဝါ။ မမြတ်သောအကျင့်ကို ကျင့်ခြင်းကို။ ဝါ၊ မမြတ်သောအကျင့်ကို ကျင့်ကြောင်းဖြစ်သော စေတနာကို။ ဝါ၊မမြတ်သော ပုဂ္ဂိုလ်ဘို့၏အကျင့်ကို။ဝါ၊ မမြတ်သောပုဂ္ဂိုလ်တို့၏အကျင့်ကို ကျင့်ခြင်းကို။ ဝါ၊ စေတနာကို။ ပဟာယ၊ ၍။ ပြဟ္မစာရီ၊ တော်မူတတ်၏။ ယောဘဝေါ၊ သည်။ ပြဟ္မံ၊ မြတ်သော။ သေဋ္ဌံ၊ သော။ အာစာရံ၊ အကျင့်ကို။ စရတိ၊ ကျင့်တော်မူတတ်၏။ ဣတိထသ္မာ၊ ထိုသို့မြတ်သောအကျင့်ကို ကျင့်တော်မူတတ်သည်၏ အဖြစ်ကြောင့်။ သောဘဝေါ၊ သည်။ ပြဟ္မစာရီ၊ ရှိမည်တော်မူ၏။ အနာစာရိတိ၊ အနာစာရီဟူသည်ကား။ အပြဟ္မစရိယတော၊ မမြတ်သော မေထုန်အကျင့်မှ။ ဒုရာစာရီ၊ ဝေးသောအကျင့်ရှိတော်မူသည်။ ဝါ၊ ဝေးသည်ဖြစ်၍ ကျင့်တော်မူတတ်သည်။ ဟုတ္တာ၊ ၍။ ဝိဟရတိ၊၏။ မေထုနာတိ၊ ကား။ ရာဂပရိယုဋ္ဌာနဝသေန၊ ရာဂ၏ထက်ဝန်းကျင်မှကုသိုလ်စိတ်ကို ကုန်စေ၍တည်ခြင်း၏အစွမ်းအားဖြင့်။ ဝါ၊ ရာဂ၏လွှမ်းမိုးနှိပ်စက် ဖျက်ဆီးခြင်း၏ အစွမ်းအားဖြင့်။ ဝါ၊ ရာဂ၏ထကြွလှုပ်ရှားခြင်း၏ အစွမ်းအားဖြင့်။ ဝါ၊ ရာဂ၏ ထိုးကျင့်ခြင်း၏ အစွမ်းအားဖြင့်၊ သဒိသတ္တာ၊ သဘောတူကုန်သည်၏အဖြစ်ကြောင့်။ မေထုနကာတိ၊ မေထုနကတို့ ဟူ၍။ ဝါ၊ သဘောတူတို့ဟူ၍။ လဒ္ဓဝေါဟာရေဟိ၊ ရအပ်သော ခေါ်ဝေါ်ပြောဆိုခြင်း ရှိကုန်သော။ ပုဂ္ဂလေဟိ၊ တို့သည်။ ပဋိသေဝိတဗ္ဗတော၊ မှီဝဲအပ်သည်၏ အဖြစ်ကြောင့်။ မေထုနာတိ၊ မေထုန-ဟူ၍။ သခ်္ခံ၊ ခေါ်ဝေါ်ပညတ် သမုတ်အပ်သည်၏ အဖြစ်သို့။ဂတာ၊ ရောက်သော။ အသဒ္ဓမ္မာ၊ သူတော်မဟုတ်သူယုတ်တို့၏ အကျင့်သဘောဖြစ်သော မေထုန်အကျင့်မှ။ ဂါမဓမ္မောတိ၊ ကား။ ဂါမဝါသိနံ၊ ရွာ၌နေလေ့ရှိကြကုန်သော ပုဂ္ဂိုလ်တို့၏။ ဓမ္မော၊ အကျင့်သဘောမှ။ ပဋိဝိရတော၊ မူ၏။

မုသာဝါဒံ ပဟာယာတိတ္ထေ၊ ၌။ အဝယဝတ္ထော၊ ကို။ ဇေ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ ဝိသံဝါဒနပုရေက္ခာရဿ၊ ချုတ်ယွင်းစေကြောင်း ဖြစ်သော စိတ်ကို ရှေ့ထားသော။ ဝါ၊ ချုတ်ယွင်းစေကြောင်းဖြစ်သော စိတ်ကို ရှေ့သွားပြုသော။ ပုဂ္ဂလဿ၊ ၏။ အတ္ထာဘဥ္ဇနကော၊ အကျိုးစီးပွားကို ဖျက်ဆီးတတ်သော၊ ဝစီပယောဂေါဝါ၊ဝစီပယောဂသည်သော်လည်းကောင်း။ဝါ၊ ဝစီဒ္ဒါရဖြင့် ပြုအပ်သော အမူအရာသည် သော်လည်းကောင်း။ ကာယပယောဂေါဝါ၊ ကာယပဒ္ဓယောဂသည်သော်လည်းကောင်း။ ဝါ၊ ကာယဒ္ဒါရ

http://www.dhammadownload.com

ဖြင့်ပြုအပ်သော အမူအရာသည် သော်လည်းကောင်း။ မုသာတိ၊ မုသာမည်၏၊

ပန၊ အဘို့တစ်ပါး....ပြအံ့။ ဝါ၊မုသာသဒ္ဒါ၏ အဘိဓေယျတ္ထမှတစ်ပါး မုသာဝါဒသဒ္ဒါ၏ အဘိဓေယျတ္ထကို ဆိုဦးအံ့။ ဝိသံဝါဒနာဓိပ္ပါယေန၊ချုတ်ယွင်းစေခြင်းကို အလိုရှိသဖြင့်၊ အဿပုဂ္ဂလဿ၊ ထိုချုတ်ယွင်း စေတတ်သော ပုဂ္ဂိုလ်၏။ ပရဝိသံဝါဒန ကာယဝစီပယောဂသမုဋ္ဌာပိကာ၊ တစ်ပါးသော သူကို ချုတ်ယွင်းစေကြောင်းဖြစ်သော ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော။ စေတနာ၊ သည်။ *မုသာဝါဒေါ၊ ဒမည်၏။အပရော၊ဆိုအပ်ပြီးသော မုသာသဒ္ဒါ၏ မိစ္ဆာပရိယာယနည်းမှ တစ်ပါးသော။ နယော၊ ဆိုအပ်လတ္တံ့သော မုသာသဒ္ဒါ၏ ဝိသံဝါဒိတမ္ဘတ္ထဝါစကနည်းကို။ ဧဝံ၊ ဖြင့်။ ဝေဒိတဗ္ဗော၊ ၏။ အဘူတံ၊ ထင်ရှား မရှိသော။ ဝါ၊ မဟုတ် မမှန်သော။ အတစ္ဆံ၊ မမှန်ကန်သော။ ဝတ္ထု၊ သည်။ မုသာတိ၊ မည်၏။ တဿဝတ္ထုဿ၊ ထိုမဟုတ်မမှန်သောဝတ္ထုကို၊ ဘူတတော၊ ထင်ရှားရှိသောအားဖြင့်။ ဝါ၊ ဟုတ်မှန်သောအားဖြင့်။ တစ္စတော၊ မှန်ကန်သောအားဖြင့်၊ ဝိညာပနံ၊ သိစေခြင်းသည်၊ ဝါဒေါတိ၊ ဝါဒမည်၏။

ပန၊ အဘို့တစ်ပါး....ပြအံ့၊ ဝါ၊ အဝယဝတ္ထုမှတစ်ပါး သမူဟတ္ထကို ဆိုဦးအံ့။ လက္ခဏတော၊ မှတ်ကြောင်းဖြစ်သေဝသဘောအားဖြင့်။ အတထံ၊ သော။ ဝတ္ထုံ၊ ကို။ တထတော၊ မှန်ကန်သောအားဖြင့်၊ ပရံ၊ သော။ပုဂ္ဂလံ၊ ကို၊ ဝိညာပေတုကာမဿ၊ သိစေခြင်းငှာအလိုရှိသော။ ပုဂ္ဂလဿ၊ ၏။တထာ၊ ထိုမဟုတ်မမှန်သောဝတ္ထုကို ဟုတ်မှန်သော အားဖြင့် သိစေခြင်းဟူသော အခြင်းအရာအားဖြင့်။ ဝိညတ္တိသမုဋ္ဌာပိကာ၊ ကာယဝိညတ်, ဝစီဝိညတ်ကို

---

* မှတ်ချက်။ ။[မုသာဝါဒေါ။ ။ဟူသောပုဒ်ဝယ်– ပဌမနည်းအလို–မုသာ-သဒ္ဒါသည် မိစ္ဆာပရိယာယ ကိရိယာပဓာန- တတိယန္တနိပါဋ်တည်း။ ။(တစ်နည်း)။ ။မိစ္ဆာပရိယာယ ကိရိယာပဓာန-ဒုတိယန္တနိပါဋ်တည်း။ ပဌမနည်းအလို။ ။မုသာ ကာယဝစီပယောဂေန ဝဒတိ ဝိညာပေတိ တောယာတိ မုသာဝါဒေါ၊ စေတနာ။ မုသာ ကာယဝစီပယောဂံ ဝဒတိဝါ သမုဋ္ဌာပေတိ တောယာတိ မုသာဝါဒေါ၊ သာဝ။ ။ဟုကရဏသာဓနဝစနတ္ထ ပြုအပ်၏။ ဒုတိယနည်းအလို။ ။မုသာ ဝတ္ထုဝဒီယတိ ဝုစ္စတိ ဧတေနာတိ မုသာဝါဒေါ။ ။ဟု ကရဏသာဓ်ပင်ပြုအပ်၏။]

http://www.dhammadownload.com

ဖြစ်စေတတ်သော။ စေတနာ၊ သည်။ မုသာဝါဒေါ၊ မည်၏။ သောမုသာဝါဒေါ၊ ထိုမုသာဝါဒသည်။ ဝါ၊ ထိုမဟုတ်မမှန်သော ကာယပယောဂ၊ ဝစီပယောဂဖြင့် သိစေခြင်းသည်။ ဝါ၊ မဟုတ်မမှန်သော ကာယပယောဂ၊ ဝစီပယောဂဖြင့် သိစေကြောင်းဖြစ်သောစေတနာသည်။ ဝါ၊ မဟုတ်မမှန်သောကာယပယောဂ၊ ဝစီပယောဂကို ဖြစ်စေခြင်းသည်။ ဝါ၊ ဖြစ်စေကြောင်းဖြစ်သော စေတနာသည်။ ဝါ၊ မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် ပြောဆိုခြင်းသည်။ ဝါ၊ ပြောဆိုကြောင်းဖြစ်သောစေတနာသည်။ ယံအတ္ထံ၊ ကို။ ဘဉ္ဇတိ၊ ဖျက်ဆီး၏။ တဿအတ္ထသာ၊ ထိုဖျက်ဆီးအပ်သော်အကျိုး၏ အပ္ပတာယ၊ နည်းသည်၏အဖြစ်ကြောင့်။ အပ္ပသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။အပ္ပတာယ၊ သည်။ သတိ၊ သော်။ အပ္ပသာဝဇ္ဇော၊ သည်။ ဟောတိ၏။ မဟန္တတာယ၊ များသည်၏အဖြစ်ကြောင့်။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။

(တစ်နည်း)။ ။မဟန္တတာယ၊ သည်။ သတိ၊ သော်။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။

အပိစအ်ပရော၊ ဆိုအပ်ပြီးသော အသာဓာရဏာနည်းမှ တစ်ပါးသော။ နယော၊ ဆိုအပ်လတ္တံ့သောသဗ္ဗသာဓာရဏာနည်းကို။ မယာ၊သည်။ ဝုစ္စတေ၊ အပ်၏။ ဂဟဋ္ဌာနံ၊ လူတို့၏။ အတ္ထာနေ၊ ၏။ သန္တကံ၊ ကို။ အဒါတုကာမတာယ၊ မပေးခြင်းငှာ အလိုရှိသည်၏အဖြစ်ဖြင့်။ မေ၊ အား။ ခနံ၊ သည်။ နတ္ထိ၊ မရှိ။ ဣတိအာဒိနယပဝတ္တော၊ ဤသို့အစရှိသောနည်းဖြင့် ဖြစ်သော။ မုသာဝါဒေါ၊ သည်။ အပ္ပသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။ သက္ခိနာ၊သက်သေသည်။ ဟုတ္ဝာ၊ ၍။ အတ္ထဘဉ္ဇနတ္ထံ၊ အကျိုးကို ဖျက်ဆီးရခြင်းငှာ။ ဝါ၊ အကျိုးကိုဖျက်ဆီးရခြင်း အကျိုးငှာ။ ဝုတ္တော၊ ပြောဆိုအပ်သော။ မုသာဝါဒေါ၊ သည်။ မဟာသာဝဇ္ဇော၊ သည်။ ဟောတိ၊ ၏။ ပဗ္ဗဇိတာနံ၊ ရဟန်းတို့၏။ အပ္ပကမ္မိ၊ အနည်းငယ်သော်လည်း ဖြစ်သော။ တေလံဝါ၊ ဆီကိုသော်လည်းကောင်း။ သပ္ပိံဝါ၊ထောပတ်ကိုသော်လည်းကောင်း။ လဘိတ္ဝာ၊ ရခဲ့၍၊ ဟသာဓိပ္ပါဓေယန၊ မြူးထူးပျော်ပါးခြင်းကို အလိုရှိသဖြင့်။ အဇ္ဇ၊ ယနေ့။ ဝါ၊ ဣဒါနေ့။ ဝါမေ။ ၌။ တေလံ၊ သည်။ နဒီမညေ၊ မြစ်ကဲ့သို့။ သန္ဒတိ၊ စီးခဲ့၏။ ဣတိ၊ သို့။ ပူရဏကထာနယေန၊ ပူရဏကထာနည်းဖြင့်။ဝါ၊ မဖြစ်လောက်မှုယ် အနည်းငယ်ကို ကြီးကျယ်အောင် ထည့်လောင်းဖြည့်စွက်ခြင်း၏ အစွမ်းအားဖြင့်ဖြစ်သော စကားနည်းဖြင့်။ပဝတ္တော၊ သော။ မုသာ

http://www.dhammadownload.com

ဝါဒေါ် သည်။ အပ္ပသာဝဇ္ဇော၊ သည်း ဟောတိ၊ ၏။မန၊ အဘို့တစ်ပါး.... ပြအံ့။ အဓိဋ္ဌေယော၊ မမြင်အပ်သော အကြောင်းကိုသာလျှင်။ ဝါ၊ မမြင်အပ်ဘဲလျက်သာလျှင်း မေ၊ သည်။ ဒိဋ္ဌံ၊ အပ်ပြီ၊ ဣတိအာဒိနာ၊ သော။ နယေန၊ ဖြင့်။ ဝဒန္တာနံ၊ ပြောဆိုတတ်ကြကုန်သော။ဘိက္ခူနံ၊ ဘို့၏။ မုသာဝါဒေါ် သည်။ မဟာသာဝဇ္ဇော၊ သည်း ဟောတိ၊ ၏။

တဿမုသာဝါဒဿ၊ ထိုမုသာဝါဒ၏။ ဝါ၊ ထိုချုတ်ယှင်းဖောက်ပြန် မဟုတ်မမှန်သော ကာယပယောဂ့ ဝစီပယောဂဖြင့် သိစေကြောင်း ဖြစ်သော စေတနာ၏။ ဝါ၊ ထိုချုတ်ယှင်းဖောက်ပြန် မဟုတ်မမှန်သော ကာယပယောဂ့ ဝစီပယောဂကို ဖြစ်စေကြောင်းဖြစ်သော စေတနာ၏။ ဝါ၊ ထိုချုတ်ယှင်းဖောက်ပြန် မဟုတ်သောဝတ္ထုကို ဟုတ်မှန်သောအားဖြင့် ပြောဆိုကြောင်းဖြစ်သော စေတနာ၏။ သမ္မာဇာ၊ တို့သည်။ အတထံ၊ ချုတ်ယှင်းဖောက်ပြန် မဟုတ်မမှန်သော။ ဝတ္ထု၊ ဝတ္ထုလည်းကောင်း။ ဝိသံဝါဒနစိတ္တံ၊ ချုတ်ယှင်းစေကြောင်းဖြစ်သောစိတ်လည်းကောင်း။ တဇ္ဇော၊ ထိုချုတ်ယှင်းစေခြင်းဟူသော အခြင်းအရာအားဖြင့် ဖြစ်သော။ ဝါ၊ ထိုချုတ်ယှင်းစေခြင်းအားလျော်သော။ ဝါယာမော၊ လုံ့လလည်းကောင်း။ပရဿ၊သော။ ပုဂ္ဂလဿ၊ ၏။ တဒတ္ထဝိဇာနနံ၊ ထိုပြောဆိုအပ်သော စကား၏အနက်ကို သိခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။စတ္တာရော၊ တို့သည်။ ဟောန္တိ၊ကုန်၏။ ပယောဂေါ် သည်။ သာဟတ္ထိကော၁၀၊ ကသည်သာလျှင်။ ဧကော၊ သော။ ပယောဂေါ် ပင်တည်း။

သောသာဟတ္ထိကော၊ ကို။ ကာယေနဝါ၊ ဖြင့်သော်လည်းကောင်း။ ကာယပဋိဗဒ္ဓေနဝါ၊ ကိုယ်နှင့်စပ်သော ဝတ္ထု ဖြင့်သော်လည်းကောင်း။ ဝါ စာယဝါ၊ နှုတ်ဖြင့်သော်လည်းကောင်း။ ပရဝိသံဝါဒန ကြိယာကရဏေန၊ တစ်ပါးသော ပုဂ္ဂိုလ်ကိုချုတ်ယှင်းစေတတ်သော အမှုအရာကို ပြုခြင်းဖြင့်။ ဒဋ္ဌဗ္ဗော၊ ရှုမှတ်အပ်၏။ တာယကြိယာယ၊ ထိုတစ်ပါးသောပုဂ္ဂိုလ်ကို ချုတ်ယှင်းစေသောအမှုအရာဖြင့်။ ပရော၊ သော။ ပုဂ္ဂလော၊ သည်။ တမတ္ထံ၊ ထိုပြောဆိုအပ်သောစကား၏ အနက်ကို။ စေဇာနာတိ၊ အကယ်၍သိခဲ့အံ့။ ဧဝံဇာနန္တော၊ ဤသို့သိခဲ့သည်ရှိသော်။ အယံပုဂ္ဂလော၊ ဤချုတ်ယှင်း စေတတ်သောပုဂ္ဂိုလ်သည်။ ဝါ၊ ဤချုတ်ယှင်းစေတတ်သောပုဂ္ဂိုလ်ကို။ ကြိယာသမုဋ္ဌာပကစေတနာကွဇေယော၊ ချုတ်ယှင်းစေခြင်း အမှုအရာကို ဖြစ်စေတတ်သောစေတနာ၏ ခဏ်ဒ်သာလျှင်။ မုသာဝါဒကမ္မုနာ၊ မုသာဝါဒကံနှင့်။ ဝါ၊ မုသာဝါဒကံသည်။ ဗဇ္ဈတိ၊ စပ်၏။ ဝါ၊ ကပ်ငြိ၏။ဝါ၊ ဖွဲ့အပ်၏။

http://www.dhammadownload.com

ပန၊ အာဘော်တိမ်မြုပ်၊ အဓိပ္ပာယ်ငုတ်ကို၊ ဖော်ထုတ်ယူမှု၊ ထင်အောင်ပြုအံ့၊ ယသ္မာ၊ ကြောင့်၊ ကာယ ကာယပဋိဗဒ္ဓဝါစာဟိ၊ ကိုယ့် ကိုယ်နှင့်စပ်သော၀တ္ထု၊ နှုတ်တို့ဖြင့်။ ပရံ၊ သော။ ပုဂ္ဂလံ၊ ကို။ ဝိသံ၀ါဒေတိယထာ၊ ချုတ်ယွင်းစေသကဲ့သို့၊ တထာ၊ တူ။ တံ၊ သည်။ အဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ဣဒံ၀စနံ၊ ကို။ ဘဏာဟိ၊ ဆိုလိုက်လော့။ ဣတိ၊ သို့။ အာဏာပေန္တော၊ စေခိုင်းသော၊ ပုဂ္ဂလော၀ိ၊ ပုဂ္ဂိုလ်သည် လည်းကောင်း၊ ပဏ္ဍံ၊ သစ်ရွက်ကို။ အာကဍ္ဎေန၊ အကွာရှုဖြင့်။ လိခိတ္၀ာ၊ ရေးချ၍၊

(တစ်နည်း)။ ။ပဏ္ဍံ၊ ၌။ အာကဍ္ဎံ၊ ကို။ လိခိတ္၀ာ၊ ၍။ ပုရတော၊ ရှေ့၌။ နိဿဇ္ဇန္တော၊ စွန့်လွှတ်သော၊ ပုဂ္ဂလော၀ိ၊ သည်လည်းကောင်း။ အယံ အတ္ထော၊ ဤအနက်ကို၊ ဝေါ၊ သို့၊ ဒဋ္ဌဗ္ဗော၊ ၏။ ဣတိ၊ သို့။တီရောကုဋ္ဋာဒီသု၊ နံရံတဘက်အစရှိသည်တို့၌။ လိခိတ္၀ာ။ ၍။ ထပန္တော၊ ထားသော၊ ပုဂ္ဂလော၀ိ သည်လည်းကောင်း။ ဝိသံ၀ါဒေတိ၊ ချုတ်ယွင်းစေသည်သာ။ တသ္မာ၊ ထိုသို့ စေခိုင်းသော ပုဂ္ဂိုလ်၊ စွန့်လွှတ်သောပုဂ္ဂိုလ်၊ ထားသောပုဂ္ဂိုလ်တို့၏ ချုတ်ယွင်းစေသည်၏ အဖြစ်ကြောင့်။ တေတေသ္မိံ သိက္ခာပဒေ၊ ဤမုသာ၀ါဒသိက္ခာပုဒ်၌။ အာဏာတ္တိက နိဿဂ္ဂိယ ထာ၀ရာ၊ စေခိုင်းခြင်း၊ စွန့်လွှတ်ခြင်း၊ မြဲမြံတည်တံ့ အရှည်ခံ ကုန်သော။ ပယော၀ါ၀ိ၊ ပယော၀တ္ထိုသည်လည်း။ ယုဇ္ဇန္တိ၊ သင့်မြတ်ကုန်သည်သာ။ ပန၊ ထိုသို့ပင် သင့်မြတ်ပါကုန်သော်လည်း။ အဋ္ဌကထာသု၊ တို့၌။ တေသံ ပယော၀ါနံ၊ တို့၏။ အနော၀တတ္တာ၊ မလာကုန်သည်၏အဖြစ်ကြောင့်။ တေပယော၀ါ၊ တို့ကို။ ဝိမံသိတ္၀ာ၊ စုံစမ်း၍။ ဂဟေတဗ္ဗာ၊ ယူအပ်ကုန်၏။ ယော၀ာဘ၀၀ါ၊ သည်။ သစ္စံ၊ မှန်သောစကားကိုသာ။ ၀ဒတိ၊ ဆိုတော်မူတတ်၏။ ဣတိတသ္မာ၊ထို့သို့မှန်သောစကားကိုသာဆိုတော်မူတတ်သည်၏အဖြစ်ကြောင့်။ သော၀ာဘ၀၀ါ၊ သည်။ သစ္စ၀ါဒီ၊ သစ္စ၀ါဒီမည်တော်မူ၏။ ယော၀ာဘ၀၀ါ၊သည်။ သစ္စေန၊ မှန်ကန်သောရှေးစကားနှင့်။ သစ္စံ၊ မှန်ကန်သောနောက်စကားကို၊

(တစ်နည်း)။ ။သစ္စေန၊ မှန်ကန်သောနောက်စကားနှင့်။ သစ္စံ၊ မှန်ကန်သော ရှေစကားကို။ သန္ဒဟတိ၊ စပ်တတ်၏။ ဃဋ္ဋေတိ၊ စပ်တတ်၏။ ဣတိသ္မာ၊ ထို့သို့မှန်ကန်သော ရှေစကားနှင့် မှန်ကန်သော နောက်စကားကို စပ်တော်မူတတ်သည်၏ အဖြစ်ကြောင့်။ ၀ါ၊ မှန်ကန်သော နောက်စကားနှင့် မှန်ကန်သော ရှေစကားကို စပ်တော်မူတတ်သည်၏အဖြစ်ကြောင့်။ သော၀ာဘ၀၀ါ၊ သည်။ သစ္စသန္ဓေါ၊ သစ္စသန္ဓမည်တော်မူ၏။ ယော၀ာဘ၀၀ါ၊ သည်။ အန္တရန္တရာ၊ အကြား အကြား၌။ ၀ါ၊ ကြိုကြားကြိုကြား။ မုသာ၊ ချုတ်

http://www.dhammadownload.com

ယွင်းဖေဝက်ပြန် မဟုတ် မမှန်သော စကားကို။ နှဘဏ္ဍတိ၊ ဆိုတော်မမူတတ်။ ဣတိတသ္မာ၊ ထိုသို့အကြောင်းအကြောင်း၌ ချုတ်ယွင်းဖေဝက်ပြန် မဟုတ်မမှန်သော စကားကို ဆိုတော်မမူတတ်သည်၏ အဖြစ်ကြောင့်။ သောဘဂဝါ၊ သည်။ သစ္စသန္ဓော၊ မည်တော်မူ၏။ ဣတိအယံ၊ သည်ကား။ အတ္ထော၊ တည်း။

အဟိ၊ အလ္ဟန်ကျဉ်းဘိ....ပိမ့်။ ဟိယသ္မာ၊ ကြောင့်။ ယောပုရိသော။ အကြင်ယောကျ်ားသည်။ ကဒါစိ၊ တစ်ရံတစ်ခါ။ မုသာ၊ ကို။ ဝဒတိ၊ ပြော ဆိုတတ်၏။ ကဒါစိ၊ တစ်ရံတစ်ခါ၊ သစ္စံ၊ ကို။ ဝဒတိ၊ ဘတ်၏။ တဿပုရိသဿ၊ ၏။ သစ္စဿ၊ မှန်သောသစ္စာစကား၏။ မုသာဝါဒေန၊ ဖြင့်။ အန္တရိကတ္တာ၊ ခြားသည်၏အဖြစ်ကြောင့်။ သစ္စံ၊ မှန်ကန်သော နောက်စကားကို။ သဒ္ဓေန၊ မှန်ကန်သောရှေစကားနှင့်။ နယဋ္ဌိယတိ၊ မစပ်အပ်။ တသ္မာ၊ ထိုသို့ မှန်ကန်သောနောက်စကားကို မှန်ကန်သောရှေစကားနှင့် မစပ်အပ်သည်၏ အဖြစ်ကြောင့်။ သောပုရိသော၊ သည်။ သစ္စသန္ဓော၊ သစ္စသန္ဓမည်သည်။ နဟောတိ၊ ဖြစ်သည်မဟုတ်။ ပန၊ အဟုတ်ကား။ အယံဘဂဝါ၊ သည်။ တာဒိသော၊ ထိုကဲ့သို့ ဤအပ်သော မုသားကြောင်းညှပ်၍ ပြောဆိုခြင်းသဘောရှိသည်။ နဟောတိ၊ ဖြစ်တော်မူသည်မဟုတ်။ ဇိဝိတဟေတုပိ၊ အသက်ဟူသော အကြောင်းကြောင့်လည်း။ မုသာ၊ ကို။ အဝတ္ထာ၊ မဆိုမူ၍။ သဒ္ဓေန၊ မှန်ကန်သောနောက်စကားနှင့်။ သစ္စံ၊ မှန်ကန်သော ရှေစကားကို။ သန္ဒဿတိ ယေဝ၊ စပ်တော်မူတတ်သည်သာ။ ဣတိဘသ္မာ၊ ထိုသို့မှန်ကန်သောနောက် စကား မှန်ကန်ကန်သော ရှေစကားကို စပ်တော်မူတတ်သည်၏ အဖြစ် ကြောင့်။ သစ္စသန္ဓော၊ မည်တော်မူ၏။ တေဘာဟိ၊ ဟူသည်ကား။ ထိရော၊ မြဲမြံတည်တံ့အရှည်ခံသော စကားရှိတော်မူသည်။ ဟောတိ၊ မူ၏။ ဣတိ အယံ၊ သည်ကား။ အတ္ထော၊ တည်း။

ဟိ၊ အလ္ဟန်ကျဉ်းဘိ....ချုပိမ့်၊ ဟလိဒ္ဒိရာဂေါ၊ နန္ဒင်းဖြင့်ဆိုးခြင်းသည်။ ဝါ။ နန္ဒင်းဖြင့်ဆိုးအပ်သော အထည်ဝတ္ထုသည်။ ဌိတော၊ မြဲမြံဘည်တံ့ အရှည်ခံ့သည်။ နဟောတိဝိယစ၊ မဖြစ်သကဲ့သို့လည်းကောင်း။ ထုသရာသိမှိ၊ ဖုံပုံစုဌ်။ နိက္ခိတ္တခါဏုကော၊ မြှုပ်စိုက်အပ်သော သစ်ငုတ်သည်။ ဌိတော၊ သည်။ နဟောတိဝိယစ၊ ကဲ့သို့လည်းကောင်း။ အဃပိဋ္ဌေ၊ မြင်းကျောက်ကုန်း၌။ ထပိတကမ္မဏ္ဍံ၊ ထားအပ်သော ဖရုံသီးသည်။ ဌိတိ၊ သည်။ နဟောတိဝိယစ၊ သကဲ့သို့လည်းကောင်း။ တထာ၊ တူ။ ဧကော၊ အချို့သော။ ပဂ္ဂလော၊ သည်။ ဌိတကထော၊ မြဲမြံတည်တံ့ အရှည်ခံ့သော စကားရှိသည်။ နဟောတိ၊ မဖြစ်၊ ပါသာဏလေခါ၊ ကျောက်ဌ်ရေးအပ်သော အက္ခရာသည်။ ဌိတာ၊ မြဲမြံတည်

http://www.dhammadownload.com

တံ့ အရှည်ခံ့သည်၊ ဟောတိဝိယစ၊ ဖြစ်သကဲ့သို့လည်းကောင်း။ ဣန္ဒ်ခီ လော၊ တံခါးခုံသည်။ ဌိတော၊ သည်။ဟောတိဝိယစ၊သကဲ့သို့လည်းကောင်း။ တထာ၊ တူ။ ဧကော၊ သော၊ ပုဂ္ဂလော၊ သည်။ ဌိတကထော၊ ရှိသည်။ ဟောတိ၊ ၏။ အသိန၁၊ သန်လျက်ဖြင့်၊ သိဆော၊ ဦးခေါင်းကို။ ဆိုင္ဒန္တေပိ၊ ဖြတ်အပ်ပင် ဖြတ်အပ်ပါသော်လည်း။ ဒွေ၊နှစ်ခွန်းကုန်သော၊ ကထာ၊စကား တို့ကို။ နကထေတိ၊ မပြောဆိုတတ်။ အယံပုဂ္ဂလော၊ ကို။ ထေတော၊ထေတ ဟူ၍။ ဝါ၊ မြဲမြံတည်တံ့ အရှည်ခံ့သောစကားရှိသော ပုဂ္ဂိုလ်ဟူ၍၊ဝုစ္စတိ၊ ဆိုအပ်၏။ *ပစ္စယိကောတိ၊ ကား။ ပတ္တိယာယိတပ္ပကော၊ ယုံကြည်ခြင်းဖြင့် ရောက်အပ်သောစကားရှိသည်။ ဝါ၊ယုံကြည်ခြင်းဖြင့်ဖြစ်စေအပ်သောစကား ရှိသည်။ သဒ္ဓါယိတပ္ပကော၊ သဒ္ဓါဖြင့် ရောက်အပ်သောစကားရှိသည်၊ ဝါ၊

---

*မှတ်ချက်။ ။ပြစ္စယိကောတိ ပတ္တိယာယိတပ္ပကော။ ။ဟု အသဒိသဒ္ဒေဘော်နှင့်မူတို့၌ ပါဠိရှိကြ၏။ပစ္စယိကော-ပုဒ်ကို ပုဒ်ဖြတ် ခဲ့လျှင် ပတိ+အယိကော ဖြစ်၍။ ။ပတိယာယိတပ္ပကော။ ။ဟု ဒွေဘော်ကင်းမဲ့လျက်-ပါဠိမှန်ဖြစ်တန်ရာ၏၊ ။သိလက္ခန်ဋီကာသစ် ၌ကား။ ။ပတ္တိသခ်ါတာ သဒ္ဓါအယတိ ပဝတ္တတိ ဇော်ဘာတိ ပစ္စယိ ကောတိအာဟ-ပတ္တိယာယိတပ္ပကောတိ။ပတ္တိယာ အယိတပ္ပာ ပဝတ္တော တပ္ပာတိ ပတ္တိယာယိတပ္ပာယကာရာဂမေန၊ ဝါစာ၊ သာတေဿာတိ ပတ္တိယာယိတပ္ပကော။ တေနာဟသဒ္ဓါယိတပ္ပကောတိ။ ။ဟု သဒိသ ဒွေဘော်နှင့် ပတ္တိ-ပုဒ်ကို ဆိုပြန်၏။ ။နပရံပစ္စေတိ ပတ္တိယာယတိ တိ အပရပ္ပစ္စယောတိပိယုဇ္ဇတိ။ ။ဟု အသဒိသဒ္ဒေဘော်နှင့်ဖွင့်ပြန်၏။ သာမညကဏ္ဍ-အနေကတ္ထဝဂ်-အဘိဓာန်၌။ ။ဏာဒေါသဒ္ဓါစီဝရာဒိ၊ ဟတ္ထာဓာရေသုပစ္စယော။ ။ဟု ပစ္စယ-သဒ္ဒါ၏ ဏ-စသော ပစ္စည်း အနက်၊ ယုံကြည်ခြင်း သဒ္ဓါအနက်၊ သက်နှံးစသော ပစ္စည်းအနက်၊ အကြောင်းဟူသော ဟေတုအနက်၊ သာဓုကာဟူသော အာဒရအနက် တို့၌ ဖြစ်၏ဟုဆိုရာ ပစ္စယိကော-ဟူသော်လျှင်ပါဠို၌ ပစ္စယ-သဒ္ဓါသည် လည်း-သဒ္ဓါအနက်၌ပင် ဖြစ်၏။ သို့ဖြစ်၍ ငါတို့ကား။ ။ပတိအယ တိ သဒ္ဓါတ္ထောတိ ပစ္စယော။ ပစ္စယောဝေ ပစ္စယိတော။ ။

အတ္ထာနံဝါ ပဋိစ္စ အယတိ ပဝတ္တတီတိ ပစ္စယော၊ သဒ္ဓါ။ ပစ္စယော အဿအတ္ထီတိ ပစ္စယိဂကာ။ ။ဟူ၍ပြုမှ သင့်လျော်မည်ဟု ထင်မိပေကုန်၏။ ။သို့မဟုတ်။ ။ပစ္စေတပ္ပာ သဒ္ဓါယိတပ္ပာတိ

http://www.dhammadownload.com

သဒ္ဒါဖြင့် ဖြစ်စေအပ်သောစကားရှိသည်။ ဝါ၊ ယုံကြည်အပ်, ယုံကြည်သင့်, ယုံကြည်ထိုက်သောစကားရှိသည်။ ဟောတိ၊ မူ၏။ ဣတိအယံ၊ သည်ကား။ အတ္ထော၊ တည်း။

ဟိ၊ အလွန်ကျဉ်းဘိ....ခဲ့ပြီမှ်။ ကေစ္စော၊ အချို့သော။ ပဂ္ဂလော၊သည်။ ပစ္စယိကော၊ ယုံကြည်ခြင်း၏ ဖြစ်ရာသည်။ ဝါ၊ ယုံကြည်အပ်, ယုံကြည်သင့်, ယုံကြည်ထိုက်သော စကားရှိသည်။ ဝါ၊ ခုံတည်အပ်, ခုံကည်သင့်, ခုံတည်ထိုက်သော စကားရှိသည်။ နဟောတိ၊ မဖြစ်။ ဣဒံ ဝစနံ၊ ဤစကားကို။ ကေန၊အဘယ်ပုဂ္ဂိုလ်သည်။ ဝုတ္တံ၊ ဆိုအပ်သနည်း။ ဣဒံဝစနံ၊ကို။ အသုကေန၊ ထိုအမည်ရှိသောပုဂ္ဂိုလ်သည်။ ဝုတ္တံ၊ဆိုအပ်ပြီ။ ဣတိ၊သို့။ ဝုတ္တော၊ပြောဆိုအပ်သည်ရှိသော်။ တုမှေ၊တို့လည်။ တဿပုဂ္ဂလဿ၊၏။ ဝစနံ၊ စကားကို။

ပစ္စယာ၊ ကထာ။ ပစ္စယာ အဿအတ္ထိတိ ပစ္စယိကော၊ အထဝါ ပစ္စေတဗ္ဗော သဒ္ဓါယိတဗ္ဗောတိ ပစ္စယော၊ ပုဂ္ဂလော။ ပစ္စယောဧဝ ပစ္စယိကော။ ။ဟူ၍သော်လည်းပြု၍မည်။ ။ထွေတေသ္မိံ ပုဂ္ဂလေ၊ ဤပုဂ္ဂိုလ်၌၊ သဒ္ဓါ၊ သဒ္ဓါသည်။ ဝါ၊တစ်ပါးသော ပုဂ္ဂိုလ်တို့၏ ယုံကြည်ခြင်းသည်။ ပတိအာဒီတိ၊မိမိကိုစွဲ၍ဖြစ်တတ်၏။ ဝါ၊မိမိကိုမှီ၍ဖြစ်တတ်၏။ ဣတိတသ္မာ၊ ထိုသို့ တစ်ပါးသောပုဂ္ဂိုလ်တို့၏ ယုံကြည်ခြင်း၏ မိမိကိုမှီ၍ဖြစ်ရာ၏ အဖြစ်ကြောင့်။ သောပုဂ္ဂလော၊ သည်။ ပစ္စယော၊မည်၏။ပစ္စယောဧဝ၊တစ်ပါးသောပုဂ္ဂိုလ်တို့၏ယုံကြည်ခြင်း၏ မိမိကိုမှီ၍ ဖြစ်ရာဖြစ်သော ပုဂ္ဂိုလ်သည်သာလျှင်။ ဏိကပစ္စယဿ၊ ဏိကပစ္စည်း၏။ သကတ္တ ဝုတ္တိတ္တာ၊ မိမိဥစ္စာဖြစ်သော ပုဒ်နက်၌ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ ပစ္စယိကော၊မည်၏။ ဝါ။တစ်နည်းကား။ယာသဒ္ဓါ၊အကြင်သဒ္ဓါသည်။ ဝါ၊အကြင်တစ်ပါးသော ပုဂ္ဂို၊လ်တို့၏ ယုံကြည်ခြင်းသည်။ အတ္တာနံ၊ မိမိကို။ ပဋိစ္စ၊စဲ့၍။ ဝါ၊ မှီ၍။ အယတိ ပဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိတသ္မာ၊ ကြောင့်။ သာသဒ္ဓါ၊ သည်။ ပစ္စယော၊မည်၏။ သဒ္ဓါ၊ကို။ လဇ္ဇတိ၊ ရအပ်၏။ (တစ်နည်း) သဒ္ဓါ၊သဒ္ဓါသည်။ ပစ္စယော၊မည်၏။ ။(တစ်နည်း)။ ။ပစ္စယော၊ ပစ္စယဟူသည်။ သဒ္ဓါ၊ သဒ္ဓါတည်း။ အဿပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ပစ္စယော၊မိမိကိုမှီ၍ဖြစ်တတ်သောသဒ္ဓါသည်။ အတ္ထိ၊၏။ ဣတိတသ္မာ၊ ကြောင့်။သောပုဂ္ဂလော၊သည်။ ပစ္စယိကော၊မည်၏။ ။ဟု ယောဇနာရာ၏။ ။စုံစမ်း၍ ယူရာ၏။]

http://www.dhammadownload.com

မာဿန္ဒဟထ၊ မယုံကြည်ကြကုန်လင့်။ ဣတိ၊ သို့။ ဝတ္တဗ္ဗတံ၊ ဆိုအပ့် ဆိုသင့့် ဆိုထိုက်သည်၏ အဖြစ်သို့။ အာဝုဇ္ဇတိ၊ရောက်၏။ ကောဓ၊သော။ ပုဂ္ဂလော၊ သည်။ ပစ္စယိကော၊သည်။ ဟောတိ၊ ၏။ ဣဒံ ဝစနံ၊ကို။ ကေန၊ သည်။ ဝုတ္တံ၊ နည်း။ ဣဒံ ဝစနံ၊ကို။ အသုကေန၊ သည်။ ဝုတ္တံ၊ အပ်ပြီ။ ဣတိ၊ သို့။ ဝုတ္တော၊ သော်။ ဣဒံ ဝစနံ၊ကို။ တေနပုဂ္ဂလေန၊သည်။ ယဒိဝုတ္တံ၊ အကယ်၍ ပြောဆို အပ်ခဲ့အံ့။ ဧဝံသတိ၊ဤသို့ပြောဆိုအပ်သည်ရှိသော်၊ ဣဒမေဝ ဝစနံ၊ထိုပုဂ္ဂိုလ် ပြောဆိုအပ်သော ဤစကားသည်သာလျှင်။ ပမာဏံ၊နှိုင်းယှဉ်ကြောင်းတည်း။ ဣဒါနိ၊၌။ ဥပပရိက္ခိတဗ္ဗံ၊စုံစမ်းဆင်ခြင်ဖွယ်သည်။ နတ္ထိ၊မရှိတော့ပြီ။ ဣဒံဝ စနံ၊ ထိုပုဂ္ဂိုလ် ပြောဆိုအပ်သော ဤစကားသည်။ ဧဝမေဝ၊ဆိုတိုင်းမှန်သည် သာ၊ ဣတိ၊သို့။ ဝတ္တဗ္ဗတံ၊သို့။ အာဝုဇ္ဇတိ၊၏။ အယံပုဂ္ဂလော၊ကို။ ပစ္စယိကော၊ ပစ္စယိက ဟူ၍။ ဝါ၊ ယုံကြည် ခြင်း ရှိ ရာ ဟူ ၍။ ဝါ၊ ယုံကြည်အပ် ယုံကြည်သင့်,ယုံကြည်ထိုက်သော စကားရှိသောပုဂ္ဂိုလ်ဟူ၍။ ဝုစ္စတိ၊၏။ အဝိ သံဝါဒကော လောကဿာတိ၊ ကား။ တာဃသစ္စဝါဒိတာဃ၊ ထိုမှန်သော စကားကိုသာ ဆိုတော်မူတတ်သည်၏ အဖြစ်ကြောင့်။ လောကံ၊သတ္တလောက ကို။ နဝိသံဝါဒေတိ၊ ချွတ်ယွင်းစေတော်မမူတတ်။ ဣတိအပေါ်၊ သည်ကား။ အတ္ထော၊တည်း။ ပိသုဏဝါစံ ပဟာယာတိ အာဒီသု၊ ဤသို့အစရှိသော ပါဠိ တို့၌။ အဝယဝတ္ထော၊ ကို။ ဧဝံ၊ ဖြင့်။ ဧဝဒိတဗ္ဗော၊ ၏။ ယာယဝါစာယ၊ အကြောင်စကားဖြင့်။ ယာသပုဂ္ဂလဿ၊ အကြောင်ပုဂ္ဂိုလ်အား။ တံဝါစံ၊ ထိုစကား ကို၊ ဘာသတိ၊ ပြောဆို၏။ တဿပုဂ္ဂလဿ၊ ၏။ ဟဒယေ၊ စိတ်နှလုံး၌။ အတ္တနော၊မိမိ၏။ ပိယဘာဝဥ္စ၊ ချစ်အပ်သည်၏ အဖြစ်ကို လည်းကောင်း။ ပရဿ၊ သော။ ပုဂ္ဂလဿ၊ ၏။ ပိယတော၊ ချစ်အပ်သည်၏အဖြစ်မှ။ သုဉ္ဉ ဘာဝဥ္စ၊ ကင်းဆိတ်သည်၏ အဖြစ်ကို လည်းကောင်း။ ကရောတိ၊ ပြုတတ်၏။ သာဝဝါစာ၊ ထိုမိမိကို ချစ်အပ်သည်၏အဖြစ်ကို ပြုကြောင်း, တစ်ပါးသော

---

